ဘွဲ့လွန်၊ GCE (O"Level) နှင့် TOEFL စာမေးပွဲ
ဖြေဆိုမည့်သူတိုင်း အားထားရာ

# အင်္ဂလိပ် ဝါကျဖွဲ့နည်းမျိုးစုံ

## PRACTICE WITH EXERCISES

ရှင်းလင်းချက်၊ လေ့ကျင့်ခန်းများနှင့် အဖြေစုံ

# ဟိုန်းလတ်

**B.Sc, D.L.S, P.G.D.S.W., L.P.T ( Canberra )**

# ဟိန်းလတ်

B.Sc, D.L.S, P.G.D.S.W., L.P.T ( Canberra )

# အင်္ဂလိပ် ဝါကျဖွဲ့နည်းမျိုးစုံ

## PRACTICE WITH EXERCISES

ရှင်းလင်းချက်၊ လေ့ကျင့်ခန်းများနှင့် အဖြေစုံ

ဤစာအုပ်သည် ၈ ၊ ၉ ၊ ၁၀ အဆင့်ကျောင်းသားများအတွက် သာမက ဘွဲ့ကြို ၊ ဘွဲ့လွန်အဆင့် ၊ မိမိဘာသာ အင်္ဂလိပ်စာကို လေ့လာလိုသူများအတွက်ပါ တစ်သက်လုံးအားထားစရာအဖြစ် ရည်ရွယ်ပြုစုထားပါသည်။

ထို့အပြင် လန်ဒန်မှ စစ်မေးသော GCE (O-Level) စာမေးပွဲ အမေရိကန်မှစစ်မေးသော TOEFL စာမေးပွဲများနှင့် မေးခွန်းများကိုလည်း ထည့်သွင်းဖော်ပြထားရာ ကမ္ဘာ့အဆင့်မီ အင်္ဂလိပ်ဘာသာစကားကို အဆင့်မီစွာ လေ့လာဆန်းစစ်ကြည့်နိုင်ပါသည်။

သင်ခန်းစာတိုင်းကို ဆရာတစ်ယောက် အနီးကပ်ရှင်းပြနေသလို ရှင်းလင်းချက် အပြည့်အစုံ ပေးထားသည်သာမက၊ လေ့ကျင့်ခန်းတိုင်း အတွက်လည်း အဖြေစုံအသင့် ဖြေဆိုပြထားပါသဖြင့် အင်္ဂလိပ် ဘာသာစကားမှ ဝါကျဖွဲ့ထုံးပုံစံများကို အလွယ်တကူ အကျိုးရှိရှိ လေ့လာနိုင်ကြမည်ဟု ယူဆပါသည်။

## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသည့်အကြိမ်
ပထမအကြိမ်၊ ဇန်နဝါရီလ၊ ၂၀၂၂။

ထုတ်ဝေသူ
ဦးလပြည့်ဝေး (ဆန်းစသော်တာ – ၀၀၁၀၃)
တိုက်(၁၀)၊အခန်း ၆၇၊ ၇ လွှာ၊ ၆ရပ်ကွက်
ပြည်ရိပ်မွန်အိမ်ရာ၊ကမာရွတ်မြို့နယ်။

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ

ဦးလပြည့်ဝေး (လပြည့်လင်းပုံနှိပ်တိုက် – ၀၁၃၆၉)
အမှတ် – ၁၁ (အိပ်ချ်)၊ ၅၅လမ်း၊အလယ်၊ ပုဇွန်တောင်မြို့နယ်။

မျက်နှာဖုံး

ဇေယျတု

အုပ်ရေ ၅၀၀

တန်ဖိုး ၄၀၀၀ ကျပ်

ဖြန့်ချိရေး

ဩကာသစာပေ
ဖုန်း – ၀၉ ၅၅၀၁၇၂၄၊ ၀၉၅၁၅၈၅၁၂

ဘွဲ့ကြို၊ ဘွဲ့လွန်၊ G.C.E (O-Level) နှင့် T.O.E.F.L.
စာမေးပွဲဖြေဆိုမည့်သူတိုင်း အားထားရာ

# အင်္ဂလိပ်ဝါကျဖွဲ့နည်းမျိုးစုံ

# PRACTICE WITH EXERCISES

ရှင်းလင်းချက်၊ လေ့ကျင့်ခန်းများနှင့် အဖြေစုံ


## ဟိန်းလတ်

**B.Sc., D.L.S, P.G.D.S.W., L.P.T (Canberra)**

# မာတိကာ


| | | | |
|---|---|---|---|
| | | စာရေးသူ၏ အမှာစာ | ၇ |
| အခန်း | (၁) | Is it / Is there ထပ်မံလေ့လာရန် | |
| | | ဥပမာများ၊ လေ့ကျင့်ခန်းများ | ၁၀ |
| | | It / There / They တို့၏ ခြားနားချက်များ | |
| | | လေ့ကျင့်ခန်းများ | ၁၃ |
| အခန်း | (၂) | Why? / What ... for? | |
| | | လေ့ကျင့်ခန်း | ၁၅ |
| အခန်း | (၃) | What.... like? လေ့ကျင့်ခန်း | ၁၆ |
| အခန်း | (၄) | What ဖြင့်မေးသော စကားပြောပုံစံမျိုးစုံ | ၁၇ |
| အခန်း | (၅) | How ဖြင့်မေးသော စကားပြောအသုံးအနှုန်း | |
| | | မေးခွန်းများ | ၂၁ |
| အခန်း | (၆) | အထွေထွေစကားပြောအသုံးအနှုန်း မေးခွန်းများ | ၂၅ |
| | | လေ့ကျင့်ခန်း | ၂၆ |
| အခန်း | (၇) | If ကို အသုံးပြုခြင်း၊ လေ့ကျင့်ခန်း | ၂၇ |
| အခန်း | (၈) | The အသုံးအနှုန်းများ၊ ခြွင်းချက်များ၊ လေ့ကျင့်ခန်း | ၂၈ |
| အခန်း | (၉) | Must နှင့် Needn't လေ့ကျင့်ခန်း | ၃၂ |
| အခန်း | (၁၀) | If ပုံစံများ၊ လေ့ကျင့်ခန်း | ၃၅ |
| အခန်း | (၁၁) | If နေရာတွင် အစားထိုးနိုင်မည့် စာလုံးများ | ၃၇ |

| | | | |
|---|---|---|---|
| အခန်း | (၁၂) | If ကို ပြောင်းလွဲသုံးစွဲနည်းများ၊ လေ့ကျင့်ခန်း | ၃၉ |
| အခန်း | (၁၃) | အသုံးများသောဝိဘတ် (Prepositions) များ၊ လေ့ကျင့်ခန်း | ၄၁ |
| အခန်း | (၁၄) | စကားဆက်များ (၁) လေ့ကျင့်ခန်း | ၄၆ |
| | | စကားဆက်များ (၂) လေ့ကျင့်ခန်း | ၄၇ |
| အခန်း | (၁၅) | စကားဆက်များ (၃) လေ့ကျင့်ခန်းနှင့် မှတ်ချက် | ၄၉ |
| အခန်း | (၁၆) | စကားဆက်များ (၄) လေ့ကျင့်ခန်း | ၅၁ |
| အခန်း | (၁၇) | Should, Ought, Used မေးခွန်းပုံစံများ | ၅၃ |
| အခန်း | (၁၈) | What, which, who, whom, that | ၅၅ |
| အခန်း | (၁၉) | -Ing ပုံစံအသုံးအနှုန်းများ (၁) လေ့ကျင့်ခန်း | ၅၇ |
| အခန်း | (၂၀) | အသုံးဝင်သော စကားလုံးများ | ၆၁ |
| အခန်း | (၂၁) | တိုတိုနှင့်ထိမိသော စကားပြော အသုံးအနှုန်းများ | ၆၇ |
| အခန်း | (၂၂) | As well အသုံးအနှုန်းများ၊ လေ့ကျင့်ခန်း | ၇၀ |
| အခန်း | (၂၃) | Too အသုံးအနှုန်း | ၇၂ |
| အခန်း | (၂၄) | Enough အသုံးအနှုန်း | ၇၅ |
| အခန်း | (၂၅) | So / Such ပုံစံများ၊ လေ့ကျင့်ခန်း | ၇၆ |
| အခန်း | (၂၆) | However / No matter how လေ့ကျင့်ခန်း | ၇၈ |
| အခန်း | (၂၇) | Already, still, yet လေ့ကျင့်ခန်း။ | ၈၀ |
| အခန်း | (၂၈) | Negative Adverbs, Adjective, Pronouns ခြွင်းချက်များ | ၈၃ |
| အခန်း | (၂၉) | ကြိယာ၏ -Ing ပုံစံများ၊ ခြွင်းချက်များ။ လေ့ကျင့်ခန်း | ၈၅ |
| အခန်း | (၃၀) | Phrases စကားစုများ၊ လေ့ကျင့်ခန်းများ | ၉၂ |
| အခန်း | (၃၁) | Clauses လေ့ကျင့်ခန်းများ | ၁၁၇ |
| အခန်း | (၃၂) | Sentences: simple, compound and complex လေ့ကျင့်ခန်း | ၁၄၅ |
| အခန်း | (၃၃) | ကြိယာ -Ing ၏ အခြားအသုံးအနှုန်းများ၊ လေ့ကျင့်ခန်း | ၁၅၂ |

အခန်း (၃၄) Mid position adverb လေ့ကျင့်ခန်း ၁၅၆

အခန်း (၃၅) အနာဂတ်အဓိပ္ပာယ်ကို ဆောင်သော ဝါကျပုံစံများ၊ လေ့ကျင့်ခန်း ၁၆၀

အခန်း (၃၆) Inversion in sentences ၁၆၄

အခန်း (၃၇) အာမေဍိတ်များ၊ လေ့ကျင့်ခန်း ၁၆၇

အခန်း (၃၈) Present continuous မသုံးဘဲ Simple present သာ အမြဲသုံးရသော ကြိယာများ၊ လေ့ကျင့်ခန်း ၁၆၉

လေ့ကျင့်ခန်းအဖြေစုံများ ၁၇၄


❖

## စာရေးသူ၏ အမှာ

အဆင့်မြင့် အင်္ဂလိပ်စကားနှင့် အရေးအသား သင်တန်းများကို ကျွန်တော်သည် ၄၅ နှစ် နီးပါးမျှ ဆက်တိုက်လိုလို ဖွင့်လှစ်ခဲ့ပါသည်။ အင်္ဂလိပ်စကားပြော သင်ရင်းနှင့် အင်္ဂလိပ်စာ ရေးတတ်အောင်၊ အင်္ဂလိပ်စာ ရေးနည်းသင်ရင်းနှင့် အင်္ဂလိပ်စကား ပြောတတ်အောင်၊ တစ်ချက်ခုတ် နှစ်ချက်ပြတ်နည်းများဖြင့် စမ်းသပ်သင်ကြားခဲ့ရာ ရာနှုန်းပြည့်နီးပါးမျှ အောင်မြင်ခဲ့သည်ကို အားရကျေနပ်ဖွယ် တွေ့ရှိခဲ့ပါသည်။ မည်သည့်ဘာသာစကား မဆို အရေးရော အပြောပါ ကျွမ်းကျင်လိုလျှင် အခြေခံဝါကျဖွဲ့စည်းပုံကို မပိုင်၍ မရနိုင်ပါ။ ထို့ကြောင့် အင်္ဂလိပ်စာ ရေးတတ်လိုသူများသည် ''**အင်္ဂလိပ်ဝါကျဖွဲ့နည်းမျိုးစုံ**''ကို နှံ့စပ် တတ်မြောက်ရမည်သာ ဖြစ်ပါသည်။

ဤစာအုပ်တွင် စကားပြောဝါကျပုံစံများ၊ စာရေးနည်းဝါကျပုံစံများကို **အခြေခံမှအစ၊ သံတမန်သုံးအဆင့်အထိ** အဆင့်ဆင့် ရေးသားတင်ပြပေးထားပါသည်။ မြန်မာပြည်တွင် ထွက်ဖူးသမျှ မည်သည့်စာအုပ်တွင်မျှ မပါဖူးသေးသော ပုံစံများ၊ နည်းသစ်များကိုလည်း ဤစာအုပ်တွင် အလွယ်တကူ ရှာဖွေတွေ့ရှိနိုင်မည်ဖြစ်ပါသည်။

နောက်ပိုင်းအခန်းများတွင် လေ့ကျင့်ခန်းများ ပေးထားရာ၌ အသုံးအနှုန်းပုံစံများကို အဆင့်မြင့်မြင့် စကားလုံးများအား တမင်ပင် ရွေးချယ်သုံးစွဲထားပါသည်။ ဘာသာပြန် အလေ့အကျင့်ဖြစ်စေရန်အတွက် လေ့ကျင့်

# အခန်း (၁)
# IS IT / IS THERE

အောက်ပါဝါကျနှစ်ခု၏ ခြားနားချက်ကို လေ့လာပါ။

*Is there* any mistake in this letter?

ဒီစာမှာ အမှားတစ်စုံတစ်ရာရှိပါသလား။

*Is it* a serious mistake?

အဲဒါဟာ အရေးပါတဲ့အမှား ဖြစ်ပါသလား။

ခြားနားချက်ကို ပို၍ မြင်သာနိုင်ရန် နောက်ထပ် ဝါကျနှစ်ခုကို ထပ်မံလေ့လာပါဦး။

*Are there* books on the table?

စားပွဲပေါ်မှာ စာအုပ်တွေ ရှိပါသလား။

*Are they* good books?

အဲဒါတွေဟာ ကောင်းတဲ့စာအုပ်တွေ ဖြစ်ပါသလား။

## ရှင်းလင်းချက်

"Is there" သည် တစ်စုံတစ်ရာ တစ်စုံတစ်ယောက် ရှိသလားဟု မေးလိုသည့်အခါ သုံးသည်။

*Is there* a house on the island?

ကျွန်းပေါ်မှာ အိမ်တစ်လုံးရှိပါသလား။

ထိုမေးခွန်းကို ဖြေရန်…

Yes, *there is* a house on the island.
ဟုတ်ကဲ့၊ ကျွန်းပေါ်မှာ အိမ်တစ်လုံးရှိပါတယ်။

**မှတ်ချက်။** Is there ဟုမေးလျှင် There is ဟု ပြန်ဖြေရမည်။
"Is it" သည် တစ်စုံတစ်ယောက် (သို့) တစ်စုံတစ်ရာ၏အကြောင်းကို ထပ်မံသိလို၍ မေးသောအခါ သုံးသည်။

*Is it* a small house?
ထိုအိမ်သည် သေးငယ်သောအိမ်ကလေး ဖြစ်ပါသလား။
No, *it is* a large house.
မဟုတ်ပါဘူး၊ ထိုအိမ်ဟာ ကြီးမားသောအိမ် ဖြစ်ပါတယ်။

**မှတ်ချက်။** ။ Is it ဟုမေးလျှင် It is ဟု ပြန်ဖြေရမည်။

**ထပ်မံလေ့လာရန် ဥပမာများ**

(1) *Was there* anyone important in the car?
ကားထဲမှာ အရေးပါတဲ့ပုဂ္ဂိုလ် ပါခဲ့သလား။
Yes, *there was* someone very important.
ဟုတ်ကဲ့၊ အလွန်အရေးကြီးတဲ့ ပုဂ္ဂိုလ်တစ်စုံတစ်ယောက် ကားထဲမှာ ပါလာခဲ့ပါတယ်။
Who was it?
အဲဒါ ဘယ်သူများပါလိမ့်။
*It was* the Prime Minister.
အဲဒါ ဝန်ကြီးချုပ်ပေါ့။

(2) *Will there* be any football match tomorrow?
နက်ဖြန်ကော ဘောလုံးပွဲရှိသလား။
Yes, *there'll be* a match at 5:30 tomorrow.
ဟုတ်ကဲ့၊ နက်ဖြန် ၅း၃၀ မှာ ဘောလုံးပွဲရှိမယ်။
What will it be?
ဘာပွဲများပါလိမ့်။
*It'll* be Customs versus Trade.
အကောက်ခွန်နဲ့ ကုန်သွယ်ရေးပွဲဖြစ်မယ်။

(3) *Was there* any difficulty in that word?
ဒီစကားလုံးမှာ အခက်တွေ့နေပါသလား။
Yes, *it was* a difficult word to pronounce.
ဟုတ်ကဲ့၊ ဒီစာလုံးက အသံထွက်ရခက်တဲ့ စာလုံးပါပဲ။

**မှတ်ချက်။** ။ အထက်ဖော်ပြပါ ဝါကျများသည် အလယ်တွင် အဆင့် (၂) ဆင့်ကျော်၍ ဖြေထားသည်ကို တွေ့ရမည်။ အပြည့်အစုံ ဖြေပြရလျှင်…

Was there any difficulty in that word?
(Yes, there was a difficulty.)
(Why was the word difficult?)
It was a difficult word to pronounce.

အင်္ဂလိပ်စကားပြောသောအခါ ထိုသို့ အကွက်ကျော်၍ပြောမှ သဘာဝကျမည်။ လိုရင်းကို အတိအကျဖြေသော သဘောဖြစ်သည်။

**လေ့ကျင့်ခန်း (၁)**

It / There တို့ကို အသုံးပြုပါ။

(a) Has ....... been any rain lately?
Yes, ....... has been a lot of rain.
(b) What is the building over there?
....... is the railway station.
(c) Is ....... anyone at the door?
Yes.
Who is .......!
....... is U Mg Mg Oo.
(d) Was ....... a fine at last night.
(e) Is ....... anby chance for me to meet the actor?
(f) Did you see the new films?
Yes.
Was ....... an interesting films.

အပြောင်းအလဲကလေးများ

(a) It is easy to ride a bicycle.
စက်ဘီးစီးရတာ လွယ်ပါတယ်။
To ride a bicycle is easy.
စက်ဘီးစီးရတာ လွယ်ပါတယ်။

အထက်ဖော်ပြပါ ဝါကျနှစ်ခုလုံးမှာ အဓိပ္ပာယ် အတူတူချည်းသာဖြစ်၍ ပြောင်းလွဲပြီး ရေးနိုင်ပါသည်။ အောက်ပါ ဥပမာများကို ဆက်၍ လေ့လာပါ။ အဓိပ္ပာယ်များမှာ အတူတူပင် ဖြစ်သည်။

(1) It is dangerous to play with fire.
To play with fire is dangerous.
မီးနှင့်ကစားတာ အန္တရာယ်များသည်။

(2) It is best to tell the truth.
To tell the truth is best.
အမှန်ပြောခြင်းသည် အကောင်းဆုံးဖြစ်မည်။

**မှတ်ချက်။** ။ စကားပြော အသုံးအနှုန်းတွင်မူ It ပုံစံထက် To ပုံစံများက ပို၍ အသုံးများသည်။

## IT / THERE/ THEY တို့၏ခြားနားချက်များ

*There* was a danger that he might lose his leg.
သူ့ခြေထောက်ဖြတ်ရမှာ အန္တရာယ်ကြီးပဲ။
*There's* not much I can do to help you.
ခင်ဗျားကို ကူညီဖို့အတွက် ကျွန်တော်တော့ ဒီထက် ပိုမတတ်နိုင်တော့ဘူး။
*There* were several wounds on his head.
သူ့ခေါင်းမှာ ဒဏ်ရာတွေ အများကြီးပဲ။

အထက်ပါဝါကျများတွင် "There" မှာ "တစ်စုံတစ်ခု" ဖြစ်ပျက်ကြောင်းကို ပြသည်။

*It's* time we go home.
ကျွန်တော်တို့ပြန်ဖို့ အချိန်ကျပြီ။
*It* is a pity, he cannot come.
သူ မလာနိုင်တာ ဝမ်းနည်းစရာပဲ။

အထက်ပါဝါကျများတွင် "It"သည် "ဖြစ်ပျက်ကြောင်း"ကို မပြ။ ဝါကျဖွဲ့စည်းပုံအရသာ "It"ကို သုံးထားသည်။ "It"၏ သီးခြားအဓိပ္ပာယ် မရှိ။

## လေ့ကျင့်ခန်း (၂)

Is / There / They တို့ ဖြည့်ပါ။

(a) ....... was no difficulty in answering the question.
(b) Were ....... any books to read?
(c) Has ....... been any answer to your letter yet?
(d) Is ....... necessary to write a letter?
(e) Were ....... any students at the meeting?
Yes, ....... were five of them.
Who were .......?
(f) Is ....... my turn to pay for the drinks now?
Yes, ....... is your turn.
(g) ....... will soon be time for you to go to bed.
(h) How many miles is ....... to the airport?
(i) How far was ....... to the hospital?

❖

# အခန်း (၂)
# WHY? / WHAT ... FOR?

Why had you told the story to me?
ဘာကြောင့် မင်း ငါ့ကို ဇာတ်လမ်းပြောပြတာလဲ။
*Why* is the headmaster not awarding any prizes this year?
အဘယ်ကြောင့် ကျောင်းအုပ်ကြီးသည် ဤနှစ်တွင် ဆုများမပေးသနည်း။

"Why" ၏ အဓိပ္ပာယ်မှာ "အဘယ်ကြောင့်"။

"Why" ကို စာရေးသားရာတွင် ပိုသုံးသည်။

"Why" အစား၊ စကားပြောများတွင် "What . . . . for" ကို အစားထိုး သုံးလေ့ရှိကြသည်။

What do you want this knife *for*?
ဒီဓားကို ဘာအတွက်ကြောင့် ခင်ဗျား လိုချင်တာလဲ။
I want it to cut some meat.
အသားလှီးချင်လို့ အဲဒါကို ကျွန်တော် လိုချင်တာပါ။
What is he running *for*?
သူ ဘာအတွက်ကြောင့် ပြေးနေတာလဲ။
He is trying to catch that bus.
အဲဒီ ဘတ်စ်ကားမီအောင် သူ ကြိုးစားနေတာလေ။

အထက်ဖော်ပြပါ "What . . . . for?" မေးခွန်းများကို "Why" ဖြင့် သုံး၍မေးလျှင် အောက်ပါအတိုင်း ဖြစ်သွားသည်။

*Why* do you want this knife?
*Why* is he running?

## လေ့ကျင့်ခန်း (၃)

အောက်ပါဝါကျများမှာ "အဖြေ"များဖြစ်သည်။ "What... for" သုံး၍ မေးခွန်းများ ပြုလုပ်ပေးပါ။

(a) I want a pen to write a letter.
(b) I want to write to him to ask him about his holidays.
(c) I want to know when he'll have his holidays.
(d) I need the sun glasses to protect my eyes.
(e) They'll go to Inya to swim.
(f) They've cancelled the match because three of the team are ill.
(g) Myint Myint did that to help me.

❖

# အခန်း (၃)
# WHAT ..... LIKE?

လူပုဂ္ဂိုလ်များ၊ နေရာဒေသများ၊ အရာဝတ္ထုများ၏ အရည်အသွေး၊ သဘာဝ၊ လက္ခဏာများကို မေးသည့်နေရာတွင် သုံးသည်။

*What* is he *like*?

သူက ဘယ်လိုပုံစံမျိုးလဲ။

He is short and fat.

သူက ပုပုဝဝ။

What will the garden be like next year.

နောင်နှစ်ဆို ဥယျာဉ်ဟာ ဘယ်လိုဖြစ်လာမလဲ။

It will have more flowers and not so many trees.

ပန်းတွေ ပိုများလာပြီး၊ အပင်ကြီးတွေ သိပ်မရှိဘဲ နေလိမ့်မယ်။

## လေ့ကျင့်ခန်း (၄)

အောက်ပါတို့သည် အဖြေများဖြစ်သည်။ What.....like ဖြင့် မေးခွန်း များ ပြုလုပ်ပေးပါ။

(a) She is beautiful and clever.
(b) The garden was much smaller this year.
(c) The house is large and modern.
(d) They are very hardworking.
(e) The weather will soon be wet and cold.

❖

# အခန်း (၄)
## "WHAT" ဖြင့်မေးသော စကားပြောပုံစံမျိုးစုံ

(1) What day is today?
ဒီနေ့ ဘာနေ့လဲ။
(2) What can I offer you?
ကျွန်တော် ခင်ဗျားကို ဘာပေးနိုင်မလဲ။
(3) What is on at the cinema?
ရုပ်ရှင်ရုံမှာ ဘာကားပြနေသလဲ။
(4) What is on the television?
ရုပ်မြင်သံကြားမှာ ဘာပြနေသလဲ။
(5) What is the date today?
ဒီနေ့ နေ့စွဲက ဘာပါလိမ့်။
(6) What is the matter? / What's up.
ဘာဖြစ်တာလဲ။
(7) What is the time? / What time do you make it?
ဘယ်အချိန်ရှိပြီလဲ။
(8) What is your proffession? / What is your job?
ခင်ဗျား အလုပ်အကိုင်က ဘာပါလိမ့်။
(9) What do I owe you?
ခင်ဗျားကို ကျွန်တော် ဘယ်လောက်ပေးရမလဲ။

(10) What part of the country do you come from?
ခင်ဗျား ဘယ်အရပ်ဒေသက လာပါသလဲ။

(11) What relation are you to U Ko Ko?
ဦးကိုကိုနဲ့ ခင်ဗျားနဲ့ ဘာတော်သလဲ။

(12) What shape is it?
ဒါက ဘာပုံသဏ္ဍာန်လဲ။

(13) What size is it?
အရွယ်က ဘယ်လောက်လဲ။

အောက်တွင် ဖော်ပြထားသော Smithဆိုသူနှင့် Brownဆိုသူတို့၏ "အပြန်အလှန် စကားပြော" ကို သေချာစွာ ဖတ်ရှုပါ။ Whatအသုံးအနှုန်းဖြင့် မေးထားသော မေးခွန်းများကို အထူးဂရုပြု လေ့လာပါ။

Smith - Good morning. Mr.Brown.
My name's Smith. From Toronto.
May I see you for a moment.

စမစ် - မင်္ဂလာနံနက်ခင်းပါ မစ္စတာဘရောင်း။
ကျွန်တော့်နာမည် စမစ်ပါ၊ တိုရွန်တိုဒေသပါ။
ကျွန်တော် ခင်ဗျားနဲ့ ခဏလောက် တွေ့နိုင်ပါ့မလား။

Brown - Very well. What do you want to see me about?

ဘရောင်း - ရပါတယ်ဗျာ၊ ခင်ဗျားက ကျွန်တော်နဲ့ ဘာကြောင့်များ တွေ့ချင်ပါလိမ့်။

Smith - I want some advice. Your friend, John, gave me your name. I'm in England on a case.

စမစ် - ကျွန်တော် ခင်ဗျားဆီက အကြံနည်းနည်းတောင်းချင်လို့ပါ။ ခင်ဗျားမိတ်ဆွေ ဂျွန်က ခင်ဗျားနာမည်ကို ကျွန်တော့်ကို ပေးလိုက်ပါတယ်။ ကျွန်တော်က အင်္ဂလန်ကို အမှုကိစ္စတစ်ခုအတွက် ရောက်နေတာပါ။

Brown - Oh, yes? *What's* your proffession.

ဘရောင်း - ဪ… ဟုတ်လား၊ ခင်ဗျားရဲ့ အလုပ်အကိုင်က ဘာများပါလိမ့်။

Smith - Law. Same as yours. I understood from John we were at Oxford at the same time.

စမစ် - ဥပဒေဝန်ထမ်းပါပဲ၊ ခင်ဗျားနဲ့ အတူတူပဲပေါ့။ ဂျွန်ဆီက ကြားရတာက ခင်ဗျားနဲ့ကျွန်တော်ဟာ အောက်စ်ဖို့ဒ်တက္ကသိုလ် တက်တုန်းက တစ်ချိန်တည်းပဲတဲ့။

Brown - Good gracious! *What* can I offer you?

ဘရောင်း - အလိုလေးဗျာ၊ ကျွန်တော် ခင်ဗျားကို ဘာတိုက်ရကောင်းမလဲ ဟင်။

Smith - Whiskey, please.

စမစ် - ဝီစကီပဲ ကျေးဇူးပြုပါဗျာ။

Brown - What part of the country do you come from?

ဘရောင်း - ခင်ဗျား ဘယ်အရပ်ဒေသက လာတာလဲ။

Smith - Toronto.

စမစ် - တိုရွန်တို ဒေသကပါ။

Brown - Oh, yes, you said so before.
I knew Toronto years ago.
*What's* it like now? *What's* size is it?

ဘရောင်း - ဪ... ဟုတ်သားပဲ၊ ခင်ဗျား ခုတင်ကပဲ ပြောပြီးသားပဲ၊ ကျွန်တော် တိုရွန်တိုဒေသကို သိခဲ့တာတော့ ကြာလှပါပြီ၊ အခုတော့ အဲဒီဒေသက ဘယ်လိုလဲဗျ၊ အရွယ်အစားကကော။

Smith - Vast.

စမစ် - ရောမကြီးပဲ။

Brown - Yes, I expect so.

ဘရောင်း - ဟုတ်ကဲ့၊ ကျွန်တော်လည်း ဒီလိုပဲ မျှော်လင့်မိသားပဲ။

Smith - I start my case here next Friday, and I'm hoping you'll look through these papers.

စမစ် - ကျွန်တော် အခုလာမယ့် သောကြာနေ့ကစပြီး အမှုတွဲကို စကိုင်ပါမယ်။ ခင်ဗျားအနေနဲ့ ဒီစာရွက်စာတမ်းလေးတွေကို ကြည့်ပေးစေလိုပါတယ်။

Brown - What day is today? Tuesday?
There isn't much time. And I must go to the theatre tonight.

ဘရောင်း - ဒီနေ့ ဘာနေ့ပါလိမ့်၊ အင်္ဂါနေ့မဟုတ်လား၊ အချိန်က သိပ်မရှိတော့ဘူးဗျ၊ နောက်ပြီး ဒီညလည်း ကျွန်တော် ပြဇာတ်ရုံကို သွားရဦးမယ်။

Smith - What's on at the theatre?

စမစ် - ပြဇာတ်ရုံမှာ ဘာပြဇာတ်ကမှာလဲ။

Brown - "Hamlet" With my son in the title-role.
I ought really to be leaving now.
*What* time do you make it?

ဘရောင်း - ဟင်းမလက်ပြဇာတ်လေ၊ ကျွန်တော့်သားက အဓိကဇာတ်ဆောင်နေရာကနေ ကမှာ၊ အခုပဲ သွားဖို့ကောင်းလှပြီ၊ ဘယ်အချိန်ရှိပြီလဲဗျ။

Smith - Six-thirty.

စမစ် - ခြောက်နာရီခွဲ။

Brown - "Heavens" I've just remembered.

ဘရောင်း - ဘုရားရေ၊ ခုမှ သတိရတယ်ဗျာ။

Smith - What's up?

စမစ် - ဘာဖြစ်တာလဲဗျ။

Brown - I was to meet my son at six-thirty.
Please excuse me. Can we meet again tomorrow at ten?

ဘရောင်း - ကျွန်တော့်သားနဲ့ ခြောက်နာရီခွဲမှာတွေ့ဖို့ ရှိတယ်ဗျ။ ကျွန်တော့်ကို ကျေးဇူးပြုပြီး ခွင့်ပြုပါဗျာ။ ကျွန်တော်တို့ နက်ဖြန် ဆယ်နာရီ တွေ့နိုင်ကြသေးတယ် မဟုတ်လား။

❖

# အခန်း (၅)

## "How" ဖြင့်မေးသော စကားပြောအသုံးအနှုန်း မေးခွန်းများ

| | |
|---|---|
| How big | ဘယ်လောက်ကြီးသလဲ။ |
| How far | ဘယ်လောက်ဝေးသလဲ။ |
| How fast | ဘယ်လောက်မြန်သလဲ။ |
| How long | ဘယ်လောက်ကြာမလဲ။ |
| How about | ဘယ်လိုလဲ။ |
| How late | ဘယ်လောက်နောက်ကျသလဲ။ |
| How many | ဘယ်လောက်များလဲ၊ (ရေတွက်၍ရသောပုဒ်ကိုမေး) |
| How much | ဘယ်လောက်များလဲ၊ (ရေတွက်၍မရသောပုဒ်ကိုမေး) |
| How old | ဘယ်လောက် အသက်ကြီးသလဲ။ |
| How often | ဘယ်လောက် အကြိမ်များသလဲ။ |

*How big* is the room?
အခန်းက ဘယ်လောက်ကြီးသလဲ။
*How far* is the airport?
လေဆိပ်ကို ဘယ်လောက်ဝေးသလဲ။
*How fast* was he driving?
သူမောင်းတာ ဘယ်လောက်မြန်သလဲ။

*How long* did you learn the lessons?
စာကျက်တာ ဘယ်လောက်ကြာပြီလဲ။
*How about* a cup of tea?
လက်ဖက်ရည်တစ်ခွက် သောက်မလား။ (လက်ဖက်ရည်သောက်ပါဟု ဖိတ်ခေါ်သောသဘောကို ဆောင်ပါသည်။)
*How late* did you go to bed?
အိပ်ရာကို ဘယ်လောက်နောက်ကျမှ ဝင်သလဲ။
*How many* students are there?
ကျောင်းသား ဘယ်လောက်ရှိသလဲ။
*How much* are they each?
ဒါတွေ တစ်ခုစီကို ဘယ်လောက်လဲ။
*How old* is the building?
ဒီအဆောက်အအုံ ဘယ်လောက်သက်တမ်းရှိပြီလဲ။
*How often* do you see your brother?
ခင်ဗျားအစ်ကိုကို ဘယ်နှစ်ကြိမ်တွေ့သလဲ။

**မှတ်ချက်။** ။ "How far" သည် ဘယ်လောက် ဝေးသလဲဆိုသော "အကွာအဝေး" ကို မေးနိုင်သည့်အပြင် "မည်သည့်အဆင့်ထိ" ဆိုသော သဘောကိုဆောင်သည့် အဓိပ္ပာယ်ထွက်သည့် မေးခွန်းများတွင်လည်း သုံးနိုင်သည်။

*How far* is it wise to trust him?
သူ့ကို ဘယ်လောက်အဆင့်အထိ ယုံကြည်သင့်သလဲ။
*How far* is it right for you to tell him your secret?
ခင်ဗျားရဲ့ လျှို့ဝှက်ချက်တွေ သူ့ကိုပြောဖို့ရာ ဘယ်လောက်အဆင့်ထိမှန်တယ်လို့ ခင်ဗျားထင်သလဲ။
*How far* is it true to say that his disease ruined his life?
သူ့ရောဂါဟာ သူ့အသက်ကို အန္တရာယ်ပြုနိုင်တယ်လို့ ပြောနိုင်တာ ဘယ်လောက်အဆင့်ထိ မှန်နိုင်သလဲ။

**မှတ်ချက်။** ။ အောက်ပါဝါကျနှစ်ခု၏ ခြားနားချက်ကို ကြည့်ပါ။
How long are you staying here?
How long have you been staying here?

ပထမဝါကျ၏ ဆိုလိုရင်းမှာ ခင်ဗျား ဒီမှာ ဘယ်လောက်ကြာကြာ နေမလဲဆိုသည်ကို မေးခြင်းဖြစ်သည်။ ပထမ စရောက်စဉ်မှစ၍ နောက်ဆုံး ထွက်ခွာမည့်နေ့အထိ ကြာမည့်အချိန်ပိုင်းကို မေးခြင်းဖြစ်သည်။ ပထမဝါကျ ၏အဖြေမှာ အောက်ပါတို့ဖြစ်လိမ့်မည်။

I'm staying ..... till June 19th.
..... till next Tuesday.
..... till the end of the year.
..... for six days altogether.
..... for another three months.

ကျွန်တော် ..... ဇွန်လ ၁၉ ရက်နေ့အထိ နေပါမယ်။
..... နောက် အင်္ဂါနေ့အထိ ..........
..... နှစ်ကုန်အထိ ..........
..... စုစုပေါင်း ၆ ရက်ကြာကြာ ......
..... နောက်ထပ်သုံးလ ..........

ဒုတိယဝါကျသည် ရောက်ရှိသည့်နေ့ကို နောက်ပြန်ပြီး ရေတွက်သည့် သဘော မေးခြင်းဖြစ်သည်။ ယနေ့မှစ၍ စတင်ရောက်ရှိသည့်နေ့အထိ ကာလအကြာကို မေးခြင်းဖြစ်၏။ အဖြေမှာ-

I've been staying here ..... since April 6th.
..... for two months.

ကျွန်တော် ဧပြီလ ၆ ရက်နေ့ကတည်းက ဒီမှာ စပြီးနေပါတယ်။
ကျွန်တော် ဒီမှာနေတာ ၂ လကြာပါပြီ။
Since သည် "ကတည်းက" ဟု အဓိပ္ပာယ်ရသည်။
For မှာ "ကြာသောအချိန်" ကို ပြသည်။

ပို၍ နားလည်ရ ရှင်းလင်းစေရန် အမေးနှင့်အဖြေပုံစံများကို ထပ် ကြည့်ပါဦး။

How long have you been learning English?
ခင်ဗျား အင်္ဂလိပ်စာသင်တာ ဘယ်လောက်ကြာပြီလဲ။
I have been learning English *since* 1985.
ကျွန်တော် အင်္ဂလိပ်စာကို ၁၉၈၅ ကတည်းက စတင်သင်ယူခဲ့ပါတယ်။

I have been learning English *for* 14 years.
ကျွန်တော် အင်္ဂလိပ်စာကို သင်ယူလာခဲ့တာ ၁၄ နှစ် ကြာပါပြီ။
How long are you studying today?
ဒီနေ့ ခင်ဗျား ဘယ်လောက်ကြာကြာ သင်ယူလေ့လာမှာလဲ။
I'm studying till 12 o'clock.
ကျွန်တော် ၁၂ နာရီအထိ သင်ယူလေ့လာပါမယ်။
I'm studying for two hours altogether.
ကျွန်တော် စုစုပေါင်း နှစ်နာရီကြာ သင်ယူလေ့လာပါမယ်။

❖

## အခန်း (၆)

## အထွေထွေ စကားပြောအသုံးအနှုန်း မေးခွန်းများ

အောက်ဖော်ပြပါ မေးခွန်းပုံစံများကို လေ့လာပါ။

1. Can you spare a couple of minutes?
ကျွန်တော့်ကို နှစ်မိနစ်လောက် အချိန်ပေးနိုင်မလား။
(ကျွန်တော်နဲ့ မိနစ်အနည်းငယ် စကားပြောခွင့်ပေးနိုင်မလားဆိုတဲ့ သဘော)
2. Is this seat taken?
ဒီခုံနေရာ လူရှိပြီးသားလား။ (ခုံအားသလား)
3. May I join you at this table?
ဒီစားပွဲဝိုင်းမှာ ကျွန်တော် ဝင်နိုင်ပါသလား။
4. May I give you a lift?
ခင်ဗျားကို ကားနဲ့ လိုက်ပို့ခွင့်ရှိပါသလား။ (လမ်းကြုံခေါ်တင်သွားခွင့်တောင်းခြင်း)
5. Where does this road lead to?
ဒီလမ်းက ဘယ်ကိုသွားသလဲ။
6. Where is the nearest phone?
အနီးဆုံးတယ်လီဖုန်း ဘယ်နေရာမှာရှိသလဲ။
7. Who am I speaking to?
(or) Who is that speaking, please?
အခု စကားပြောနေတာ ဘယ်သူပါလဲ။ (တယ်လီဖုန်းတွင် တစ်ဖက်ကို မေးခြင်း)

8. Whose turn is to pay?
   အခု တစ်ခါပေးဖို့ရာ ဘယ်သူ့အလှည့်လဲ။
9. Would you mind opening the door?
   တစ်ဆိတ် တံခါးဖွင့်ပေးပါလား ခင်ဗျာ။
10. Will it be convenient for you to see me at midday?
   ကျွန်တော့်ကို နေ့လယ်ပိုင်းမှာတွေ့ဖို့ရော ခင်ဗျားအတွက် အဆင်ပြေပါ့မလား။
11. Have you change for a twenty kyat note?
   နှစ်ဆယ်တန် အမ်းနိုင်သလား။

## လေ့ကျင့်ခန်း (၅)

အထက်ပါမေးခွန်းပုံစံများကို လေ့လာပြီး အောက်ပါအခြေအနေများတွင် သင့်လျော်ရာမေးခွန်းများ မေးပေးပါ။

(၁) တစ်ဖက်မှ ဖုန်းပြောသူ ဘယ်သူလဲ မေးလိုလျှင်
(၂) လက်ဖက်ရည်ဖိုး ဘယ်သူရှင်းမလဲ မေးလိုလျှင်
(၃) ရထားပေါ်တွင် ခုံနေရာလွတ်မလွတ် မေးလိုလျှင်
(၄) ကားဖြင့် လူကြုံတင်လိုလျှင်
(၅) ပျော်ပွဲစားရုံတစ်ခုတွင် လူနှစ်ယောက် ထိုင်နေသော စားပွဲတွင် ခုံနေရာလွတ်တစ်ခု၌ မိမိက ဝင်ထိုင်လိုလျှင်
(၆) ရာတန်အမ်းလိုလျှင်
(၇) ယဉ်ယဉ်ကျေးကျေးဖြင့် တံခါးကို ပိတ်ခိုင်းလိုလျှင်

❖

# အခန်း (၇)
## "IT" ကို အသုံးပြုခြင်း

There was rain yesterday. ဆိုသော ဝါကျထက်
It rained yesterday.(မနေ့က မိုးရွာတယ်)က ပို၍ အသုံးများသည်။
You were kind to help me. ဆိုသော ဝါကျထက်
It was kind of you to help me. (ကျွန်တော့်ကို ကူညီတာ ခင်ဗျား ရဲ့ ကြင်နာမှုကို ပြတာပဲ)က ပို၍ အဆင်ပြေသည်။
I had to work for two hours before finishing the job ထက် It took me two hours to finish the job.(အလုပ်ပြီးဖို့ ကျွန်တော် နှစ်နာရီ ကြာတယ်) ဝါကျက ပို၍ လူသုံးများသည်။

**လေ့ကျင့်ခန်း (၆)**

အောက်ပါ ဝါကျအားလုံးသည် သဒ္ဒါနည်းအရ မှန်ကန်သော ဝါကျချည်းဖြစ်ကြသည်။ သို့သော် တကယ်လက်တွေ့အသုံးတွင် "It" ပုံစံက ပို၍ အသုံးများသဖြင့် It ပုံစံပြောင်းပြီး အရေးကျင့်ပါ။

(a) Rain is going to fall soon.
(b) I reached home at 8 o'clock.
(c) The road seems to be dangerous.
(d) We shall have fine weather tomorrow.
(e) Myitkyina is a long way from Myeik.
(f) The time has come that we must go home now.
(g) Bo Bo was the person who wrote that letter.
(h) Four o'clock will soon arrive.

❖

# အခန်း (၈)

## "THE" အသုံးအနှုန်းများ

(၁) "The"ကို သတ်သတ်မှတ်မှတ်၊ သီးခြားအရာဝတ္ထုများ လူများရှေ့တွင် သုံးသည်။

*The* book is on the *table*.

(book)"စာအုပ်"သည်လည်းကောင်း၊ (table)"စားပွဲ"သည်လည်းကောင်း စာအုပ်တိုင်း စားပွဲတိုင်းကို မဆိုလိုဘဲ သီးခြားစာအုပ် သီးခြား စားပွဲတို့ကို ဆိုလိုသည့်အတွက် ၄င်းတို့ရှေ့တွင် "the"ကို သုံးသည်။

(၂) "The"ကို မြစ်များ၊ ပင်လယ်များ၊ သင်္ဘောများ၊ ကျွန်းများ၊ ဟိုတယ်များ၊ သတင်းစာများ၊ ရုပ်ရှင်ရုံများ၊ တောင်တန်းများ၏ နာမည်များရှေ့တွင် သုံးသည်။

The Ayeyarwaddy. (ဧရာဝတီမြစ်)
The Mawlamyine (မော်လမြိုင်သင်္ဘော)
The Inya Lake (အင်းလျားကန်ဟိုတယ်)
The Guardian (ဂါးဒီးယန်းသတင်းစာ)
The Thamada (သမ္မတရုပ်ရှင်ရုံ)
The Rakhine Yoma (ရခိုင်ရိုးမ)

(၃) ကမ္ဘာပေါ်တွင် တစ်ခုတည်းရှိသော အရာများ၊ ဥပမာ- နေ လတို့ကို The sun, The moon ဟု "The" တပ်၍ သုံးရသည်။

(၄) နာမဝိသေသနများကို လူပုဂ္ဂိုလ်အနေနှင့် သုံးလိုလျှင် ရှေ့တွင် "the" တပ်ပေးရသည်။

ဥပမာ - the poor (ဆင်းရဲသောသူများ)

the rich (လူချမ်းသာများ)

(၅) တူရိယာပစ္စည်းများရှေ့တွင် "the" သုံးသည်။

ဥပမာ - the violin (တယော)

the piano (စန္ဒရား)

(၆) ဂါလံ၊ ပေါင်၊ လစာ စသည်ဖြင့် အရေအတွက်ပြကိန်းများရှေ့တွင် "the" ကို သုံးသည်။

ဥပမာ - Petrol is sold by *the* gallon.

ဓာတ်ဆီကို ဂါလံဖြင့် ရောင်းသည်။

They are paid by *the* week, not *by* the month.

သူတို့ကို လစာမရှင်းဘူး၊ တစ်ပတ်ချင်း၊ တစ်ပတ်တစ်ခါစီ ရှင်းပေးတယ်။

(၇) အလတ်စား နာမဝိသေသနများ တစ်ခုနှင့်တစ်ခု ယှဉ်ပြီးသုံးသောအခါများတွင် "the" သုံးသည်။

ဥပမာ - *The* colder the weather, *the* more clothes they wear.

ရာသီဥတု အေးလာလေလေ သူတို့အဝတ်တွေ ပိုထပ်ဝတ်ရလေလေပဲ။

Do you want the answer soon?

Yes, *the* sooner, *the* better.

အဖြေကို မြန်မြန်လိုချင်လို့လား။

ဟုတ်ကဲ့၊ မြန်လေလေ ကောင်းလေလေပေါ့ဗျာ။

## ခြွင်းချက်များ

(၁) "the" ကို စိတ္တဇနာမ်များရှေ့တွင် မသုံးရ။ သို့သော် စိတ္တဇနာမ်ကို ပို၍ ထင်ပြတ်အောင် သုံးလိုသောအခါတွင် သုံးနိုင်သည်။

Beauty is sometimes more useful than brains.

အလှတရားသည် တစ်ခါတစ်ရံတွင် ဦးနှောက်(ဉာဏ်)ထက် ပိုအသုံးဝင်မည်။

ဤဝါကျတွင် "beauty"(အလှတရား)ဆိုသော စိတ္တဇနာမ်ရှေ့တွင် "the" ကို မသုံး။

*The* beauty of my country must be seen to be believed.

ကျွန်တော့်နိုင်ငံရဲ့အလှကို ယုံနိုင်ဖို့ရာ ကြည့်မှဖြစ်မယ်။

ဤဝါကျတွင် "beauty"(အလှတရား)ဆိုသော စိတ္တဇနာမ်ရှေ့တွင် ပိုမို ထင်ပြတ်အောင် ပြလိုသဖြင့် "the" ကို သုံးထားသည်။

(၂) အားလုံးကို ခြုံပြီး ငုံပြီး ပြောလိုသောအခါ နာမ်များရှေ့တွင် "the" ကို သုံးသည်။

*The* car is a modern invention.

ကားသည် ခေတ်သစ်တီထွင်မှုတစ်ခုဖြစ်သည်။

သို့သော် ရွှေ၊ ငွေ၊ ဓာတ်ဆီ၊ ထောပတ် စသော ဝတ္ထုပစ္စည်းများ ရှေ့တွင်မူ "the" မသုံးရ။

*Gold* is a precious metal.

ရွှေသည် အဖိုးတန်သော သတ္တုဖြစ်သည်။

Butter and cheese are made from milk.

ထောပတ်နှင့်ဒိန်ခဲတို့ကို နို့မှ ပြုလုပ်သည်။

(၃) "ဘာသာစကား" (Language)ဆိုသော စကားလုံးနှင့် တွဲသုံးသော "ဘာသာရပ်ခြား" အသုံးအနှုန်းများတွင် "the" ကို သုံး၏။

He knows *the* Chinese language.

သူ တရုတ်ဘာသာစကား ကောင်းကောင်းတတ်တယ်။

He speaks *Chinese* well.

သူ တရုတ်စကား ကောင်းကောင်းပြောတတ်တယ်။

ဘာသာစကား (language) ဟူသော စာလုံးမပါလျှင် "the" ကို မသုံး။

(၄) သိပ္ပံ၊ ဝိဇ္ဇာဘာသာရပ်များရှေ့တွင် "the" မသုံး။

I like history.

ကျွန်တော် သမိုင်းဘာသာကို ကြိုက်တယ်။

I am styding *the* history of India.

ကျွန်တော် အိန္ဒိယနိုင်ငံ သမိုင်းကို လေ့လာနေတယ်။

(သမိုင်းဘာသာရပ်ထဲမှ သီးခြားဖြစ်သော အိန္ဒိယသမိုင်းဖြစ်၍ "the" သုံးသည်။)

(၅) "the man" ဆိုလျှင် "ယောကျ်ား" ဟု အဓိပ္ပာယ်ရသော်လည်း "man"ဟု တစ်လုံးတည်းသုံးလျှင်ကား "လူသားတစ်မျိုးနွယ်လုံး" ကို ဆိုလိုရာ ရောက်သွားသည်။
*Man* has been on the earth for a million years.
လူသားတို့ ဤကမ္ဘာသို့ ရောက်လာသည်မှာ နှစ် သန်းပေါင်းများစွာ ကြာခဲ့ပြီ။

## လေ့ကျင့်ခန်း (၇)

လိုအပ်သည့်နေရာများတွင် "the" ကို ထည့်ပါ။

(a) ..... "New Light of Myanmar" gives a lot of news.
(b) Only ..... brave try to climb ..... Everest.
(c) ..... Strand Hotel is one of the big hotels in Myanmar.
(d) This book was translated into ..... Myanmar language.
(e) He plays ..... tennis, but I play ..... piano.
(f) ..... plastic is a useful material.
(g) ..... youth is ..... best time of ..... life.
(h) She never tells ..... truth, she always tells lies.
(i) ..... sleep is essential for ..... health.
(j) He is a sailor on ..... "Pha Shwe Kyaw".
(k) ..... water is ..... world's most essential liquid.
(I) I know ..... English literature as well as ..... English language.

❖

# အခန်း (၉)
# MUST နှင့် NEEDN'T

must ..... လုပ်ရမယ်။ လုပ်ရန် လိုအပ်သည်။ မလုပ်မနေရ။
needn't ..... လုပ်ရန် မလိုအပ်။

ဥပမာ - It is necessary for the students to read it. ဟူသော ဝါကျတွင် (necessary) ၏ အဓိပ္ပာယ်မှာ "လိုအပ်သည်" ဟု ဖြစ်၏။ ဝါကျတစ်ကြောင်းလုံး၏ အဓိပ္ပာယ်မှာ "ကျောင်းသားများ ၎င်း ကို ဖတ်ကြရန် လိုအပ်သည်" ဟု ဖြစ်သည်။ သဒ္ဒါနည်းအရ မှန်သော်လည်း သိပ်ပြီး တိကျမှုမရှိလှ။ ထိုဝါကျအစား .....

The students must read it.
ကျောင်းသားများ ယင်းစာကို ဖတ်ကြရမည်။
(မဖတ်မနေ ဖတ်ကိုဖတ်ကြရမည့် သဘော)
ထို့အတူ We aren't obliged to pay.
ကျွန်ုပ်တို့တွင် ပေးရန် တာဝန်မရှိ။
တိုတိုနှင့် လိုရင်းကိုပြောလျှင် .....
We needn't pay.
ကျွန်ုပ်တို့ ပေးစရာမလို။

ဥပမာဝါကျများ ဆက်လက်၍ လုပ်ပြပါမည်။ ကွာခြားချက်ကို သေချာစွာ လေ့လာပါ။ ဒုတိယဝါကျများကို အတုယူပါ။

(1) It's raining; it's unnecessary for you to water the flowers.
မိုးရွာနေတယ်၊ မင်း ပန်းပင်တွေကို ရေလောင်းစရာမလို။
It's raining; you needn't water the flowers.
မိုးရွာနေတယ်၊ မင်း ပန်းပင်တွေကို ရေလောင်းစရာမလို။

(2) She is obliged to write a letter.
သူမသည် စာတစ်စောင်ရေးရန် တာဝန်ရှိသည်။
She must write a letter.
သူမသည် စာတစ်စောင်ရေးရမည်။ (မရေးမဖြစ် ရေးကိုရေးရမည်။)

(3) You are not bound to go there if you don't want to.
ခင်ဗျားမသွားချင်ရင် အဲဒီကိုသွားဖို့ရာ မလိုအပ်။
You needn't go there if you don't want to.
ခင်ဗျားမသွားချင်ရင် အဲဒီကို သွားစရာမလိုပါ။

(4) It is compulsory for you to do it.
ဒါကို မင်းမလုပ်မနေရ၊ လုပ်ရမည်။
You must do it.
ဒါကို မင်းလုပ်ရမယ်။

**မှတ်ချက်။** ။ "need to" နှင့် "must" (လိုအပ်သည်) တို့ကို မဟုတ်ဝါကျ (Negative) ပုံစံသုံးလိုလျှင် "needn't" (မလိုအပ်) ကို သုံးပါ။ "need" (လိုအပ်သည်၊ ရှိဖို့ရန် လိုသည်) ကို မဟုတ်ဝါကျ သုံးလိုလျှင် "don't need" (ရှိဖို့ရန် မလို) ကို သုံးပါ။

ဥပမာ - Three questions are enough; you *needn't* answer the others.

မေးခွန်းသုံးခုဆို တော်ပါပြီ၊ ကျန်မေးခွန်းတွေကို ဖြေစရာ မလိုအပ်ပါ။
Entrance is free; you *don't need* a ticket.
ဝင်ကြေးက အခမဲ့ပဲ၊ ခင်ဗျားအနေနဲ့ ဝင်ခွင့်လက်မှတ် ရှိစရာမလိုဘူး။
It isn't raining; he *doesn't need* an umbrella.
မိုးမရွာပါ၊ သူ့ထီး ယူစရာမလို။

**လေ့ကျင့်ခန်း (၈)**

အောက်ပါ ဝါကျများတွင် မျဉ်းသားထားသော စာပိုဒ်များကို needn't, doesn't need, don't need ပုံစံများဖြင့် ပြောင်းပေးပါ။

(a) *It is not necessary for me to have* glasses as my eyes are all right.

(b) The film doesn't start before 9 o'clock. *It isn't necessary to get* to the cinema before 8;45.

(c) *It is not necessary for us* to anwer that letter.

(d) *It isn't necessary for him to have* a car.

❖

# အခန်း (၁၀)

## "IF" ပုံစံများ

(1) *If it rains* tomorrow, they *will stay* at home.
အကယ်၍ နက်ဖြန်မိုးရွာလျှင် သူတို့အိမ်မှာပင် နေကြလိမ့်မည်။

ယခု မိုးမရွာသေးသော်လည်း မိုးရွာခဲ့လျှင် အပြင်မထွက်ကြဟု ဆိုလိုရာရောက်သည်။ အနာဂတ်တွင် ဖြစ်ပျက်မည့် ကိစ္စများကို ကြိုတင်၍ ပြောခြင်းဖြစ်သည်။

ပုံစံဖြင့်မှတ်လျှင် .....

If . . . . . Present Tense, will + Simple Present Tense.

(2) If I *knew* his address, I *would write* to him now.

အကယ်၍ သူ့လိပ်စာကို ငါသိခဲ့လျှင် ငါ သူ့ကို ယခုပင် စာရေးလိမ့်မည်။ (သူ့လိပ်စာကို မသိခဲ့၍ ယခု စာမရေးနိုင်သည့်သဘော) ယခု လောလောဆယ် ဖြစ်ပျက်နေသည့်ကိစ္စများတွင် သုံးသည်။

ပုံစံဖြင့်မှတ်လျှင် .....

If . . . . . Past Tense, would + Simple Present.

(3) *If* I *had known* his address *last week, I would have written* to him.

လွန်ခဲ့သည့်အပတ်က သူ့လိပ်စာကိုသာ ကျွန်တော်သိခဲ့လျှင် သူ့ထံ စာရေးခဲ့ပြီးဖြစ်လိမ့်မည်။ (လွန်ခဲ့သည့်အပတ်က သူ့လိပ်စာကို မသိခဲ့၍ စာမရေးခဲ့ရသည့်အကြောင်းကို ပြန်ပြောခြင်း) အတိတ်ကာလက အဖြစ်အပျက်များကို ပြောရာတွင် သုံးသည်။

ပုံစံဖြင့်မှတ်လျှင် .....

If . . . . . had + Past participle, would have + Past participle.

## လေ့ကျင့်ခန်း (၉)

အထက်ဖော်ပြပါ If ပုံစံ (၃) မျိုးအနက်မှ သင့်လျော်ရာပုံစံများကို အောက်ပါဝါကျများတွင် သုံးပြပါ။

(a) you see him now, not recognize him.
(b) train late yesterday, I miss important meeting.
(c) he travel plane, get there tomorrow.
(d) I think it useful, tell him now.
(e) it rain tomorrow, what we do?
(f) I knew his name last week, I called him.

**မှတ်ချက်။** ။ အသုံးဝင်သော If အသုံးအနှုန်း (၃) မျိုးရှိသေးသည်။ ထိုပုံစံများမှာ အသေကျက်ထားရမည့် ပုံစံများဖြစ်သည်။

(1) If I were you = ခင်ဗျားနေရာမှာသာ ကျွန်တော်ဆိုလျှင် (သူတစ်ပါးကို အကြံပေးသည့်သဘော)

*If I were you,* I wouldn't buy that kind of car.

ခင်ဗျားနေရာမှာ ကျွန်တော်ဆိုရင် ဒီလို ကားအမျိုးအစားမျိုး မဝယ်ဘူးဗျာ။

(ကျွန်တော် အကြံပေးမယ်၊ ဒီကားမျိုးမဝယ်နဲ့)

(2) If need be = လိုအပ်မည်ဆိုလျှင်

*If need be,* I'll go home at once.

လိုအပ်မယ်ဆိုရင် ကျွန်တော် အခုချက်ချင်း အိမ်ပြန်သွားပါမယ်။

(3) If you ask me = ခင်ဗျားက မေးမယ်ဆိုခဲ့လျှင် (ကျွန်တော့်သဘောထားကတော့)

*If you ask me,* I will tell you. I don't like that type of girl.

ကျွန်တော့်သဘော ပြောရရင်တော့ ဒီလိုမိန်းမစားမျိုးကို ကျွန်တော် မကြိုက်ဘူးဗျာ။

❖

# အခန်း (၁၁)

## IF နေရာတွင် အစားထိုးနိုင်မည့် စာလုံးများ

If နေရာတွင် အောက်ပါစာလုံးများကို အစားထိုး သုံးစွဲခြင်းဖြင့် ဝါကျမျိုးစုံကို အလဲအလှယ် သုံးတတ်လာမည်ဖြစ်သည်။

(1) *If* you listen, you will understand.
*Should* you listen, you will understand.
ခင်ဗျား နားထောင်ရင် ခင်ဗျား နားလည်လိမ့်မယ်။

(2) *If* there is a monastery, we shall stay in that village.
*Providing* there is a monastery, we shall stay in that village.
အကယ်၍ ဘုန်းကြီးကျောင်းရှိခဲ့ရင် ကျွန်တော်တို့ ဒီရွာမှာ ခဏတည်းခိုကြမယ်။

(3) *If* you take great care, I shall let you go.
*On condition* you take great care. I shall let you go.
မင်း သေသေချာချာ ဂရုစိုက်မယ်ဆိုရင် မင်းကို ငါ သွားခွင့်ပြုမယ်။

(4) *If* you succeed, what will you do then?
*Supposing* you succeed, what will you do then?
အကယ်၍ အောင်မြင်ခဲ့ရင် မင်း ဘာဆက်လုပ်မလဲ။

(5) *If* your father agrees, we will go to Mandalay by car.
*Providing* your father agrees, we will go to Mandalay by car.

မင်းအဖေကများ သဘောတူခဲ့ရင် ငါတို့ မန္တလေးကို ကားနဲ့ သွားကြမယ်။

(6) *If* he doesn't hurry, he won't catch the train.

*Unless* he hurries, he won't catch the train.

အကယ်၍ သူ မြန်မြန်မလုပ်ခဲ့လျှင် သူ ရထားကို မှီလိမ့်မည်မဟုတ်။

❖

# အခန်း (၁၂)

## IF ကို ပြောင်းလွဲသုံးစွဲနည်းများ

(1) *If* they worked harder they would succeed.
*If* they *were* to work harder, they *would* succeed.
*Were* they to work harder, they would succeed.
(သတိ If ကို ဖြုတ်ထားရမည်)
သူတို့သာ အလုပ်ပိုကြိုးစားလုပ်ရင် အောင်မြင်မှာပဲ။
If ပုံစံထက် ပို၍လှသောပုံစံမှာ Were to ပုံစံဖြစ်သည်။ Were to ပုံစံပြောင်းပုံအဆင့်ဆင့်ကို သေချာစွာ လေ့လာပါ။

(2) Were to ပုံစံကဲ့သို့ပင် Had ဖြင့်လည်း If ပုံစံကို ပြောင်း၍ရသည်။
*If* it had *rained*, we would have stayed at home.
*Had* it *rained*, we would have stayed at home.
(သတိ If ကို ဖြုတ်ထားရသည်)
မိုးရွာခဲ့ရင် အိမ်မှာပဲ နေကြမယ်။

**လေ့ကျင့်ခန်း (၁၀)**

အောက်ပါဝါကျများကို အထက်ပါအတိုင်း ပုံစံပြောင်းပါ။

(a) If he is late, we will have to start without him.
(b) If she arrived now, they'd be very surprise.
(c) If the police knew, they would be here at once.

(d) If I had known, I would have come.
(e) If Moe Hein had seen them, he would have told them the news.
(f) If he had not warned me I would have died.

❖

# အခန်း (၁၃)

## အသုံးများသော ဝိဘတ် (Prepositions) များ

(က) အချိန်ပြစာလုံးများ။

1. At

အချိန် အတိအကျပြသောအခါ -

We got up at dawn and had breakfast at eight o'clock.

အရုဏ်တက်မှာ အိပ်ရာထကြပြီး ရှစ်နာရီမှာ မနက်စာစားကြတယ်။

The train leaves at 2:45 p.m.

ညနေ ၂း၄၅ မှာ ရထားထွက်မယ်။

(ထိုနည်းတူ at noon, at sunset, at midnight, at the end of the year, at the beginning of the lesson, at Christmas)

2. On

(a) နေ့ရက်၊ နေ့စွဲ ရက်စွဲ၊ မွေးနေ့၊ ထူးခြားသောနေ့များတွင် သုံးသည်။

I will come *on* Friday.

သောကြာနေ့မှာ လာမယ်။

*On* Christmas Day we give each other presents.

ဒီ ခရစ်စမတ်နေ့မှာ ကျွန်တော်တို့ တစ်ယောက်နဲ့တစ်ယောက် လက်ဆောင်တွေ ပေးကြတယ်။

He was born *on* August 15th, 1958.
သူ့ကို ဩဂုတ်လ ၁၅ ရက် ၁၉၅၈ မှာ မွေးတယ်။

(b) နေ့တစ်နေ့၏ အချိန်အပိုင်းအခြားတစ်ခုကို ဖော်ပြရာတွင် သုံးသည်။

*On* the night of July 25th.

*On* Friday afternoon.

(သောကြာနေ့ မွန်းလွဲပိုင်းတွင်)

3. In

(a) ခုနှစ်သက္ကရာဇ်၊ နွေရာသီ၊ ဆောင်းရာသီ၊ ညနေ၊ မနက် စသည်တို့ တွင် သုံးသည်။

*in* 1962.

*in* September.

*in* the morning.

*in* the evening.

*in* the summer.

(b) တစ်စုံတစ်ခု ပြီးမြောက်ရန် ကြာမြင့်သော အချိန်ကာလကို ဖော်ပြရာတွင်လည်း သုံးသည်။

in three hours. (သုံးနာရီကြာ)

in an hour's time. (တစ်နာရီအကြာ)

4. By

တစ်ခုခုကို သတ်မှတ်ထားသော အချိန်တစ်ခုထက် နောက်မကျဘဲ ပြီးစေရမည်ဟု ဆိုလိုသောအခါ သုံးသည်။

You must be home *by* 10 o'clock.

၁၀ နာရီအရောက် အိမ်ပြန်ရောက်ရမယ်။ (ဒီထက် နောက်မကျစေရ)

The work should be finished *by* next Friday.

နောက် သောကြာနေ့မတိုင်မီ အလုပ်ပြီးရမယ်။
(ဒီထက် နောက်မကျစေရ)

5. For

တစ်စုံတစ်ခုပြုလုပ်နေစဉ် ကြာမြင့်သော အချိန်ကာလကို ပြသည်။

It rained continuously *for* twenty-four hours.

မိုးသည် အဆက်မပြတ်ပင် ၂၄ နာရီကြာ ရွာသည်။

I have not seen him *for* a month.

သူ့ကို မတွေ့တာ တစ်လကြာပြီ။

**မှတ်ချက် –**

(1) at, on, inတို့ကို နာမဝိသေသနနှင့် တွဲသော အချိန်ပြ စကားလုံးရှေ့တွင် မသုံးရ။

I met him last Friday.

(on last Friday ဆိုလျှင် မှားသည်)

She will be thirty next October.

(*in* next October ဆိုလျှင် မှားသည်)

I want to see her every day.

(*on* every day ဆိုလျှင် မှားသည်)

(2) yesterday, today, tomorrowတို့ရှေ့တွင် in, on, atမသုံးရ။

I will telephone you tomorrow.

(on tomorrow ဆိုလျှင် မှားသည်)

He promised to come today.

(on today ဆိုလျှင် မှားသည်)

**လေ့ကျင့်ခန်း (၁၁)**

ကွက်လပ်များတွင် in, on, at, forစသည်တို့ကို ထည့်ပါ။

(a) My birthday is . . . . . November 21st.
(b) I will see you . . . . . Sunday, . . . . . three o'clock.
(c) The work must be finished . . . . . the end of the week.
(d) The train leaves . . . . . 6:30 and arrives in Bago . . . . . 8:00.

(e) Christmas day is . . . . . December 25th.
(f) Could you meet me . . . . . 2:30 Sunday afternoon?
(g) The school reopens . . . . . Monday, . . . . . 7 a.m.
(h) He learned his lessons . . . . . two hours.
(i) She will come here . . . . . tomorrow.
(j) I first came to live here . . . . . 1980.
(k) My brother will come back . . . . . the end of the year.
(l) I always get up . . . . . seven o'clock.

## (ခ) နေရာပြစကားလုံးများ။

(1) နာမည်မဖော်ပြသော မြို့၊ ရွာ၊ နေရာဒေသများကို ဖော်ပြလိုလျှင် သုံးသည်။
*in* the town.
*in* the country.
*in* a village.

(2) မြို့ကြီးများ၊ မြို့တော်များ၏ အမည်ရှေ့တွင်လည်း in ကိုပင် သုံးသည်။
We used to live *in* Yangon.
My sister lives *in* Mawlamyine.

(3) မြို့ငယ်လေးများ၊ ရွာများ၏အမည်ရှေ့တွင် at ကို သုံးသည်။
He lived at Ywa Tha village.
She was born at Myothit.

(4) ထူးထူးခြားခြားမဟုတ်သော သာမန်အိမ်၊ ဟိုတယ်များရှေ့တွင် in သုံးသည်။
She lives *in* a cottage.
Do you want to stay *in* a hotel?

(5) ထူးထူးခြားခြား အိမ်များ (အိမ်တော်၊ ဟိုတယ်များ၊ နန်းတော်များ) ရှေ့တွင် at သုံးသည်။
The Queen lives *at* Backingham Palace.
(ဘာကင်ဟန်နန်းတော်)

He stays *at* the Inya Lake Hotel.

(6) လမ်းနာမည်များရှေ့တွင် in သုံးသည်။

My father works *in* a bank.

His wife works *in* a factory.

(8) အဆောက်အအုံမဟုတ်သော လယ်တော၊ မီးရထားလမ်း၊ မြေကွက်၊ စိုက်ခင်းများရှေ့တွင် on သုံးသည်။

Farmers plough *on* a farm. (လယ်ထဲမှာ)

He works *on* a rubber plantation. (ရာဘာစိုက်ခင်းထဲမှာ)

(9) သီးသန့်အခန်း (သို့) ဌာနခွဲများရှေ့တွင် in ကို သုံးသည်။

He is employed *in* the Accounts Department.

(ငွေစာရင်းဌာနမှာ အလုပ်လုပ်သည်)

(10) အမည်နာမသတ်မှတ်ထားသော သီးခြားရုံးဌာနများရှေ့တွင် at သုံးသည်။

Both of them work at the railway station.

(သူတို့နှစ်ယောက်လုံး ဘူတာရုံမှာ အလုပ်လုပ်သည်။)

## လေ့ကျင့်ခန်း (၁၂)

in, on, at စသည်တို့ကို ထည့်ပါ။

(a) Would you rather live . . . . . the town, or . . . . . a country.
(b) When we were . . . . . Mandalay stayed . . . . . Tun Hla Hotel.
(c) He tole me that he lived . . . . . 15, Pyay Road.
(d) He worked . . . . . a farm when he was young.
(e) The Chinese live . . . . . China.
(f) Po Toke was born . . . . . Nyaunglay village.
(g) The British Prime Minister lives . . . . . No, 10 Dowing Street.
(h) I like to spend the summer . . . . . the country.
(i) My uncle lives . . . . . a large house . . . . . a village.
(j) Myo Myo is the typist . . . . . the Sarpaybeikman Library.

❖

# အခန်း (၁၄)

## စကားဆက်များ (၁)

It was raining I decided to walk to school.

(a) *Although* it was raining, I decided to walk to school.

(b) It was raining, *but* I decided to walk to school.

(c) I decided to walk to school *although* it was raining.

ဝါကျ (a) (b) (c) ၃-ကြောင်းလုံး၏ အဓိပ္ပာယ်မှာ····

"မိုးရွာသော်လည်း ကျောင်းသို့ လမ်းလျှောက်သွားရန် ဆုံးဖြတ်လိမ့်မည်"ဟူ၍ပင် အဓိပ္ပာယ်ရသည်။ Although(သော်လည်း)ဖြင့် ဆက်ရာတွင် ဝါကျရှေ့ဆုံးမှလည်းကောင်း၊ ဝါကျအလယ်တွင်လည်းကောင်း ဆက်နိုင်သည်။ သို့သော် ဝါကျအထားအသို ပြောင်းသွားသည်နှင့် အဓိပ္ပာယ်ပြောင်းသွားတတ်သည်ကိုလည်း သတိပြုပါ။

*Although* it was raining, I decided to walk to school.

မိုးရွာသော်လည်း ကျောင်းသို့ လမ်းလျှောက်သွားရန် ကျွန်တော် ဆုံးဖြတ်လိုက်သည်။

*Although* I decided to walk to school, it was raining.

ကျောင်းသို့ လမ်းလျှောက်သွားရန် ကျွန်တော် ဆုံးဖြတ်လိုက်သော်လည်း မိုးရွာနေသည်။

**လေ့ကျင့်ခန်း (၁၃)**

အောက်ပါဝါကျများကို Although(သို့) Butဖြင့် ဆက်ပါ။

(a) I was cold . . . . . I refused to wear the coat.

(b) It was late . . . . . I hoped to find the shop open.
(c) The grammar was difficult . . . . . I did my best.
(d) Tickets are expensive . . . . . I will buy one tomorrow.
(e) Wind blow very strongly . . . . . they continued climbing mountain.

**မှတ်ချက်။**

"Though" ဖြင့် ဝါကျရေးရာတွင် Though ရှေ့၌ နာမ် (သို့) နာမ ဝိသေသနကို အရင်ထည့်ပြီးမှ ရေးရသည်။

ဥပမာ - Ill though he was, he continued at his job.

သူသည် နေမကောင်းသော်လည်း သူ့အလုပ်ကို သူဆက်လုပ်သည်။ Ill (နေမကောင်းသော) ဟူသည့် စာလုံးသည် နာမဝိသေသနဖြစ်သည်။ ထို့ကြောင့် ထိုစာလုံးအဓိပ္ပာယ်ကို ပို၍ လေးနက်စေရန် though ရှေ့မှာ ထားရေးသည်။

Brothers though they were, they refused to help each other.

သူတို့သည် ညီအစ်ကိုများဖြစ်သော်ငြားလည်း တစ်ယောက်နှင့်တစ်ယောက် မကူညီလိုကြ။

Brothers (ညီအစ်ကိုများ)ဟူသော နာမ်ကို ပို၍ လေးနက်စေရန်အတွက် "though" ရှေ့မှာ ထားရေးသည်။

## စကားဆက်များ (၂)

Although / But တို့ကဲ့သို့သော စကားဆက်များကို အသုံးပြုပြီး ရေးတတ်လျှင် တစ်ဆင့်တက်၍ "Nevertheless" စသော စကားဆက်များကို အသုံးပြုတတ်ရန် လေ့ကျင့်ရမည်။ ပို၍ အဆင့်မြင့်မြင့် လှလှပပ ဝါကျများ ရေးတတ်ရန် အောက်ပါအသုံးအနှုန်းများကို လေ့လာပါ။

He is poor *but* he is honest.
*Although* he is poor, he is honest.
He is poor; *nevertheless*, he is honest.
*In spite of the fact that* he is poor, he is honest.
*In spite of being* poor, he is honest.

အထက်ပါ ဝါကျအားလုံး၏ အဓိပ္ပာယ်မှာ "သူသည် ဆင်းရဲပင် ဆင်းရဲသော်ငြားလည်း ရိုးသားသည်" ဟူသော အဓိပ္ပာယ်ချည်း ရပါသည်။

အဓိပ္ပာယ်မကွာသော်လည်း စာလုံး အသုံးအနှုန်းနှင့် နေရာအနေအထား ကွာခြားပုံကို ဂရုစိုက် လေ့လာပါ။ ကိုယ်တိုင်လည်း ထိုဝါကျမျိုးများ ရေးတတ်အောင် လေ့ကျင့်ပါ။

## လေ့ကျင့်ခန်း (၁၄)

အောက်ပါဝါကျများတွင် but(သို့မဟုတ်) although နေရာများ၌ "nevertheless" ကို အစားထိုးပြီး သုံးပြပါ။

He is fat *but* he is weak.
He is fat; *nevertheless*, he is weak.

(a) He is a clever boy but he doesn't know everything.
(b) The weather is fine but it is unreliable.
(c) Although she left home early, she was late for work.
(d) Although the business was small, it was very profitable.
(e) Although the boy was young, he was widely experienced.

## လေ့ကျင့်ခန်း (၁၅)

အောက်ပါဝါကျများကို In spite of the fact that နှင့် In spite of being ပုံစံများ ပြောင်းပေးပါ။

ဥပမာ -

He is fat *but* he is weak.

(1) *In spite of the fact that* he is fat, he is weak.
(2) *In spite of being* fat, he is weak.

(a) The letter was posted early *but* it arrived late.
(b) They danced all night *but* they wre not tired.
(c) They had no money *but* they were happy.
(d) The car is very old *but* it is useful.
(e) The children ate regularly *but* they were always hungry.

❖

# အခန်း (၁၅)

## စကားဆက်များ (၃)

တစ်ခုနှင့်တစ်ခု နှိုင်းယှဉ်သော စာကြောင်းများတွင် အသုံးအများဆုံးပုံစံမှာ "Despite" ပုံစံဖြစ်သည်။

*Although* he is poor, he is honest.

(1) *Despite the fact that* he is poor, he is honest.

(2) *Despite (his) being poor,* he is honest.

## လေ့ကျင့်ခန်း (၁၆)

အောက်ပါတို့ကို "Despite the fact that" နှင့် "Despite being" ပုံစံများသို့ ပြောင်းပါ။

(a) Although he is quite old, he is strong.

(b) Although they work harder, they earnless money.

(c) Although the photograph is a hundred years old, it is unfaded.

(d) Although she dressed beautifully, no one paid much attention.

(e) Although his singing is bad, it entertains his family.

**မှတ်ချက်။**

In spite of/Despite တို့နှင့်ကပ်လျက် နာမ် (Noun)သုံးခြင်းဖြင့်လည်း နှိုင်းယှဉ်ဝါကျများကို ဆက်နိုင်သည်။

ဥပမာ -

He is poor but he is honest.

In spite of/Despite his poverty, he is honest.

(poverty မှာ poor ၏ Noun ပုံစံဖြစ်သည်)

In spite of / Despite တို့၏ နောက်တွင် အမြဲတမ်း Noun ကပ်လိုက် တတ်သဖြင့် Noun ပုံစံ ပြောင်းပေးရခြင်းဖြစ်သည်။

**လေ့ကျင့်ခန်း (၁၇)**

အောက်ပါတို့ကို in spite of / despite ပုံစံများ ပြောင်းပေးပါ။ (Nouns များကို ကွင်းများအတွင်း၌ ပေးထားပါသည်။)

(a) She is very beautiful but she is not popular. (beauty)

(b) Although he was clever, he usually did badly in examinations. (cleverness)

(c) Although the picture is old, it is beautiful. (age)

(d) The painting was beautiful but it remained unsold. (beauty)

(e) The moon is distant but it affects the earth. (distance)

❖

# အခန်း (၁၆)

## စကားဆက်များ (၄)

Bo Bo works badly *but* San San works well.

Bo Bo, *on the one hand,* works badly; San San, *on the other hand,* works well.

(OR)

Bo Bo works badly; San San, *on the other hand,* works well.

on the one hand, on the other hand ပုံစံကလည်း နှိုင်းယှဥ်ဝါကျတွေမှာ အသုံးများပါတယ်။ များသောအားဖြင့် အထက်မှာ ပြထားတဲ့ပုံစံအတိုင်း "on the one hand" ကို ဖြုတ်ပြီး ရေးလေ့ရှိပါတယ်။

**လေ့ကျင့်ခန်း (၁၈)**

အောက်ပါတို့ကို "on the other hand" ပုံစံဖြင့် ဆက်ပြပါ။

(a) Air travel is fast but sea travel is convenient.
(b) The children slept well but their parents were restless.
(c) Although the women work hard, the men are lazy.
(d) Although teachers give a lot of advice, students don't always take it.
(e) Although the price was high, the profit was reasonable.

**မှတ်ချက်။**

"on the other hand" နေရာတွင် "however" ကို အစားထိုးရေးလျှင်လည်း ရသည်။

ဥပမာ - Bo Bo works badly; San San, *on the other hand,* works well.

Bo Bo works badly; San San, *however* works well.

## လေ့ကျင့်ခန်း (၁၉)

အောက်ပါဝါကျများကို "however" ပုံစံပြောင်းရေးပါ။

(a) Although air travel is fast, sea travel is convenient.

(b) Although the children slept well, their parents were restless.

(c) Although the women work hard, the men are lazy.

(d) Although teachers give a lot of advice, students don't always take it.

(e) Although the price was high, the profit was reasonable.

စကားဆက်များအားလုံးကို ခြုံ၍ ပုံသေနည်းဖြင့် မှတ်လိုလျှင် အောက်ပါဇယားကွက်အတိုင်း မှတ်နိုင်သည်။

| ပုံစံ | ဥပမာ |
|---|---|
| A but B | He is poor but he is honest. |
| Although A,B<br>B although A | Although he is poor, he is honest.<br>He is honest, although he is poor. |
| A; nevertheless, B | He is poor; nevertheless, he is honest. |
| In spite of A,B | In spite of the fact that he is poor, he is honest. |
| Despite A,B | Despite the fact that he is poor, he is honest. |
| In spite of + Noun Despite + Noun | In spite of / Despite } his povety, he is honest. |
| Participle | In spite of / Despite (his) } being poor, he is honest. |
| On the one hand, A; on the other hand, B | On the one hand, he is poor;<br>on the other hand, he is honest. |
| However | He is poor; he is, however honest. |

❖

# အခန်း (၁၇)

# SHOULD, OUGHT, USED မေးခွန်းပုံစံများ

(a) *Should* you smoke so many cigarettes?
*Ought* you to smoke so many cigarettes?
ခင်ဗျား ဆေးလိပ်တွေ ဒီလောက်အများကြီး သောက်သင့်သလား။

(b) *Shouldn't* she have phoned the doctor, when she found her husband unconcious on the bed?
*Oughtn't* she to have phoned the doctor when she found her husband unconcious on the bed?
သူ့ယောကျ်ား ကုတင်ပေါ်မှာ သတိမေ့နေတာကိုတွေ့တာ သူ့အဖို့ ဆရာဝန်ဆီကို ဖုန်းမဆက်သင့်ဘူးလား။

(c) *Ought* that boy to be riding his bicycle on the platform?
*Should* that boy be riding his bicycle on the platform?
ဒီကောင်လေး ပလက်ဖောင်းပေါ် စက်ဘီးစီးသင့်သလား။

(d) *Used* you to wear jeans when you were a student?
ခင်ဗျား ကျောင်းသားအရွယ်တုန်းက ဂျင်းဘောင်းဘီ ဝတ်လေ့ဝတ်ထ ရှိခဲ့သလား။

(e) *Usedn't* Ko Hein to go to that restaurant on Sundays?
တနင်္ဂနွေနေ့တွေမှာ ကိုဟိန်း ဒီစားသောက်ဆိုင်ကို သွားလေ့သွားထ ရှိခဲ့တယ် မဟုတ်လား။

(f) *Usedn't* there to be a garden here where the cinema is now?
အခု ရုပ်ရှင်ရုံဖြစ်နေတဲ့ ဒီနေရာမှာ အရင်တုန်းက ပန်းခြံရှိခဲ့ဖူးတယ် မဟုတ်လား။

မှတ်ချက်။
Used ၏ မဟုတ်ဝါကျ ပုံသဏ္ဌာန် (၃) ခုရှိသည်။

**e.g.** I *never used to* trust them.
I *used not to* trust them.
I *usedn't to* trust them.
(ကျွန်တော်တို့ သူတို့ကို ဘယ်တုန်းကမှ ယုံလေ့ယုံထ မရှိခဲ့ဘူး)

အထက်ပါ ဝါကျသုံးမျိုးစလုံး၏ အဓိပ္ပာယ်သည် အတူတူချည်းသာ ဖြစ်သည်။ သို့သော် အသုံးအများဆုံးပုံစံမှာ "I never used to" ပုံစံသာ ဖြစ်သည်။

❖

# အခန်း (၁၈)
# WHAT, WHICH, WHO, WHOM, THAT.

(1) Whomကို ယနေ့အထိ သုံးစွဲနေဆဲဖြစ်ပါသည်။ သို့သော် အသုံးကား တဖြည်းဖြည်း နည်းသည်ထက် နည်းလာပြီဖြစ်၏။
The man to *whom* you were speaking.
(ခင်ဗျားနဲ့ စကားပြောနေတဲ့လူ)
The man *who* you were speaking to.
(or) The man you were speaking to. က ပို၍ ယနေ့ခေတ်တွင် ရေးသားလေ့ရှိကြပါသည်။

(2) What/Which/Whoတို့နှင့် Prepositionကို တွဲသုံးလေ့ရှိပါသည်။ Prepositionသည် အမြဲပင် အနောက်မှာသာ နေပါသည်။ ရှေ့တွင် ဘယ်တော့မှ မနေ။
**e.g.** The man *who* you were speaking to.
I don't know *what* he is telling about.
(သူ ဘာပြောတယ်ဆိုတာ ငါမသိ)
သို့သော် Whose ကို သုံးလျှင်မူ အမြဲပင် Preposition ကို ရှေ့မှာထားရသည်။
**e.g.** The boy *for whose* take you're working.
(မင်း အလုပ်လုပ်ပေးနေတဲ့ ကောင်လေးအတွက်)

(3) Anything, Everything, Nothing, Something နှင့် All တို့နှင့် "That" ကို အမြဲတွဲသုံးသည်။ ထို့အတူ…
"best", "most", "first", "last" စသော အမြင့်စား နာမဝိသေသန စာလုံးများနှင့်လည်း "That" ကို သုံးရသည်။

e.g. The woman is the prettiest *that* I have ever seen.
(ကျွန်တော် မြင်ဖူးသမျှတွေထဲမှာ ဒီအမျိုးသမီးဟာ အလှဆုံးပဲ)
This is the best radio *that* you can buy.
(ဒါက ခင်ဗျားဝယ်နိုင်တဲ့အထဲမှာ အကောင်းဆုံး ရေဒီယိုပဲ)

မှတ်ချက်။
များသောအားဖြင့် "that" ကို မြှုပ်ပြီး ပြောရှိလည်းရသည်။
The woman is the prettiest I have ever seen.
This is the best radio you can buy.
အဓိပ္ပာယ်များကား အထက်တွင် ဖော်ပြခဲ့သည်နှင့် အတူတူပင်ဖြစ်သည်။

(4) I want something *with which* I can write.
I want something *that* I can write with.
I want something *with which* to write.
I want something to write with.

အထက်ပါ ဝါကျအားလုံး၏ အဓိပ္ပာယ်မှာ "ကျွန်တော် ရေးစရာ တစ်ခုခုလိုတယ်" ဟူ၍ပင် ဖြစ်သည်။ ယနေ့ အသုံးအများဆုံးပုံစံမှာ အောက်ဆုံးဝါကျပင်ဖြစ်သည်။ ရိုးရိုးနှင့်ရှင်းရှင်း ထိရောက်သောဝါကျမျိုး ဖြစ်သည်။

I want someone *with whom* I can practise my English
(အသုံးမများသောပုံစံ)
I want someone to practise my English with.
(အသုံးများသောပုံစံ)
(ကျွန်တော်နဲ့အတူတူ အင်္ဂလိပ်စာလေ့ကျင့်ဖို့ လူတစ်ယောက်လိုချင်တယ်။)

❖

# အခန်း (၁၉)

## -ING ပုံစံအသုံးအနှုန်းများ (၁)

ဝါကျကို ဆိုလိုရင်း အဓိပ္ပာယ် လွယ်လွယ်ရှင်းရှင်း ထွက်စေရန် ကြိယာကို -ing ပုံစံဖြင့် သုံးတတ်သည်။ အထူးသဖြင့် Gerunds များ Preposition နှင့် Gerunds အတူများကို အင်္ဂလိပ်စကားပြောနှင့် အရေးအသားများတွင် မကြာခဏ သုံးစွဲလေ့ရှိကြသည်။

**e.g.** *As soon as* I went upstairs, I heard a noise.
*On going* upstairs, I heard a noise.
(အပေါ်ထပ်သို့ တက်လျှင်တက်ခြင်း အသံတစ်သံကို ကြားလိုက်ရသည်။)

As soon as အသုံးအနှုန်းထက် "on going" ဆိုသော Preposition နှင့် Gerund အတွဲများကိုသုံးခြင်းက ပို၍ရှင်းလင်းသဖြင့် ထိုဝါကျမျိုး တည်ဆောက်တတ်ရန် အတုယူရမည်။

အောက်ပါဥပမာများကို ဆက်လက်လေ့လာနည်းယူပါ။

(a) When I was spending a few days in Mandalay, I met U Mg Mg Tin.
*While spending* a few days in Mandalay, I met U Mg Mg Tin.
မန္တလေးမှာ ခေတ္တနေတုန်း ဦးမောင်မောင်တင်နဲ့ တွေ့ခဲ့တယ်။

(b) If you study Japanese, you won't improve your knowledge of Russian.
*By Studying* Japanese, you won't improve your knowledge of Russian.
ဂျပန်ဘာသာ လေ့လာနေရင်း ရုရှားဘာသာ အသိပညာ တိုးတက်မှာ မဟုတ်ဘူး။

(c) When he turned round, he saw a snake.
*On turning* round, he saw a snake.
လှည့်ကြည့်လိုက်တော့ သူ မြွေကိုမြင်ရတယ်။

(d) *As soon as* I had read the letter, I threw it on the fire.
*On reading* the letter, I threw it on the fire.
စာဖတ်ပြီးလျှင်ပြီးချင်း၊ မီးဖိုထဲကို လွှင့်ပစ်လိုက်တယ်။

(e) As I was crossing the street, I slipped and fell.
*While crossing* the street, I slipped and fell.
လမ်းဖြတ်ကူးနေတုန်းမှာပဲ ခြေချော်ပြီးလဲတယ်။

## လေ့ကျင့်ခန်း (၂၀)

အောက်ပါဝါကျများကို ကွင်းထဲတွင် ပြထားသော အညွှန်းစာလုံးများ အတိုင်း ဆက်ပါ။

**e.g.** She was told the sad news. It made her ill.
(On learning)
On learning the sad news, she become ill.

(a) I went into the room. There was a stranger by my desk.
(On entering)

(b) He sold the house at last. So his joy was great.
(On selling)

(c) I was climbing the mountain.
Suddenly a wind nearly blew me off. (On climbing)

(d) I am using a compass. So my director is easy to find.
(By using)

(e) He looked over the wall. The house could be seen clearly.
(On looking)

မှတ်ချက်။

အောက်ပါ Gerundအသုံးအနှုန်းများကို ထပ်မံလေ့လာပါ။ အတုယူပါ။

(a) Imagine that an earthquake shook the floor.
Imagine an earthquake *shaking* the floor.
ငလျင်ဒဏ်ကြောင့် ကြမ်းပြင်ကြီး လှုပ်ခါသွားတာ စဉ်းစားပဲကြည့်ပါဦး။

(b) I've never heard that anyone has ever made that mistake.
I've never heard of anyone *making* that mistake.
ဒါမျိုးအမှားကို လုပ်တယ်ဆိုတာ ကျွန်တော်ဖြင့် တစ်ခါမှ မကြားမိဖူးဘူး။

(c) Just fancy! I meet you on this bus in Yangon and all the time I thought you were in Myitkyina.
Just fancy *meeting* you on this bus in Yangon when I thought you were in Myitkyina.
ကျုပ် ခင်ဗျားကို မြစ်ကြီးနားမှာပဲလို့ တစ်ချိန်လုံးထင်နေတာ ခုလို ရန်ကုန်ဘတ်(စ်)ကားပေါ်မှာ တွေ့လိုက်ရတော့ ဘယ်လောက်အံ့သြစရာ ကောင်းလိုက်သလဲလို့။

(d) She turned round. As soon as she did so, she was a man. He followed her.
*On turning* round she saw a man *following* her.
သူမ လှည့်ကြည့်လိုက်တော့ လူတစ်ယောက် သူမ နောက်ကို တကောက်ကောက် လိုက်နေတာ တွေ့လိုက်ရတယ်။

(e) I examined his papers. I was glad to find something about him. He was a student who worked hard.
*While examing* his papers I was glad to find he was a hard working student.

သူ့အဖြေလွှာတွေကို စစ်နေတုန်းမှာပဲ သူဟာ ကြိုးစားတဲ့ ကျောင်းသားမှန်း ကျွန်တော်သိလိုက်ရလို့ ဝမ်းသာရတယ်။

(f) I'll spend my holidays. I'll reading books.

I'll spend my holidays reading books.

ကျွန်တော် ကျောင်းအားရက်မှာ စာဖတ်ပြီး အချိန်ကို သုံးစွဲမယ်။

**လေ့ကျင့်ခန်း (၂၁)**

အောက်ပါဝါကျများတွင် ကွင်းထဲတွင် ပါဝင်သော စာလုံးများကို "-ing" ပုံစံပြောင်းရေးပေးပါ။

(a) I'll spend my summer next year (visit) Maymyo.

(b) I spent a long time yesterday (write) an essay.

(c) I have already spent half an hour (wait) for Ko Ko, and he hasn't come yet.

(d) I spent several months in 1969 (build) a ship.

(e) I spent a lot of time today (read) this chapter, and at last I understand it.

❖

# အခန်း (၂၀)

## အသုံးဝင်သော စကားလုံးများ

(1) after all.

(i) မျှော်လင့်ထားသည့်အတိုင်း အံ့သြစရာမဟုတ်။

(ii) မမျှော်လင့်စွာဖြင့် အံ့သြဖွယ်ရာ။

**e.g.**(a) I know everyone in the village, *that is no surprising* it is a very small village.

I know everyone in the village, *after all* it is a very small village.

ကျွန်တော် ဒီရွာက လူတိုင်းကို သိတယ်။ ဒါက အံ့သြစရာ မဟုတ်ဘူးလေ၊ ရွာကလည်း သိပ်သေးတာကိုး။

**e.g.**(b) There was a heavy rain in the morning, but later it turned out a beautiful afternoon *to our surprise*.

There was a heavy rain in the morning, but later it turned out a beautiful afternoon, *after all*.

မနက်က မိုးသိပ်သည်းတယ်၊ ဒါပေမဲ့ အံ့သြစရာကောင်းတာက နေ့လယ်ကျတော့ ရာသီဥတုဟာ သာယာသွားတယ်။

(2) as follow.

အောက်ပါအတိုင်း.....

e.g. He made a speech *with the following words*.
He made a speech *as follows*.
သူသည် အောက်ပါအတိုင်း မိန့်ခွန်းပြောကြားသည်။

(3) even so.
ဒီလိုဖြစ်ပေမယ့်လည်း၊ ဒါကို သဘောတူပေမယ့်လဲ။

**e.g.** (a) They say he did it. *Even though they say; that,* I still think he is innocent.
They say he did it. *Even so,* I still think he is innocent.
သူတို့က သူလုပ်တယ်လို့ ပြောကြတယ်။ ဒီလိုပြောကြပေမယ့်လည်း ကျွန်တော်တော့ သူအပြစ်ကင်းတယ်လို့လည်း ထင်နေဆဲပဲ။

(b) It is a luxurious car, *I agree with you on that,* but I don't like it.
It is a luxurious car, *even so* I don't like it.
ဒါဟာ ဇိမ်ခံကားပဲဆိုတာကို ထောက်ခံပေမယ့် ကျွန်တော်တော့ဖြင့် မကြိုက်ပါဘူး။

(4) if so / if that.
တကယ်လို့ ဒီလိုဖြစ်ခဲ့ရင်။

**e.g.** He didn't think anyone would come in, *but if any one enter it,* he would have to go and investigate.
He didn't think anyone would come in, *if so,* he would have to go and investigate.
ဒီထဲကို ဘယ်သူမှ ဝင်မလာဘူးလို့ သူထင်တယ်၊ တကယ်လို့ ဝင်လာခဲ့ရင်လည်း သူသွားပြီး စုံစမ်းစစ်ဆေးရမှာပဲ။

(5) let alone / much less.
ထားဦးတော့။

**e.g.** I cannot even lend you 50 kyats, *and I certainly cannot lend you as much as 500 kyats*.

I cannot even lend you 50 kyats, *let alone* 500 kyats.
မင်းကို ငါးရာချေးဖို့ထားဦးတော့ ငါးဆယ်တောင် မချေးနိုင်ဘူး။

(6) so far.
ခုချိန်ထိ။

**e.g.** She is still ill, but up to now she has not got any worse.
She is still ill, but *so far* she has not got any worse.
သူဖျားနေဆဲပဲ၊ ဒါပေမယ့် ခုချိန်ထိတော့ သိပ်ဆိုးရွားစရာ မရှိသေးပါဘူး။

(7) after all.
မည်သို့ပင်ဆိုစေကာမူ။

**e.g.** We hope he would not go, yet he went, contrary to our expectations.
We hope he would not go, yet he went, after all.
ကျွန်တော်တို့ သူမသွားဘူးလို့ မျှော်လင့်ကြတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သူကတော့ သွားဖြစ်အောင်သွားတယ်။

(8) never mind.
စိတ်မပူပါနှင့်။

**e.g.** I know the result isn't as good as you had hoped; but don't worry about it, you'll do better next time.
I know the result isn't as good as you had hoped; but never mind, you'll do better next time.
မင်းမျှော်လင့်ထားသလို သိပ်အကျိုးမဖြစ်ဘူးဆိုတာ ငါသိတယ်။ ဒါပေမယ့် စိတ်မပူပါနဲ့။ မင်း နောက်တစ်ကြိမ်ဆို ပိုကောင်းလာမှာပါ။

(9) quite so.
မင်း ပြောတာမှန်တယ်။ ငါလည်း သဘောတူတယ်။

**e.g.** You say he is bad; you're quite right.
You say he is bad, quite so.
သူမကောင်းဘူးလို့ မင်းပြောတယ်နော်။ အဲဒါ မှန်တယ်ကွ။ ငါလည်း ဒီသဘောအတိုင်းပဲ။

(10) With that.
လုပ်စရာရှိတာ အကုန်လုပ်ပြီးနောက်။

**e.g.** He said what he wanted to say, and having said it all then he walked away.
He said what he wanted to say and with that he walked away.
သူသည် သူပြောချင်သည်များကို အကုန်ပြောပြီးနောက် လမ်းလျှောက်ထွက်သွားတော့၏။
အောက်ပါ အပြန်အလှန်စကားပြောများကို သေချာစွာ လေ့လာကျက်မှတ်ပါ။

**(1)**

A. Will you lend me 500 kyats?
ကျွန်တော့်ကို ငွေငါးရာချေးပါလား။

B. I cannot lend 50 kyats, let alone 500 kyats.
မင်းကို ငွေငါးရာချေးဖို့ထား၊ ငါးဆယ်တောင် မချေးဘူး။

A. I thought, you had 1000 kyats in your brief-case.
ခင်ဗျား လက်ဆွဲအိတ်ထဲမှာ ငွေတစ်ထောင်ရှိတယ်လို့ ကျွန်တော် ထင်တာပဲ။

B. I've only got 45 kyats in my brief-case, if that.
ကျွန်တော့်လက်ဆွဲအိတ်ထဲမှာ လေးဆယ့်ငါးကျပ်ပဲ ရှိတယ်ဗျ။ လေးဆယ့်ငါးကျပ်တောင် ပြည့်မှပြည့်ပါ့မလား မသိဘူး။

A. You've always said, you would help me if I was in trouble.
ကျွန်တော် ဒုက္ခတွေ့ရင် ခင်ဗျား အကူအညီပေးမယ်လို့ ခင်ဗျား အမြဲတမ်း ပြောခဲ့တယ်လေ။

B. Even so, I can't help you in this way now.
ကျွန်တော် အဲသလိုပြောခဲ့ပေမယ့်လည်း အခုတော့ ခင်ဗျားကို ဒီနည်းနဲ့ ကျွန်တော် မကူညီနိုင်ဘူး။

A. But I've smashed my car.
ဒါပေမယ့် ခု ကျွန်တော် ကားတိုက်မှုဖြစ်လို့ဗျ။

B. No wonder, you always drive recklessly.
ကားတိုက်တာလည်း မဆန်းပါဘူး။ မင်းက အမြဲပဲ အမောင်းကြမ်းတာပဲ။

A. How many accidents have you had with your car?
ခင်ဗျားရော ကားဘယ်နှစ်ကြိမ် တိုက်ဖူးခဲ့ပြီလဲ။

B. None, so far.
ခုချိန်ထိ တစ်ခါမှ မတိုက်ဖူးသေးဘူး။

**(2)**

A. I feel very dizzy after the party last night.
မနေ့ည ပါတီပြီးကတည်းက ကျွန်တော်တော့ ခေါင်းမူးနေတာပဲဗျာ။

B. No wonder, you drank too much.
ဒါက အံ့ဩစရာ မဟုတ်ပါဘူးဗျာ။ ခင်ဗျားက သိပ်သောက်ခဲ့တာကိုး။

A. But everyone wanted to enjoy themselves.
ဒါပေမယ့်ဗျာ လူတိုင်းလည်း ပျော်ပျော်ပါးပါး သောက်ချင်ကြတာပဲကိုး။

B. Even so, you shouldn't have drink so much.
ဒီလိုဆိုတောင်မှဗျာ၊ ခင်ဗျား ဒီလောက်များများကြီး မသောက်သင့်ပါဘူး။

A. But you yourself had ten beer.
ဒါပေမယ့် ခင်ဗျားတောင်မှ ဘီယာဆယ်လုံး သောက်သေးတာပဲ။

B. I didn't have five, let alone ten.
ဘီယာဆယ်လုံး ထားတော့ဗျာ၊ ငါးလုံးတောင် ကျွန်တော် မသောက်ပါဘူး။

A. How many drinks did you have?
ခင်ဗျား ဘယ်နှစ်လုံးလောက် သောက်ခဲ့လို့လဲ။
B. Three, if that.
သုံးလုံးတောင် ပြည့်မှပြည့်ပါ့မလား မသိဘူး။
A. How do you feel this morning?
ဒီမနက် ဘယ်လိုနေသလဲ။
B. All right, so far.
ခုထိတော့ ကောင်းနေတာပဲ။

❖

# အခန်း (၂၁)

## တိုတိုနှင့်ထိမိသော စကားပြောအသုံးအနှုန်းများ

(1) I'm afraid so.
မပြောချင်ပေမယ့် ပြောရသည့်အခြေအနေတွင် သုံးသည်။
e.g. I regret to tell you that this is the situation.
(ဒီအခြေအနေက ဒီလိုဖြစ်နေတယ်ဆိုတာကို ပြောရတာ ဝမ်းနည်းပါတယ်) ဟူသော ဝါကျအစား "I'm afraid so."ဟု သုံးလိုက်လျှင် တိုတိုနှင့် လိုရင်းရောက်သည်။

(2) I'm afraid not.
တစ်ဖက်သားက အဟုတ်ထင်နေသည်ကို မဟုတ်ဟု ယဉ်ယဉ်ကျေးကျေး ပြောသည့်နေရာတွင် သုံးသည်။
e.g. I'm sorry to tell you that this is not the situation.
(အခြေအနေက ဒီလိုမဟုတ်ဘူးဆိုတာ ပြောရတာ ဝမ်းနည်းပါတယ်) အစား "I'm afraid not" ကို သုံးပါ။

(3) I hope so.
ကျွန်တော်လည်း ဒီလိုပဲ မျှော်လင့်တယ်။
e.g. I hope that this will happen.
ဒါဖြစ်လိမ့်မယ်လို့ ကျွန်တော် မျှော်လင့်တယ်။
I hope so. (တိုတိုနဲ့လိုရင်း)
ကျွန်တော်လည်း ဒီလိုမျှော်လင့်တယ်။

(4) I hope not.
ကျွန်တော် ဒီလိုမဖြစ်ဘူးလို့ မျှော်လင့်တယ်။
e.g. I hope that this will not happen.
ဒါဖြစ်မှာ မဟုတ်ဘူးလို့ ကျုပ် မျှော်လင့်တယ်။
I hope not. (တိုတိုနဲ့လိုရင်း)

(5) I wonder why.
ဘာကြောင့် ဒီလိုဖြစ်တယ်ဆိုတာ စဉ်းစားနေမိတယ်။
e.g. I wonder why this happened.
ဘာကြောင့် ဒီလိုဖြစ်တယ်ဆိုတာ ကျွန်တော် စဉ်းစားနေမိတယ်။
I wonder why. (တိုတိုနဲ့လိုရင်း)

(6) I wonder why not.
ဘာကြောင့် ဒီလိုမဖြစ်ခဲ့သလဲဆိုတာ စဉ်းစားနေမိတယ်။
I wonder why this did not happen.
ဘာကြောင့် ဒီလိုမဖြစ်ခဲ့သလဲဆိုတာ စဉ်းစားနေမိတယ်။
I wonder why not. (တိုတိုနဲ့လိုရင်း)

(7) I think so.
ငါလည်း ဒီလိုပဲထင်တယ်။
e.g. I think this will happen.
ဒါဖြစ်လိမ့်မယ်လို့ ငါထင်တယ်။
I think so. (တိုတိုနဲ့လိုရင်း)

(8) I don't think so.
ငါတော့ ဒီလိုမထင်ဘူး။
e.g. I think this will not happen.
ငါတော့ ဒါဖြစ်လိမ့်မယ်လို့ မထင်ဘူး။
I don't think so. (တိုတိုနဲ့လိုရင်း)

(9) I'd rather not.
ကျွန်တော် ဒါမလုပ်ရတာကို ပိုကြိုက်တယ်။
e.g. I would prefer not to do this.
ကျွန်တော် ဒါမလုပ်ရတာကို ပိုသဘောကျတယ်။
I'd rather not. (တိုတိုနဲ့လိုရင်း)

(10) I'd better not.
ကျွန်တော် ဒါမလုပ်ရင် ပိုကောင်းတယ်။
e.g. It will not be a good idea for me to do this.
ဒါလုပ်ဖို့ရာ ကျွန်တော့်အတွက် မတော်လှဘူး။
I'd better not. (တိုတိုနဲ့လိုရင်း)

❖

# အခန်း (၂၂)

## AS WELL အသုံးအနှုန်းများ

**As well:**

ကောင်းသောအကြံ၊ ကောင်းသောအလုပ်၊ အသုံးဝင်သောကိစ္စ။

**e.g.** Ma Ma won't phone now, so I may *as well* go to bed now.

မမ အခု ဖုန်းဆက်မှာ မဟုတ်ဘူး။ ဒါကြောင့် ငါ အခု အိပ်ရာဝင်ရင် ကောင်းမှာပဲ။

It is *as well to* put the money away carefully.

ပိုက်ဆံကို သေသေချာချာသိမ်းထားတာ ကောင်းတယ်။

*If will be as well for* you to wear your coat when you go out at night.

ညဘက် ခင်ဗျား အပြင်ထွက်ရင် ကုတ်အင်္ကျီဝတ်သွားမှ ကောင်းလိမ့်မယ်။

*It was as well that* you had your registration card when you went to the bank yesterday.

ခင်ဗျား ဘဏ်ကို မနေ့ကသွားတုန်းက ခင်ဗျားရဲ့ မှတ်ပုံတင်ကတ်ပြားကို ယူသွားခဲ့ရင် ကောင်းမှာပဲ။

**လေ့ကျင့်ခန်း (၂၂)**

အထက်ပါ As well အသုံးအနှုန်းများကို အောက်ပါဝါကျများတွင် သုံးစွဲပါ။

ဥပမာ- When the headmaster speaks, it is always (listen) carefully.

When the headmaster speaks, it is always *as well to* listen carefully.

(a) It will be . . . . . for you (have) two pens for the exam next week.

(b) It's too far to walk, and we may . . . . . take a bus.

(c) If I have to wake up at 2 o'clock to catch the train, I may . . . . . not go to bed at all.

(d) The cinema is always full on Sundays; it . . . . . (get) there early.

(e) It's very cold today; it . . . . . (wear) your coat when you go out.

(f) As that is the only train there on Saturday, it . . . . . not to miss it.

(g) It is . . . . . (know) the facts before criticising.

(h) When you go to the police tomorrow, it will be . . . . . (take) your passport with you.

❖

## အခန်း (၂၃)
## "TOO" အသုံးအနှုန်း

**e.g.** (1) That road is narrow. The lorry cannot go there.

That road is *too* narrow for the lorry.

ဒီလမ်းဟာ လော်ရီကားအတွက် ကျဉ်းလွန်းလှတယ်။

(2) The student is ill. He cannot take the exam.

The sutdent is *too* ill for the exam.

ကျောင်းသားသည် စာမေးပွဲမဖြေနိုင်လောက်အောင်ပင် အလွန်ဖျားနေသည်။

အထက်ပါဝါကျများမှာ "too"နောက်တွင် Nounပုဒ်များလိုက်သော ဥပမာများဖြစ်သည်။ ထိုနည်းအတိုင်း အောက်ပါလေ့ကျင့်ခန်းများကို လုပ်ကြည့်ပါ။

### လေ့ကျင့်ခန်း (၂၃)

(a) The suitcase is small. My clothes won't all go in it.
(b) Those shoes are big. They are much bigger than my feet.
(c) This music is noisy. My grandmother can't stand it.
(d) The loads are extremely heavy. The lorry cannot carry it.

အောက်ပါဝါကျများမှာ "too"နောက်က verbလိုက်သော ဝါကျများဖြစ်သည်။ "too . . . . . to" ပုံစံကို သုံးရသည်။

e.g. (1) They are poor. They can't afford to buy a mat.
They are *too* poor *to* buy a mat.
သူတို့ဟာ ဆင်းရဲလွန်လွန်းလို့ ဖျာတစ်ချပ်တောင် မဝယ်နိုင်ဘူး။

(2) We are late. We won't catch the train now.
We are *too* late *to* catch the train now.
ကျွန်တော်တို့ဟာ နောက်ကျလွန်လွန်းလို့ ရထားကိုတောင် မမှီတော့ဘူး။

## လေ့ကျင့်ခန်း (၂၄)

အောက်ပါဝါကျများကို "too . . . . . to" ပုံစံဖြင့် ဆက်ပေးပါ။

(a) She was ill. She could not attend the meeting.
(b) I am tired. I can't drive this morning.
(c) This book is quite big. It won't go into my bag.
(d) He is a clever man. He won't believe that silly story.
(e) That wood is wet. It won't burn.

အောက်ပါဝါကျများမှာ "too" နောက်က Noun (သို့မဟုတ်) Pronoun နှင့် Verb များလိုက်သော ပုံစံများဖြစ်၏။ သေချာစွာ လေ့လာပြီး အတုယူရေးသားပါ။

e.g. (1) She cannot carry that bag. It is very heavy.
That bag is *too* heavy for her to carry.
(2) The shelf is very high. the children can't reach it.
The shelf is *too* high for the children to reach it.
(3) That plan is highly dangerous. You mustn't consider it.
That plan is *too* dangerous for you to consider.

## လေ့ကျင့်ခန်း (၂၅)

အထက်ပါပုံစံအတိုင်း အောက်ပါဝါကျများကို "too" ပုံစံဖြင့် ဆက်ပါ။

(a) The sentence is difficult. He cannot translate it.

(b) The room was extremely dark. It was impossible for me to see anything.
(c) The weather is very bad this afternoon. No plane will be able to take off.
(d) The horse is still very wild. The man could not control it.
(e) The man is quite ugly.
They won't choose, him as an actor.

❖

# အခန်း (၂၄)

## "ENOUGH" အသုံးအနှုန်း

e.g. (1) That coat is very small. It is no use for you.
That coat is not big enough for you.
ဒီကုတ်အင်္ကျီဟာ ခင်ဗျားနဲ့ မတော်ဘူး။

(2) He is very silly. He will believe anything.
He is silly enough to believe anything.
သူသည် အရာရာကို ယုံနိုင်လောက်အောင်ပင် ဉာဏ်ပညာမဲ့သူ ဖြစ်သည်။

(3) The light was dim. We couldn't see to read.
The light was not bright enough for us to see to read.

### လေ့ကျင့်ခန်း (၂၆)

အောက်ပါဝါကျများကို "enough" ဖြင့် ဆက်ပါ။

(a) The road is quite narrow. The lorry can't go along it.
(b) The boy is still very weak. He mustn't play football yet.
(c) The train is slow. It cannot be called an express.
(d) That word is easy. Any child can spell it.
(e) This book is small. It is all right for my pocket.
(f) You are quite good at English. You can do this exercise.
(g) He is rich. He can easily buy the best car.
(h) The house is big. All the family can live there.

❖

## အခန်း (၂၅)

## SO / SUCH ပုံစံများ

such နှင့် so.....that အသုံးအနှုန်းများသည် အဓိပ္ပာယ်အားဖြင့် အတူတူပင်ဖြစ်သည်။ ဝါကျပုံစံမျိုးစုံ ရေးတတ်ရန် အလဲလဲ အလှယ်လှယ် အသုံးပြု လေ့ကျင့်ထားသင့်သည်။

**e.g.** (1) It was such a terrible weather *that* we had to cancel our journey.

The weather was *so* terrible *that* we had to cancel our journey.

ရာသီဥတု သိပ်ဆိုးသဖြင့် ကျွန်ုပ်တို့ ခရီးစဉ်ကို ဖျက်လိုက်ရသည်။

(2) It is *such* a small house *that* the family cannot live in it.

The house is *so* small *that* the whole family cannot live in it.

အိမ်သည် သိပ်ကျဉ်းလွန်းသဖြင့် မိသားစုတစ်စုလုံး မနေနိုင်။

**လေ့ကျင့်ခန်း (၂၇)**

such ကို so ပုံစံ ပြောင်းပေးပါ။

(a) They are such rich, brothers and sisters that they can buy every luxury.

(b) She is such an old woman that she should not be left alone in the house.
(c) She wore such lovely dresses that everyone admired her.
(d) She did such brilliant work that she won the prize.
(e) He wrote such interesting novel that everyone like it.

## လေ့ကျင့်ခန်း (၂၈)

so ကို such ပုံစံပြောင်းပေးပါ။

**e.g.** Today's weather is *so* wonderful *that* we'll have a picnic.
It is *such* a wonderful weather today *that* we'll have a picnic.

(a) The child ate so much sweets that he made himself ill.
(b) That car is so fast that other drivers can never overtake it.
(c) The station was so near my house that I got there quickly.
(d) The suitcases were so heavy that I could not lift them.
(e) We walked so far that we quite exhausted ourselves.

❖

# အခန်း (၂၆)

# HOWEVER / NO MATTER HOW

**e.g.** (1) You may speak as loudly as you can.
She won't hear you.

(2) *However* loudly you speak, she won't hear you.

(3) *No matter how* loudly you speak, she won't hear you.

မင်း ဘယ်လောက် ကျယ်ကျယ်ပြောပြော သူကြားမှာ မဟုတ်ဘူး။

(အထက်ပါ ဝါကျသုံးကြောင်း၏ အဓိပ္ပာယ်မှာ အတူတူချည်းဖြစ်၏။)

(1) This typewrite may be extremely cheap but I won't buy it.

(2) *However* cheap this typewrite is, I won't buy it.

(3) *No matter how* cheap this typewriter is, I won't buy it.

ဒီလက်နှိပ်စက် ဘယ်လောက်ပဲ ဈေးပေါပါစေ၊ ငါတော့ မဝယ်ဘူး။

## လေ့ကျင့်ခန်း (၂၉)

အောက်ပါတို့ကို However / No matter how တို့ဖြင့် ဆက်ပေးပါ။

(a) You may pay him a great deal of money.
Nevertheless, he will not work any harder.

(b) You may be the strongest person in the world.
But you will not be able to lift that iron box.

(c) Sometimes he hardly eats anything at all.
Yet he always feels full.

(d) Give them all the money in the world.
They will still be dissatisfied.

(e) It doesn't matter what the heat is.
She always wears an overcoat.

(f) This watch may be extremely expensive.
However, I am determined to buy it.

❖

## အခန်း (၂၇)
## ALREADY, STILL, YET

(1) Already

ယခု ပြောနေသည့်အချိန်တွင် အလုပ်ကိစ္စတစ်ခုခုမှာ ပြီးဆုံးနေသည့် အခါတွင် သုံးသည်။

**e.g.** I went to help him at 3 o'clock, but he had finished the job already.

ကျွန်တော် သူ့ကိုကူညီဖို့ ၃ နာရီမှာ သွားခဲ့တယ်။ ဒါပေမယ့် ကျွန်တော်ရောက်ချိန်မှာ သူ အလုပ်ပြီးနှင့်နေပြီ။

**လေ့ကျင့်ခန်း (၃၀)**

Already သုံးပြီး အောက်ပါဝါကျများကို ပြန်ရေးပါ။

(a) Doctor hurry injured woman, but dead.
(b) Father advise daughter not marry man, but had married.
(c) I ran prevent brother throw letter fire, but letter burning.

(2) Still

ယခုပြောနေချိန်တွင် ဆက်လက်လုပ်ကိုင်နေဆဲဖြစ်ကြောင်း ပြလိုသည့်အခါ သုံးသည်။

e.g. Though we have tried to persuade him to change his mind, he still refuses to do so.
ကျွန်တော်တို့က သူ့ကို စိတ်ပြောင်းပစ်ဖို့ ကြိုးစား ဆွဲဆောင်ပြောကြပေမယ့်လည်း သူက စိတ်ပြောင်းဖို့ကို ငြင်းဆိုနေဆဲပဲ။

**လေ့ကျင့်ခန်း (၃၁)**

Still သုံးပြီး အောက်ပါဝါကျများကို ပြန်ရေးပါ။

(a) Though it is warn, she wear thick coat.
(b) Though police warn his slippery road, he drive fast.
(c) Though I advise him not go there, he intend to do so.

(3) Yet
ယခုပြောနေသည့်အချိန်အထိ မလုပ်မကိုင်ရသေးသည့်သဘောကို ပြောဆိုသည့်အခါတွင် သုံးသည်။

e.g. I haven't found his address, so I can't write to him *yet*.
ကျွန်မ သူ့လိပ်စာကို ရှာမတွေ့သေးဘူး။ ဒါကြောင့် ခုထက်ထိ သူ့ကို စာမရေးရသေးဘူး။
Have you ever been to Bagan *yet*?
ခင်ဗျား ခုထက်ထိ ပုဂံကို မရောက်ဖူးသေးဘူးလား။

မှတ်ချက် - Yet ကို Negative Sentence(no, not ပါသည့် မဟုတ်ဝါကျ)နှင့် Interogative Sentence (မေးခွန်းဝါကျ) စသည့် ဝါကျပုံစံ (၂) မျိုးတွင်သာ သုံးသည်။

**လေ့ကျင့်ခန်း (၃၂)**

အောက်ပါဝါကျများကို Yet သုံးပြီး ပြောင်းရေးပါ။

(a) The water not boil, so we not have coffee.
(b) She must consider business carefully, so can't answer.
(c) Child only begin learn science last week, so will not under-stand problem.

## သတိပြုရန်

Still နှင့် Yet ကို အခြားအဓိပ္ပာယ်တစ်မျိုးအနေနှင့်လည်း သုံးသေးသည်။ အထူးသဖြင့် "သို့သော်" (but) နေရာတွင် အစားထိုးသုံးနိုင်သည်။

**e.g.** He was honest *but* I did not trust him.
He was honest. *Still* I did not trust him.
He was honest. *Yet* I did not trust him.
သူက ရိုးသားပါတယ်။ ဒါပေမယ့် ငါ သူ့ကို မယုံဘူး။

## လေ့ကျင့်ခန်း (၃၃)

အောက်ပါဝါကျများတွင် ကွင်းထဲမှ ဆီလျော်သော စာလုံးများကို သုံးပြီး ရေးသားပါ။

(a) Have they made him repay the money (still / yet)?
(b) She is (still / yet) looking forward to a month in Mandalay, I haven it told her (still / yet) that we shan't be able to go.
(c) U Ko Lay is (still / yet) living in Yangon; he hasn't moved to Mawlamyine (still / yet).
(d) No, the train is not full (still / yet); there are (still / yet) some empty seats.
(e) The flight over the mountains is (still / yet) risky; the storms haven't passed acrossed the mountain (still / yet).

❖

# အခန်း (၂၈)

## NEGATIVE ADVERBS, ADJECTIVE, PRONOUNS

အင်္ဂလိပ်ဝါကျတွင် "မဟုတ်စာလုံး" (Negative) နှစ်ခုပါသော ဝါကျသည် "မဟုတ်ဝါကျ" မဖြစ်တော့ဘဲ အဟုတ်ဝါကျ အဓိပ္ပာယ်ထွက် လာတတ်သည်။

**e.g.** He does *not* want *no* help.

ဤဝါကျတွင် "no" ရော "not" ရော "မဟုတ်စာလုံး" များဖြစ်သည်။ ထိုဝါကျ၏ အဓိပ္ပာယ်မှာ (သူသည် ဘာအကူအညီမှမလို) ဟူ၍ဖြစ်သည်။ သဒ္ဒါနည်းအရ မှန်မှန်ကန်ကန် ရေးလိုလျှင် -

He does *not* want *any* help.

ဟူ၍ "no" နေရာတွင် "any" ကိုသုံးမှ မှန်မည်။

**e.g.** I haven't seen nothing unusual. (Wrong)

I haven't seen anything unusual. (Right)

ထူးထူးဆန်းဆန်း ဘာတစ်ခုမှ ငါမတွေ့မိဘူး။

He is hungry because he hasn't eaten nothing. (Wrong)

He is hungry because he hasn't eaten anything. (Right)

သူဆာနေတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ ဘာမှမစားရသေးလို့။

မှတ်ချက် - "Hardly" နှင့် "Seldom" တို့ကို Negative စာလုံးများ အဖြစ် သုံးစွဲရသည်။

**e.g.** She has hardly no friends no where. (Wrong)
She has hardly any friends no where. (Right)
သူ ဘယ်နေရာမှာမှ သူငယ်ချင်းတစ်ယောက်မှ မရှိ။
Seldom has no one spoken so bravely. (Wrong)
Seldom has anyone spoken so bravely. (Right)
ဘယ်သူမှ ရဲရဲတင်းတင်း ပြောရဲခဲ့တယ်။

**မှတ်ချက်** - ဝါကျတစ်ကြောင်းတွင် Clause နှစ်ခုပါလျှင် Negative စာလုံးနှစ်လုံး သုံးနိုင်သည်။

**e.g.** Nobody will want to do any work for him, if he does not treat people considerately.
(သူ ဒီလိုသာ လူတွေကို ကောင်းကောင်းမဆက်ဆံရင် ဘယ်သူမှ သူ့ကို အလုပ်လုပ်ပေးချင်မှာ မဟုတ်ဘူး)
That person can never solve any of these problems properly, because no one has ever explained anything to him clearly.
(ဒီလူဟာ ဒီပြဿနာတွေကို တစ်ခုမှ မှန်မှန်ကန်ကန် ဘယ်တော့မှ ဖြေရှင်းနိုင်မှာ မဟုတ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဘယ်သူကမှ သူ့ကို ဘာတစ်ခုမှ မှန်မှန်ကန်ကန် ရှင်းမပြလို့ပဲ။)

**ခြွင်းချက်**

Neither.....Nor နှစ်ခုစလုံးသည် Negative စာလုံးများဖြစ်သော်လည်း တွဲသုံး၍ရသည်။

**e.g.** Neither Ko Ko nor Nyi Nyi has ever visited that village.
ကိုကိုရော ညီညီရော ဘယ်သူမှ ထိုရွာကို မရောက်ခဲ့ကြ။
I want neither the one nor the other.
ကျွန်တော်သည် ထိုတစ်ခုကိုရော အခြားတစ်ခုကိုပါ ဘာတစ်ခုမှ မလိုချင်ပါ။
(အထက်ပါဝါကျကို I don't want either the one or the other ဟူ၍ ရေးသားနိုင်လျှင် ပို၍ အကောင်းဆုံးဖြစ်ပါမည်။)

❖

# အခန်း (၂၉)

## ကြိယာ၏ -ING ပုံစံများ

ကြိယာများကို -ing ပေါင်းထည့်ပေးလျှင် နာမ်အနေနှင့် သုံး၍ရသည်။

**e.g.** (a) Swimming is a good sport.
ရေကူးခြင်းသည် ကောင်းသော အားကစားတစ်ခုဖြစ်သည်။
(b) He likes swimming.
သူရေကူးခြင်းကို ကြိုက်သည်။

အထက်ပါ ဝါကျနှစ်ခုလုံးရှိ "Swimming"သည် ကြိယာမဟုတ်ဘဲ နာမ်အနေနှင့် သုံးထားသည်ကို လေ့လာပါ။ They are swimming (သူတို့ ရေကူးနေကြသည်)ဟူသော အသုံးအနှုန်းနှင့် မတူသည်ကို သတိပြုပါ။

**e.g.** (a) Dancing is fun.
ကခုန်ခြင်းသည် ပျော်စရာကောင်းသည်။
(b) They love dancing.
သူတို့ ကခုန်ခြင်းကို နှစ်သက်သည်။

(They are dancing "သူတို့ ကခုန်နေကြသည်" ဆိုသော ဝါကျနှင့် မတူညီသည်ကို သတိပြု)

**e.g.** (a) Smoking is dangerous.
ဆေးလိပ်သောက်ခြင်းသည် အန္တရာယ်များ၏။
We hate smoking.
ကျွန်တော်တို့သည် ဆေးလိပ်သောက်ခြင်းကို ရွံမုန်း၏။

(**မှတ်ချက်**။ ။ They are smoking သူတို့ ဆေးလိပ်သောက်နေကြသည် ဟူသော ဝါကျနှင့်မတူ)

(1) အောက်ပါဝါကျများမှ -ing အသုံးအနှုန်းများကို ဆက်လက်လေ့လာ အတုယူပါ။

They love listening to the radio.
သူတို့ ရေဒီယိုနားထောင်ခြင်းကို နှစ်သက်သည်။
I hate working hard.
ကျွန်တော် အလုပ်ကြိုးစားရခြင်းကို မုန်း၏။
I like *reading* books.
ကျွန်တော် စာအုပ်ဖတ်ခြင်းကို ကြိုက်သည်။
She doesn't like *scrubbing*.
သူမသည် ကြမ်းတိုက်ရခြင်းကို မကြိုက်။
*Driving* a truck is hard.
ထရပ်ကားမောင်းခြင်းသည် ခက်၏။
*Playing* tennis is good exercise.
တင်းနစ်ကစားခြင်းသည် ကောင်းသော လေ့ကျင့်ခန်းဖြစ်၏။
These knives are blunt They want *sharpening*.
ဤဓားများ တုံးနေသည်။ သွေးပေးခြင်းပြုရန် လိုအပ်မည်။ (သွေးပေးဖို့ လိုသည်)
Your face is dirty. It needs *washing*.
မင်းမျက်နှာ ညစ်ပတ်နေတယ်၊ ဆေးကြောခြင်းပြုဖို့ လိုပြီ။
This table is broken. It requires *mending*.
ဤစားပွဲ ကျိုးပျက်နေသည်။ ပြင်ဆင်ခြင်းပြုရန် လိုအပ်နေသည်။

## သတိပြုရန်

အထက်ပါ ဝါကျများတွင် -ing ပုံစံများသည် love, like, hate, want, need, require စသည့် စာလုံးများနောက်တွင် ကပ်၍ သုံးရသည်ကို သတိပြုပါ။ ထိုစာလုံးများအပြင် အောက်ဖော်ပြပါ စာလုံးများနောက်တွင်လည်း -ing ပုံစံတွဲသုံးရသည်ကို လေ့လာမှတ်သားပါ။

| | | |
|---|---|---|
| You must<br>They will<br><br><br><br>He can | stop<br>finish<br>give up<br>leave off | singing<br>smoking<br>playing<br>swimming<br>cooking<br>learning<br>reading<br>styding<br><br>looking<br>walking |
| | continue<br>keep on<br>go on | |
| | ☆ cease<br>☆ start<br>☆ begin<br>☆ commence<br>☆ continue | |

မှတ်ချက်။ ။ ☆ ကြယ်ပွင့်ပြထားသော cease, start, begin, commence, continue စသော စကားလုံးများနောက်တွင် -ing အစား to သုံးလျှင်လည်း ရသည်။

He will *cease* to do that.
သူ ဒါကိုလုပ်ရန် ရပ်ဆိုင်းလိမ့်မည်။
I *start to* sing.
ကျွန်မ သီချင်းစဆိုမည်။
We *begin to* work hard.
ကျွန်တော်တို့ အလုပ် စတင်ကြိုးစားကြမည်။
He *commences to* explain.
သူ စတင်ပြီး ရှင်းလင်းသည်။

I *continue to* help you.

ကျွန်တော် သူ့ကို ဆက်လက်၍ ကူညီမည်။

(2) ခြွင်းချက်

"stop" နောက်တွင် -ing ရော to ပါ သုံးနိုင်သည်။ သို့သော် အဓိပ္ပာယ် အလွန်ခြားနားသွားမည်ဖြစ်၏။

He *stopped talking* to me.

သူ ကျွန်တော့်ကို စကားပြောနေခြင်းအား ရပ်ဆိုင်းလိုက်သည်။ (ခုနက သူ စကားပြောနေတယ်။ နောက်တော့ ရပ်လိုက်ပြီး တိတ်ဆိတ်နေလိုက်တဲ့သဘော)

He *stopped to* talk to me.

သူသည် ကျွန်တော့်ကို စကားပြောရန်အတွက် ရပ်လိုက်မည်။ (သူ ကျွန်တော့်ကို မြင်လိုက်လို့ ရှေ့ဆက်မသွားတော့ဘဲ စကားပြောဖို့ ရပ်ပြီး စောင့်တဲ့သဘော)

(3) go, remember တို့နောက်တွင်လည်း -ing သုံးသည်။

I *go swimming* on Sunday.

တနင်္ဂနွေနေ့မှာ ကျွန်တော် ရေသွားကူးတယ်။

She *went shopping*.

သူမ ဈေးဝယ်ထွက်ခဲ့တယ်။

I *remember posting* your letter.

မင်းစာကိုထည့်ဖို့ ငါသတိရတယ်။

(4) Would you mind . . . . . နောက်တွင် -ing သုံးသည်။

Open the door, please.

Will you open the door, please?

Would you open the door, please?

*Would you mind opening* the door, please?

အထက်ပါဝါကျအားလုံးသည် "တံခါးဖွင့်ပေးပါ" ဟူသော အဓိပ္ပာယ်များကိုချည်း ဆောင်သည်။ သို့သော် အောက်ဆုံး၌ Would you mind opening ပုံစံသည် အယဉ်ကျေးဆုံးပုံစံဖြစ်သည်။

*Would you mind lending* me your pencil, please?
ကျေးဇူးပြုပြီး ခဲဖျားခဲတံ ငှားနိုင်မလား။
*Would you mind opening* the box, please?
ကျေးဇူးပြုပြီး သေတ္တာကို ဖွင့်ပေးနိုင်မလား။
(အထက်ပါအတိုင်း အကူအညီတောင်းလာလျှင် ကူညီလုပ်ကိုင်ပေးလိုသည့်အခါ "I don't mind lending you" "I don't mind opening the box" စသည်ဖြင့် ပြန်ဖြေရသည်။)
I wouldn't mind winning the lottery.
ကျွန်တော် ထီပေါက်ချင်တယ်။
(I wouldn't mind ဟူသည့် အဓိပ္ပာယ်မှာ I would like to "ချစ် တယ်" ဆိုသည့် အဓိပ္ပာယ်ကို ဆောင်ပါသည်။)
I wouldn't mind having a cup of tea.
ကျွန်မ လက်ဖက်ရည်တစ်ခွက် သောက်ချင်ပါတယ်။
I *couldn't mind having* a rest.
ကျွန်တော် အနားယူချင်တယ်။

(5) intend, admit, deny, worth တို့၏နောက်တွင်လည်း -ing သုံးသည်။
I *intend buying* a book tomorrow.
နက်ဖြန်ကျရင် စာအုပ်တစ်အုပ်ဝယ်ဖို့ ရည်ရွယ်ထားတယ်။
I *admit saying* that yesterday.
ကျွန်တော် ဒါကိုပြောတယ်လို့ မနေ့က ဝန်ခံခဲ့တယ်။
They *deny siting* on the bed last night.
ခုတင်ပေါ်မှာ ထိုင်တယ်ဆိုတာကို မနေ့ညက သူတို့ငြင်းကြတယ်။
This job is *worth doing.*
ဒီအလုပ်ကို လုပ်သင့်လုပ်ထိုက်တယ်။

(6) -ing ၏ အခြားသော အသုံးအနှုန်းများ
(a) Adjective အနေနှင့် သုံးနိုင်သည်။
This is an *interesting* book.
ဒါ စိတ်ဝင်စားစရာကောင်းတဲ့ စာအုပ်ပဲ။

I have an *aching* tooth.
ကျွန်တော့်မှာ ကိုက်နေတဲ့ သွားတစ်ချောင်းရှိတယ်။

(b) ဝါကျနှစ်ခု ဆက်နိုင်သည်။
He's sitting down + He's listening to the radio.
He's *sitting* down *listening* to the radio.
သူသည် ထိုင်ပြီး ရေဒီယိုနားထောင်သည်။
She's *standing talking* to me.
သူသည် ကျွန်တော့်ကို မတ်တပ်ရပ်လျက် စကားပြောနေသည်။
I'm sitting thinking.
ကျွန်တော်သည် ထိုင်ပြီး စဉ်းစားနေသည်။

(c) because ပါသော ဝါကျများကိုလည်း တစ်မျိုးပြောင်း၍ -ing ဖြင့် အစားထိုးသုံးနိုင်သည်။
I went in because I found the door open.
Finding the door open, I went in.
တံခါးပွင့်နေတာနဲ့ ကျုပ်လည်း အထဲဝင်ခဲ့တယ်။
Hoping to see them, I called at their house.
သူတို့ကိုတွေ့ဖို့ မျှော်လင့်ပြီး ကျွန်တော်လည်း သူတို့အိမ် သွားလည်တယ်။

(d) see, hear, watch စသော စကားလုံးများ၏ နောက်ဘက် object တစ်လုံးကျော်တွင်လည်း -ing ကို သုံးသည်။

I can hear Ko Ko singing.
ကိုကို သီချင်းဆိုနေတာကို ကျွန်တော်ကြားတယ်။
She saw me painting.
ကျွန်တော် ပန်းချီဆွဲနေတာကို သူမြင်တယ်။
I watched the children playing.
ကလေးတွေ ကစားနေတာကို ကျွန်တော် စောင့်ကြည့်တယ်။

## လေ့ကျင့်ခန်း (၃၄)

အောက်ပါဝါကျများတွင် ကွင်းအတွင်းမှ စာလုံးများကို မှန်ကန်အောင် ထည့်ပေးပါ။

ဥပမာ - When did you begin (study) English?
When did you begin studying English?

(a) He likes (smoke) a cigarette.
(b) This pencil to need (sharpen).
(c) They love (swim).
(d) They've gone (fish).
(e) They stopped (play) football.
(f) He started (read) a newspaper.
(g) Mg Mg sitting (listen) the radio.
(h) Can you hear Ma Ma (sing)?
(i) I remember (learn) lessons.
(j) He saw me (draw) a picture.
(k) Could you mind (write) me a letter?
(l) I admit (do) it.
(m) We went on (talk) until late at night.
(n) This boy is worth (repair).
(o) They hate (sleep) on the floor.

❖

# အခန်း (၃၀)

## PHRASES စကားစုများ

**(1) Adjective Phrases နာမဝိသေသနစကားစု**

အောက်ပါဝါကျများကို လေ့လာပါ။

(1) a . . . . . The merchant was a wealthy man.
b . . . . . The merchant was a man of great wealth.
ကုန်သည်ကြီးသည် ကြွယ်ဝသူတစ်ယောက် ဖြစ်သည်။

(2) a . . . . . The magistrate was a kind man.
b . . . . . The magistrate was a man with a kindly nature.
တရားသူကြီးသည် ကြင်နာတတ်သောသူတစ်ယောက် ဖြစ်သည်။

(3) a . . . . . The chief lived in a stone house.
b . . . . . The chief lived in a house built of stone.
အကြီးအကဲသည် ကျောက်ဖြင့် ဆောက်လုပ်ထားသော အိမ်၌ နေသည်။

(4) a . . . . . I like to see a smiling face.
b . . . . . I like to see a face with a smile on it.
ပြုံးရွှင်သောမျက်နှာကို ကျွန်တော် မြင်လိုသည်။

(5) a . . . . . The people belonged to a hill tribe.
b . . . . . The people belonged to a tribe dwelling on the hills.
ထိုလူများသည် တောင်ပေါ်သားများ ဖြစ်ကြသည်။

အထက်ပါဝါကျအသီးသီး၌ နာမ်ပုဒ်က ညွှန်ပြသော လူ (သို့မဟုတ်) အရာဝတ္ထုကို အထူးပြုသော တစ်ခုတည်းသောပုဒ်ကို တွေ့ရသည်။ ထို့နောက် ထိုနာမ်ပုဒ်ကပင် ဖော်ပြအပ်သော လူ (သို့မဟုတ်) အရာဝတ္ထုကို ဖော်ပြသော စကားအစုအဝေး (သို့မဟုတ်) Phrase တစ်ခုကို တွေ့ရသည်။

ဥပမာ - of great wealth ဟူသော Phrase က merchant သည် မည်ကဲ့ သို့သော လူ (man) ဖြစ်ကြောင်းကို ပြောပြသည်။ နာမဝိသေသန၏ အလုပ်ကို လုပ်သောကြောင့် နာမဝိသေသနစကား (Adjective Phrase) ဟု ခေါ်သည်။

## ဖွင့်ဆိုချက်

နာမဝိသေသန စကားစု (Adjective Phrase) ဆိုသည်မှာ နာမဝိသေ သန၏ အလုပ်ကိုလုပ်သော ပုဒ်တို့၏ အစုအဝေးဖြစ်သည်။ အောက်ပါတို့ကို လေ့လာပါ။

| Adjectives<br>နာမဝိသေသန | Adjective Phrases<br>နာမဝိသေသနစကားစု |
|---|---|
| A golden crown<br>ရွှေသရဖူတစ်ခု | A crown made of gold.<br>ရွှေဖြင့်ပြုလုပ်ထားသော သရဖူတစ်ခု |
| A purple cloak<br>ခရမ်းရောင်ဝတ်ရုံတစ်ထည် | A cloak of purple colour.<br>ခရမ်းရောင်ရှိသော ဝတ်ရုံတစ်ထည် |
| A white elephant<br>ဆင်ဖြူတစ်ကောင် | An elephant with a white skin.<br>အဖြူရောင်ရှိသော ဆင်တစ်ကောင် |
| A jungle track<br>တောတွင်း လူသွားလမ်းကလေး | A track through the jungle.<br>တောကိုဖြတ်သွားသော လူသွားလမ်းကလေး |
| A blue-eyed boy<br>မျက်လုံးပြာသော ကောင်လေးတစ်ယောက် | A boy with blueeyes.<br>အပြာရောင်မျက်လုံးရှိသော ကောင်လေးတစ်ယောက် |
| A deserted village<br>ရွာပျက်တစ်ရွာ | A village without any inhabitant<br>လူမရှိသော ရွာတစ်ရွာ |
| A blank page<br>စာမျက်နှာလွတ်တစ်ခု | A page with no writing on it.<br>စာရေးထားခြင်းမရှိသော စာတစ်မျက်နှာ |
| The longest day<br>အရှည်လျားဆုံးနေ့တစ်နေ့ | The day of greatest length<br>အရှည်လျားဆုံးသော နေ့တစ်နေ့ |
| The Spanish flag<br>စပိန်အလံ | The flag of Spain.<br>စပိန်နိုင်ငံ၏အလံ |
| A heavy load<br>လေးလံသောဝန်ထုပ်တစ်ခု | A load of great weight.<br>အလွန်အလေးချိန်များသော ဝန်ထုပ်တစ်ခု |

## လေ့ကျင့်ခန်း (၃၅)

အောက်ပါဝါကျများမှ နာမဝိသေသ စကားစုများကို ရွေးချယ်ပါ။

(1) A man in great difficulties came to me for help.
အခက်အခဲများစွာနှင့် ရင်ဆိုင်နေရသော လူတစ်ယောက် အကူအညီတောင်းရန် ကျွန်တော့်ထံ လာသည်။

(2) He is a person of very considerable renown.
သူသည် အတော်ထင်ရှားသော ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။

(3) Wild beasts in small cages are a sorry sight.
လှောင်ချိုင့်ငယ်များမှ တောရိုင်းတိရစ္ဆာန်များကို မြင်ရသည်မှာ ဝမ်းနည်းစရာ။

(4) A man without an enemy is a man with few friends.
ရန်သူမရှိသော လူတစ်ယောက်သည် မိတ်ဆွေမရှိသော လူတစ်ယောက်ဖြစ်သည်။

(5) He tells a tale with the ring of truth.
မှန်ကန်ပုံရသော ပုံပြင်တစ်ခုကို သူပြောသည်။

(6) A friend in need is a friend indeed.
လိုအပ်ချိန်တွင် ကူညီတတ်သော မိတ်ဆွေသည် မိတ်ဆွေစစ်။

(7) A stitch in time saves nine.
ပျက်အစဉ် ပြင်ခဏ။

(8) A bird in the hand is worth two in the bush.
လက်ထဲမှ ငှက်တစ်ကောင်သည် ခြုံထဲမှ ငှက်နှစ်ကောင်ထက် ပို၍တန်၏။

(9) Gardens with cool shady trees surround the village.
အေးမြ၍ အရိပ်ကောင်းသော သစ်ပင်များရှိသည့် ဥယျာဉ်များသည် ရွာကို ဝန်းရံနေသည်။

(10) Only a man with plenty of money buy a car of such beauty and power.
ငွေပေါသောလူမှသာ လှပ၍ စက်ကောင်းသော ဤသို့ကားမျိုးကို ဝယ်နိုင်လိမ့်မည်။

(11) In a low voice he told the tale of his cruel wrongs.
သူ၏ ကောက်ကျစ်သော အမှားများကို တိုးညင်းစွာ သူပြော၏။

(12) Do you know the story of the noble Aung San Thuriya Hla Thaung?
မြင့်မြတ်သော အောင်ဆန်းသူရိယလှသောင်း၏ အကြောင်းကို မင်း သိပြီးပြီလား။

(13) He was a lad of great promise.
သူသည် အလားအလာများစွာရှိသော ကောင်လေးတစ်ယောက်ဖြစ်သည်။

(14) He bore a banner with a strange device.
အဓိပ္ပာယ်ရှိသော ပုံရှိသည့် အလံတစ်ခုကို သူကိုင်ဆောင်လာသည်။

(15) The police arrested a man of one of the criminal tribes.
ရာဇဝတ်မှု ကျူးလွန်လေ့ရှိသော အမျိုးအနွယ်တစ်ယောက်ကို ရဲက ဖမ်းဆီးလာသည်။

## လေ့ကျင့်ခန်း (၃၆)

အောက်ပါဝါကျများမှ "နာမဝိသေသန"များကို "နာမဝိသေသန စကားစု"များဖြင့် အစားထိုးပါ။

(1) A grey cloud spread over the sky.
ညိုမှောင်သော တိမ်တိုက်တစ်ခုသည် ကောင်းကင်ပြင်တွင် ဖြန့်ကျက်နေ၏။

(2) He dwelt in a wodden hut.
သူ သစ်သားအိမ်တွင် နေသည်။

(3) He had a bald head.
သူ့ဦးခေါင်းသည် ပြောင်သည်။

(4) She wore a diamond necklace.
သူမ စိန်လည်ဆွဲကို ဆင်ထားသည်။

(5) It was a horrible night.
ကြောက်မက်ဖွယ်ကောင်းသော ညဖြစ်သည်။

(6) They went by the Myanmar airways.
သူတို့ မြန်မာလေကြောင်းဖြင့် သွားကြသည်။

(7) A grassy meadow stretched before us.
စိမ်းလန်းသော မြက်ခင်းကြီးတစ်ခုသည် ကျွန်တော်တို့ရှေ့တွင် တည်ရှိနေသည်။

(8) An earthen pitcher stood on a three-legged table.
မြေရေအိုးတစ်လုံး သုံးချောင်းထောက် စားပွဲပေါ်တွင် ရှိသည်။

(9) The Myanmar flag flew at the top of the highest mast.
မြန်မာအလံသည် အမြင့်ဆုံး တိုင်ထိပ်တွင် လွင့်နေသည်။

(10) That was a cowardly act.
ထိုအပြုအမူသည် သူရဲဘောကြောင်သည့် အပြုအမူ။

(11) He is well.
သူ နေကောင်းသည်။

(12) A valuable ring was found yesterday.
အဖိုးတန်သော လက်စွပ်တစ်ကွင်းကို မနေ့က တွေ့သည်။

(13) Heroic deeds deserve our admiration.
အာဇာနည်ပီသသော ပြုမူချက်သည် ကျွန်တော်တို့၏ ချီးမွမ်းမှုကို ခံထိုက်သည်။

(14) Numerical superiority is a great advantage.
အရေအတွက်များခြင်းသည် တစ်ပန်းသာသည်။

(15) Much has been said about the Pyin Oo Lwin scenery.
ပြင်ဦးလွင်ရှုမျှော်ခင်းနှင့်ပတ်သက်၍ လူပြောများသည်။

(16) The Japanese were passionately fond of martial glory.
ဂျပန်လူမျိုးများသည် စစ်နှင့်ပတ်သက်သော ဂုဏ်ကို နှစ်သက်ကြသည်။

(17) I have passed two sleepless night.
ကျွန်တော် အိပ်မရတာ နှစ်ညရှိပြီ။

(18) He is a professional footballer.
သူသည် ကြေးစားဘောလုံးသမားတစ်ဦး ဖြစ်သည်။

(19) This book contains many Biblical quotation.
ဤစာအုပ်၌ သမ္မာကျမ်းစာ အကိုးအကားများစွာ ပါသည်။
(20) She wants medical advice.
သူမ ဆေးနှင့်ပတ်သက်သော အကြံဉာဏ်လိုသည်။
(21) A tall soldier steeped forth.
အရပ်မြင့်သော စစ်သားတစ်ယောက် ရှေ့သို့ထွက်လာ၏။

## လေ့ကျင့်ခန်း (၃၇)

အောက်ပါဝါကျများမှ နာမဝိသေသန စကားစုများနေရာတွင် နာမဝိသေသနဖြင့် အစားထိုးပါ။

(1) He wore a turban made of silk.
ပိုးဖြင့် ပြုလုပ်ထားသော ခေါင်းပေါင်းကို သူပေါင်းထားသည်။
(2) He has done a deed of shame.
ရှက်ဖွယ်အမှုကို သူပြုခဲ့ပြီ။
(3) He led a life devoid of blame.
အပြစ်မဲ့သောဘဝဖြင့် သူ နေထိုင်ခဲ့သည်။
(4) He is a man without a friend.
သူသည် အပေါင်းအသင်းမရှိသူတစ်ယောက် ဖြစ်သည်။
(5) They came to a path covered with mud.
ရွှံ့ထူသောလမ်းသို့ သူတို့ ရောက်လာကြသည်။
(6) He carried a sword stained with blood.
သွေးစွန်းသော ဓားတစ်ချောင်းကို သူသယ်လာသည်။
(7) I met a little girl from a cottage.
တဲတစ်လုံးက မိန်းကလေးကို ငါတွေ့ခဲ့သည်။
(8) Kyaw Kyaw was a man with plenty of imprudence.
ကျော်ကျော်သည် အရှက်အကြောက်တရားများစွာရှိသော သူတစ်ယောက်ဖြစ်သည်။
(9) From this village in the mountains came a chieftain of great fame.
တောင်များကြားရှိ ဤရွာမှ ထင်ရှားသော လူမျိုးစုခေါင်းဆောင်တစ်ယောက် ထွက်ပေါ်လာသည်။

(10) The British leader was a soldier full of hope and free from fear.
ဗြိတိသျှခေါင်းဆောင်သည် မျှော်လင့်ချက်ပြည့်ဝ၍ ကြောက်ရွံ့ခြင်း မရှိပေ။

(11) Sein Htone was a boy without fear.
စိန်ထုံးသည် အကြောက်အလန့်ကင်းသော ကောင်ကလေးဖြစ်သည်။

(12) Nobody likes a person with a bad temper.
ဒေါသကြီးသော လူတစ်ယောက်ကို မည်သူမျှ မနှစ်သက်ကြချေ။

(13) I admit that he is a man of sense.
သူသည် သိတတ်မြင်တတ်သူတစ်ယောက်ဖြစ်ကြောင်း ကျွန်တော် ဝန်ခံသည်။

(14) The tops of the mountains were covered with snow.
တောင်ထိပ်များကို ဆီးနှင်းများ ဖုံးထားသည်။

(15) He is an author of great versatility.
သူသည် စာမျိုးစုံရေးနိုင်သူ ဖြစ်သည်။

(16) It is of no use.
ထိုအရာ အသုံးမဝင်ပါ။

မှတ်ချက်။ ။ နာမဝိသေသန စကားစုအားလုံးကို နာမဝိသေသနဖြင့် အစားမထိုးနိုင်ပေ။

He never felt the witchery of the soft blue sky.
အပြာနုရောင်ကောင်းကင်၏ ညှို့ဓာတ်ကို သူ ဘယ်အခါမှ မခံစားနိုင်ပေ။

## လေ့ကျင့်ခန်း (၃၈)

အောက်ပါဝါကျများရှိ ကွက်လပ်များကို သင့်တော်သော နာမဝိသေသန စကားစုများဖြင့် အစားထိုးပါ။

(1) An elephant . . . . . is considered sacred by some people.
လူတချို့သည် အဖြူရောင်ရှိသောဆင်ကို ရိုသေထိုက်သည်ဟု ယူဆသည်။

(2) The King has a writing-desk . . . . .
ရှင်ဘုရင်ကြီးတွင် ငွေဖြင့် ပြုလုပ်ထားသော စားပွဲစောင်းတစ်လုံး ရှိသည်။
(3) Birds . . . . . flock together.
အမွေးတူညီသောငှက်များ တစ်စုတည်းနေကြသည်။
(4) He leads a life . . . . .
သူသည် ရိုးသားသော အသက်မွေးဝမ်းကျောင်းမှုကို ပြုသည်။
(5) Children like books . . . . .
ကလေးများသည် အရုပ်များပါသော စာအုပ်များကို နှစ်သက်သည်။
(6) He lost a diamond . . . . .
အဖိုးတန်သော စိန်တစ်လုံးပျောက်သွားသည်။
(7) The old sage spoke words . . . . .
ပညာရှိ အဘိုးအိုသည် တန်ဖိုးရှိသော စကားများကို ပြောသည်။
(8) She is a woman . . . . .
သူမသည် အပြုံးများစွာရှိသော မိန်းကလေးတစ်ယောက်ဖြစ်သည်။
(9) Min Htoon was a citizen . . . . .
မင်းထွန်းသည် ခန့်ညားသော မြို့သားတစ်ယောက်ဖြစ်သည်။
(10) Draw a picture . . . . .
အရောင်စုံလင်သော ရုပ်ပုံတစ်ခု ဆွဲပါ။
(11) The leaves . . . . . are glossy.
နှင်းစက်များဖြင့် သစ်ရွက်များသည် တောက်ပနေ၏။
(12) We heard the sound . . . . .
တိတ်ဆိတ်ခြင်း၏အသံကို ကျွန်တော်တို့ ကြားရသည်။
(13) Listen to the song . . . . .
စိတ်ဝင်စားစွာဖြင့် သီချင်းသံကို နားထောင်ပါ။
(14) The water . . . . . is very deep.
တိုးမြစ်ရေသည် လွန်စွာနက်၏။
(15) The proprietor . . . . . died yesterday.
စက်ရုံ၏ပိုင်ရှင်သည် မနေ့က သေသွားသည်။
(16) The paths . . . . . lead but to the grave.
အိုမင်းသူများ၏ ခြေလှမ်းများသည် သင်္ချိုင်းသို့သာ ရှေ့ရှု၏။

## 2. Adverb Phrases (ကြိယာဝိသေသနစကားစုများ)

နာမဝိသေသန၏အလုပ်ကို နာမဝိသေသနစကားစု (Adjective Phrase)က ပြုလုပ်သကဲ့သို့ ကြိယာဝိသေသန (Adverb)၏ အလုပ်ကို လည်း ကြိယာဝိသေသနစကားစု (Adverb Phrase)က ပြုလုပ်ပေးသည်။

အောက်ပါဝါကျများကို လေ့လာပါ။

(1) a. Aung Zin ran quickly. (How?)
အောင်ဇင် လျင်မြန်စွာ ပြေးသည် (ဘယ်လိုပြေးသလဲ)
b. Aung Zin ran with great speed. (How?)
လျင်မြန်သောအဟုန်ဖြင့် အောင်ဇင် ပြေးသည်။ (ဘယ်လိုပြေးသလဲ)

(2) a. He answered rudely. (How?)
သူ ခက်ထန်စွာ ဖြေသည်။ (ဘယ်လိုဖြေသလဲ)
b. He answered in a very rude manner. (How?)
ခက်ထန်သော အမူအရာဖြင့် သူဖြေသည်။

(3) a. He does his work carelessly. (How?)
သူသည် ဂရုမစိုက်ဘဲ အလုပ်ကိုလုပ်သည်။ (ဘယ်လိုလုပ်သလဲ)
b. He does his work without any care. (How?)
သူသည် ဂရုစိုက်ခြင်းမရှိဘဲ အလုပ်ကိုလုပ်သည်။ (ဘယ်လိုလုပ်သလဲ)

(4) a. He is coming now. (When?)
ယခု သူလာနေသည်။ (ဘယ်တုန်းကလဲ)
b. He is coming at this very moment. (When?)
ယခုအချိန်တွင် သူလာနေသည်။ (ဘယ်တုန်းကလဲ)

(5) a. No such diseases were known then. (When?)
ထိုအချိန်၌ ရောဂါများကို မသိကြသေး။ (ဘယ်တုန်းကလဲ)
b. No such diseases were known in those days. (When?)
ထိုနေ့ရက်များ၌ ရောဂါများကို မသိကြသေး။ (ဘယ်တုန်းကလဲ)

(6) a. The arrow fell here. (Where?)
မြား ဒီနေရာမှာ ကျသည်။ (ဘယ်နေရာလဲ)

b. The arrow fell on this spot. (Where?)
မြား ဒီနေရာမှာ ကျသည်။ (ဘယ်နေရာမှာလဲ)

(7) a. You can buy it everywhere. (Where?)
ယင်းကို နေရာတိုင်း၌ ဝယ်ယူရသည်။ (ဘယ်နေရာမှာလဲ)

b. You can buy it in all places. (Where?)
ယင်းကို နေရာတိုင်း၌ ဝယ်၍ရသည်။ (ဘယ်နေရာမှာလဲ)

(8) a. He fell down. (Where?)
သူ အောက်သို့ကျသည်။ (ဘယ်နေရာကိုလဲ)

b. He fell to the ground. (Where?)
သူ မြေပေါ်သို့ လဲကျသည်။ (ဘယ်နေရာကိုလဲ)

အထက်ပါ ပထမဝါကျ အသီးသီး၌ ကြိယာကို အထူးပြုသော ကြိယာဝိသေသန တစ်လုံးတည်းရှိသည်။ ထိုနည်းအတိုင်း ဒုတိယဝါကျ အသီးသီး၌ ကြိယာကို အထူးပြုသော စကားစုအပေါင်း ရှိပြန်သည်။

ဥပမာ - Aung Zin ran with great seed.
(with great speed.)

ယင်းသည် အောင်ဇင် မည်သို့ပြေးသည်ကို ပြသည်။ quickly ဟူသော ကြိယာဝိသေသနက ကြိယာကို အထူးပြုသကဲ့သို့ with great speedသည်လည်း ကြိယာကို အထူးပြုသည်။ ကြိယာဝိသေသန၏ အလုပ်ကို လုပ်သောကြောင့် with great speedဟူသော ပုဒ်အပေါင်းကို ကြိယာဝိသေသန စကားစု Adverb Phrase ဟု ခေါ်သည်။

ကြိယာဝိသေသန စကားစု "Adverb Phrase" ဆိုသည်မှာ ကြိယာဝိသေသန၏ အလုပ်ကိုလုပ်သော စကားစုကိုခေါ်သည်။

**မှတ်ချက်။** ။ ကြိယာဝိသေသန စကားစုသည် ကြိယာဝိသေသနကဲ့သို့ နာမဝိသေသနကိုသော်လည်းကောင်း၊ ကြိယာဝိသေသန ကိုသော်လည်းကောင်း အထူးပြုသည်။

Quinine is good for malaria.
ကွီနိုင်သည် ငှက်ဖျားအတွက် ကောင်းသည်။

I have done well on the whole.
ခြုံ၍ပြောရလျှင် ကျွန်တော် ကောင်းစွာ လုပ်ခဲ့သည်။

အောက်ပါအဓိပ္ပာယ်တူညီသော ကြိယာဝိသေသနများနှင့် ကြိယာဝိသေသနစကားစုများကို လေ့လာပါ။

| Adverb<br>ကြိယာဝိသေသန | Adverb Phrase<br>ကြိယာဝိသေသန စကားစု |
|---|---|
| bravely | in a brave manner (or) with bravery. |
| ရဲရင့်စွာ | ရဲရင့်သော အမူအရာဖြင့် (သို့မဟုတ်) ရဲရင့်ခြင်းဖြင့် |
| unwisely | in an unwise manner (or) without wisdom. |
| ဉာဏ်မဲ့စွာ | ဉာဏ်မရှိသော အပြုအမူဖြင့် (သို့မဟုတ်) ဉာဏ်မရှိစွာဖြင့် |
| swifty | in a swift manner (or) with swiftness |
| လျင်မြန်စွာ | လျင်မြန်သော အပြုအမူဖြင့် (သို့မဟုတ်) လျင်မြန်ခြင်းဖြင့် |
| beautifully | in a beautiful style |
| လှပစွာဖြင့် | လှပသော ဟန်ပန်ဖြင့် |
| formerly | in former times (or) once upon a time. |
| ရှေးယခင်က | ရှေးယခင်က (သို့မဟုတ်) တစ်ရံတစ်ခါက |
| recently | Just now (or) at a recent date |
| မကြာခင်က | ခုနင်ကပင် (သို့မဟုတ်) မကြာသေးသောအချိန်က |
| soon | before very long (or) at an early date |
| မကြာမီ | မကြာသေးခင်က (သို့မဟုတ်) စောစောပိုင်းက |
| there | At that place |
| ထိုနေရာမှာ | ထိုနေရာမှာ |
| away | to another place |
| အခြားသို့ | တခြားနေရာသို့ |
| abroad | to (in) a foreign country |
| တိုင်းတစ်ပါး၌ | နိုင်ငံခြားတိုင်းပြည်တစ်ခု၌ |

## လေ့ကျင့်ခန်း (၃၉)

အောက်ပါဝါကျများမှ ကြိယာဝိသေသနစကားစု Adverb phrases များကို ရွေးထုတ်ပါ။

(1) She lived in the middle of a great wood.
သစ်တောကြီးအလယ်၌ သူမနေသည်။

(2) Nothing can live on the moon.
လပေါ်၌ မည်သည့်အရာမှ အသက်မရှင်နိုင်။

(3) Come into the garden, Kyu Khin.
ကြူခင်ရေ… ပန်းခြံထဲ လာခဲ့လေကွယ်။

(4) Three fishers went sailint over the sea.
ရေလုပ်သားသုံးယောက် ပင်လယ်ပြင်သို့ ရွက်လွှင့်သွားခဲ့သည်။

(5) On her hangs the great dark bell.
သူမအပေါ်၌ အမည်းရောင် ခေါင်းလောင်းကြီး တွဲကျနေသည်။

(6) Downi in a green and shady bed, a modest violet grew.
စိမ်းလန်း၍ အရိပ်ရသော ပန်းခင်းတွင် ခရမ်းရောင်ပန်း ပေါက်နေသည်။

(7) On your conscience this will lie.
မင်းရဲ့စိတ်အပေါ်မှာ ဒီဟာတည်တယ်။

(8) They sat for a while on the bank of the river.
မြစ်ကမ်းနဖူးတွင် သူတို့ ခဏထိုင်သည်။

(9) Honesty is written on his face.
သူ့မျက်နှာမှာ ရိုးသားမှုတွေ တွေ့ရတယ်။

(10) The gun went off with a loud report.
သေနတ်သံ ကျယ်လောင်စွာ ထွက်သွားသည်။

(11) There dwelt a miller hale and bold, beside the river Toe.
တိုးမြစ်နံဘေးတွင် ခန့်ညားရဲရင့်သော စက်ပိုင်တစ်ယောက်နေသည်။

(12) I stood on the bridge at midnight.
သန်းခေါင်ယံ၌ ကျွန်တော် တံတားပေါ်တွင် ရပ်နေသည်။

(13) To the northward stretched the desert.
မြောက်ဘက်တွင် သဲကန္တာရသည် ကျယ်ပြန့်စွာရှိသည်။

(14) Beside a green meadow a stream used to flow.
စိမ်းလန်းသော မြက်ခင်းနံဘေးတွင် စမ်းချောင်းတစ်ခု စီးဆင်းလေ့ရှိသည်။

(15) I have read Theikpan Mg Wa to my great profit.
သိပ္ပံမောင်ဝ၏ စာများကို ဖတ်ရသဖြင့် ကျွန်တော် အကျိုးများစွာဖြစ်ထွန်းသည်။

(16) Beside the ungathered rice he lay.
မသိမ်းဆည်းရသေးသော စပါးပုံဘေး၌ သူ လဲလျောင်းနေသည်။

(17) In her ear he whispers gaily.
သူမ၏ နားနားသို့ကပ်၍ သူ ရွှင်ပျစွာ တိုးတိုးလေးပြောသည်။

(18) They fought to the last man.
သူတို့သည် တစ်ယောက်မကျန် တိုက်သည်။

(19) He prersevered in the face of all obstacles.
အခက်အခဲအားလုံးကို သူသည် ဇွဲဖြင့် ရင်ဆိုင်ကြိုးစားသည်။

(20) The shoe is pressing on my toe.
ရှူးဖိနပ်သည် ကျွန်တော်၏ခြေချောင်းကို နာစေသည်။

(21) Keep him at arm's length.
တစ်လံအကွာမှာ သူ့ကိုထား။

(22) Make yourself at home.
ကိုယ့်အိမ်လို သဘောထား။

(23) It must be done at my price.
ဘာပဲဖြစ်ဖြစ် လုပ်ရမယ်။

(24) Pauperism increases at a fearful rate.
ဆင်းရဲမွဲတေမှုသည် ကြောက်မက်ဖွယ်နှုန်းဖြင့် တိုးပွားနေ၏။

(25) He has painted him in his proper colours.
သူ၏အဖြစ်မှန်ကို သူက ထိုသူအား ပြောပြသည်။

(26) He lives by his pen.
သူသည် ကလောင်ဖြင့် အသက်မွေးသည်။

(27) The shephered shouted to them at the top of his voice.
သိုးကျောင်းသားသည် အသံကုန်ဖြင့် သူတို့အား အော်ခေါ်သည်။

(28) He strove with all his might to escape.
လွတ်မြောက်ရန် အစွမ်းကုန် သူကြိုးစားသည်။
(29) Without pausing to consider, he struck the blow.
စဉ်းစားမနေဘဲ သူထိုးလိုက်သည်။
(30) Much water has run under the bridge since then.
ထိုမှစ၍ တံတားအောက်မှ ရေများစွာ စီးဆင်းခဲ့သည်။

**လေ့ကျင့်ခန်း (၄၀)**

အောက်ပါဝါကျများမှ ကြိယာဝိသေသနတို့ကို ကြိယာဝိသေသန စကားစု Adverb phrase ဖြင့် အစားထိုးပါ။

(1) The pigeon flies swiftly.
ခို လျင်မြန်စွာ ပျံသွားသည်။
(2) Did Thant Zin behave well?
သန့်ဇင် ကောင်းမွန်စွာ လုပ်ခဲ့သလား။
(3) Go away.
အဝေးကိုထွက်သွား။
(4) The dying man reply feebly.
သေခါနီးလူ သဲ့သဲ့သာ ပြန်ပြောသည်။
(5) Gently fell the rain.
မိုးဖွဲဖွဲရွာသည်။
(6) We will pitch the tents just here.
တဲများကို ဤနေရာ၌ ကျွန်တော်ထိုးမည်။
(7) He expects to get promotion soon.
မကြာခင် ရာထူးတိုးရန် သူမျှော်လင့်သည်။
(8) He built his house yonder.
ဟိုတစ်ဘက်မှာ သူ အိမ်ဆောက်ခဲ့သည်။
(9) They have only recently arrived.
သူတို့ မကြာသေးမီကပင် ရောက်သည်။
(10) Although hungry, the soldiers worked cheerful.
ဆာလောင်နေသော်လည်း စစ်သားများသည် ပျော်ရွှင်စွာ အလုပ်လုပ်ကြသည်။

(11) He spoke elegantly.
သူ အလွန်စကားပြောကောင်းသည်။

(12) Soon the sun will rise.
မကြာခင် နေထွက်တော့မည်။

(13) Do you work throughly?
မင်း သေသေချာချာ လုပ်ရဲ့လား။

(14) They were hurrying homeward.
သူတို့အိမ်ဘက်သို့ သုတ်ခြေတင်သည်။

(15) The door was suspiciously open.
တံခါးသည် မသင်္ကာဖွယ်ရာ ပွင့်နေသည်။

(16) He tried hard.
သူ အလွန်ကြိုးစားသည်။

## လေ့ကျင့်ခန်း (၄၁)

အောက်ပါ ကြိယာဝိသေသန စကားစုများကို အဓိပ္ပာယ်တူသော ကြိယာဝိသေသနများဖြင့် အစားထိုးပါ။

(1) The bodies were mangled in a terrible manner.
ကိုယ်ခန္ဓာများကို ကြောက်မက်ဖွယ်ကောင်းအောင် ခုတ်ထစ်ထားသည်။

(2) Let us cease work from this very moment.
ဤအချိန်မှစ၍ အလုပ်သိမ်းစို့။

(3) It was just on this spot that he died.
သူ သေသည်မှာ ဒီနေရာဖြစ်သည်။

(4) The children replied with perfect truthfullness.
ကလေးများ မှန်ကန်စွာ ပြန်ဖြေသည်။

(5) He arrived at that moment.
သူ ထိုအချိန်က ရောက်သည်။

(6) I hope that he will come at a very early date.
သူ ကြိုတင်၍လာမည်ဟု ကျွန်တော် မျှော်လင့်သည်။

(7) He seemed to have acted with great promptitude.
သူ လျင်မြန်စွာ ပြုခဲ့ပုံပေါ်သည်။
(8) No one would dare to answer him in an impudent way.
မည်သူမှ သူ့အား ရဲဝံ့စွာ ပြန်၍မဖြေဝံ့။
(9) I accept your statement without reserve.
ခင်ဗျားပြောသည်ကို ကျွန်တော် အကြွင်းမဲ့ လက်ခံသည်။
(10) I thank you with all my heart.
ခင်ဗျားကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်သည်။
(11) He succeeded in the long run.
အဆုံး၌ သူအောင်မြင်သည်။
(12) The postman drove with fierce career.
စာပို့သမားသည် တရကြမ်း မောင်းနှင်သွားသည်။
(13) He has been painted in his proper colours.
သူ၏ မူလဇီဇသရုပ်ကို ပေါ်လွင်စေခဲ့သည်။
(14) He has proved his case to my satisfaction.
ကျွန်တော် ကျေနပ်လောက်အောင် သူ့အမှုကို သူ ရှင်းပြသည်။

**မှတ်ချက်။** ။ ကြိယာဝိသေသန စကားစုအားလုံးကို ကြိယာဝိသေသန များဖြင့် အစားထိုး၍ မရနိုင်။

ဥပမာ - I took him on the strength of your recommendation.
မင်းရဲ့ထောက်ပံ့မှုအရ ငါ သူ့ကိုခေါ်သွားပြီ။
အောက်ပါဝါကျနှစ်ခုကို နှိုင်းယှဉ်ကြည့်ပါ။
(1) The crowd in the market was very noisy.
ဈေးထဲမှ လူအုပ်သည် အလွန်ဆူညံသည်။
(2) The crowd hatted in the market.
လူအုပ်သည် ဈေးထဲမှာ ရပ်တန့်နေသည်။

ပထမဝါကျ၌ "in the market" ဟူသော စကားစု၊ "Phrase" သည် အဘယ်လူအုပ် ဆူညံနေကြောင်း ဖော်ပြသည်။ ယင်းစကားစုသည် crowedဟူသော နာမ်ပုဒ်ကို အထူးပြုသည်။ ထို့ကြောင့် ယင်းစကားစုသည် နာမ ဝိသေသနစကားစု Adjective Phrase ဖြစ်သည်။

ဒုတိယဝါကျ၌ "in the market" ဟူသော စကားစု "Phrase" သည် လူအုပ် ဘယ်နေရာ၌ ရပ်တန့်နေကြောင်း ဖော်ပြသည်။ ယင်းစကားစုသည် hatted ဟူသော ကြိယာကို အထူးပြုသည်။ ထို့ကြောင့် ယင်းစကားစုသည် ကြိယာဝိသေသန စကားစု Adverb Phrase ဖြစ်သည်။

ထို့ကြောင့် Phrase တစ်ခုတည်းသည် ဝါကျတစ်ခု၌ Adjective Phrase ဖြစ်နိုင်၍ အခြားဝါကျတစ်ခု၌ Adverb Phrase ဖြစ်နိုင်သည်။ Phrase တစ်ခုသည် ယင်းပြုလုပ်သော အလုပ်ကို သေချာစွာ မစစ်ဆေးရသေးမီ မည်သို့သော Phrase ဖြစ်ကြောင်း မပြောနိုင်ချေ။

## လေ့ကျင့်ခန်း (၄၂)

အောက်ပါဝါကျများမှ Phrase များသည် မည်သို့သော Phrase များဖြစ်ကြောင်း ခွဲခြားပြပါ။

(1) Have you heard of the man *in the moon*?
လ,ပေါ်က လူတစ်ယောက်အကြောင်း မင်း ကြားဖူးလား။

(2) How could a man be *in the moon*?
လ,ပေါ်၌ လူတစ်ယောက် ဘယ်လိုနေမလဲ။

(3) They live *on an island.*
ကျွန်းတစ်ကျွန်းပေါ်မှာ သူတို့နေသည်။

(4) A house *on an island* was washed away.
ကျွန်းပေါ်ရှိ အိမ်တစ်ဆောင်ကို ရေတိုက်စားသွားသည်။

(5) Awful is the gloom *beneath her*.
အမှောင်ထုသည် သူမ၏အောက်၌ ကြောက်မက်ဖွယ်ရာပင်။

(6) Then why did she look *beneath het*.
သူမသည် အဘယ်ကြောင့် အောက်သို့ ငုံ့ကြည့်သနည်း။

(7) Is this the train to Mandalay?
ဤမီးရထားသည် မန္တလေးသွားမည့် မီးရထားလား။

(8) It usually goes *to Mandalay*.
ဒီရထား မန္တလေးသွားနေကျ ရထားပါပဲ။

**လေ့ကျင့်ခန်း (၄၃)**

အောက်ပါ Phrase များဖြင့် ဝါကျပြုလုပ်ပါ။

(1) In a loud voice = ကျယ်သောအသံဖြင့်
(2) Without further delay = နှောင့်နှေးခြင်းမရှိဘဲ
(3) With one voice = တစ်သံတည်း
(4) For certain = အမှန်တကယ်
(5) Just in time = အချိန်မီပင်
(6) up in arms = ခုခံရန် အသင့်ရှိခြင်း
(7) of no consequence = အကျိုးမရှိဘဲ
(8) out of fashion = ခေတ်မဆန်သော
(9) With great satisfaction = ကျေနပ်ခြင်းများစွာဖြင့်
(10) in the twinkling of an eye = မျက်စိတမှိတ်အတွင်း
(11) on either side of the street = လမ်းတစ်ဖက်တစ်ချက်တွင်
(12) in a shady nook = အရိပ်ကျသောထောင့်တစ်ခု၌
(13) to the last man = နောက်ဆုံးလူအထိ
(14) with a smile = အပြုံးလေးဖြင့်
(15) at sixes and sevens = ရှုပ်ထွေးလျက်၊ မညီမညွတ်ဖြစ်လျက်
(16) at the eleventh hour = အချိန်နှောင်းမှ
(17) on the top of the hill = တောင်ထိပ်ပေါ်၌
(18) in future = အနာဂတ်၌
(19) at nine o'clock = ကိုးနာရီတွင်

## 3. Noun Phrase နာမ်စကားစုများ

အောက်ပါဝါကျများကို လေ့လာပါ။

(1) The boy wants *something*.
ကောင်ကလေး တစ်ခုခုလိုချင်သည်။

(2) The boy wants *to go home*.
ကောင်ကလေး အိမ်ပြန်ချင်သည်။

ဝါကျ (1)မှ "something"သည် နာမ်ပုဒ် (Noun)ဖြစ်သည့်ပြင် wants ဟူသော ကြိယာ၏ကံပုဒ် (Object) ဖြစ်သည်။

ဝါကျ (2)မှ "to go home"ဟူသော ပုဒ်အပေါင်းသည် wants ဟူသော ကြိယာ၏ကံပုဒ် (Object)ဖြစ်သည်။ ထို့ကြောင့် ဤပုဒ်အပေါင်း သည် နာမ် (Noun)၏ အလုပ်ကို လုပ်သည်။ ထို့ကြောင့် "to go home" ဟူသော ပုဒ်အပေါင်းသည် နာမ်စကားစု Noun Phrase ဖြစ်သည်။

**ဖွင့်ဆိုချက်**

နာမ်စကားစု Noun Phrase ဆိုသည်မှာ နာမ်၏ အလုပ်ကိုလုပ်သော ပုဒ်အပေါင်းဖြစ်သည်။

Noun Phrase ဥပမာများ

*Early to bed* is a good maxim.

စောစော အိပ်ရာဝင်ရမည်ဆိုသော စကားသည် ကောင်းမွန်လှသည့် သက်ကြီးစကားဖြစ်သည်။

He hopes *to win the first prize*.

ပထမရဖို့ သူမျှော်လင့်သည်။

We enjoy *playing football*.

ဘောလုံးကန်ရခြင်းကို ကျွန်တော်တို့ နှစ်သက်သည်။

He loves *to issue harsh orders*.

ကြမ်းတမ်းသော အမိန့်များကိုထုတ်ရန် သူ ဝါသနာပါသည်။

Did you enjoy *reading this book*?

ခင်ဗျား ဒီစာအုပ် ဖတ်လို့ကောင်းရဲ့လား။

I tried *to get the sum right*.

ကျွန်တော် ဒီပုစ္ဆာကို မှန်အောင်တွက်သည်။

*To win a prize* is my ambition.

ဆုရရန်သည် ကျွန်တော်၏ ဆန္ဒဖြစ်သည်။

*Standing about in a cold wet wind* did me no good.

စိုစွတ်အေးမြသော လေထဲ၌ ရပ်နေခြင်းသည် ကျွန်တော့်အား ကောင်းကျိုးမပေးပါ။

## လေ့ကျင့်ခန်း (၄၄)

အောက်ပါဝါကျများမှ Noun Phrase များကို ရွေးပါ။

(1) His father wished to speak to the Head-master.
သူ့ဖခင်သည် ကျောင်းအုပ်ဆရာကြီးအား စကားပြောလိုသည်။

(2) The wicked vizier loves getting people into trouble.
ဆိုးယုတ်သော အမတ်ကြီးသည် လူအများ ဒုက္ခရောက်မှ သဘောကျသည်။

(3) The poor debtor intended to pay back every kyat of the money.
ဆင်းရဲသည့် ကြွေးတင်သောသူသည် တစ်ကျပ်မကျန် ပြန်ဆပ်ရန် ရည်ရွယ်ထားသည်။

(4) He dislikes having to punish his servants.
သူ၏ အစေခံများကို အပြစ်ပေးရသည်ကို သူမကြိုက်။

(5) Horses prefer living in dark stables.
မြင်းများသည် မှောင်သော မြင်းစောင်းများ၌ နေရသည်ကို နှစ်သက်သည်။

(6) I should hate to do such a thing.
ထိုသို့ပြုလုပ်ရန် ကျွန်တော်မုန်းသည်။

(7) Have you ever tried climbing a coconut palm?
မင်း အုန်းပင်တက်ဖူးလား။

(8) Thinking good thoughts precedes good actions.
ကောင်းမှုကို စဉ်းစားခြင်းသည် ကောင်းသောအပြုအမူများ၏ ရှေ့ပြေးဖြစ်သည်။

(9) He refuses to answer the question.
အမေးကိုဖြေရန် သူငြင်းသည်။

(10) To write such rubbish is disgraceful.
အသုံးမကျသော စာများကို ရေးခြင်းသည် ကျက်သရေမရှိပေ။

(11) Promise to come again.
နောက်တစ်ခါလာဖို့ ကတိပေးပါ။

(12) Why do you like visiting such a man?
အဲဒီလိုလူမျိုးဆီ သွားလည်ရတာ ဘာလို့ မင်း သဘောကျနေရတာလဲ။

(13) Travelling in a hot dusty train gives me no pleasure.
ပူ၍ ဖုန်ထူသော မီးရထားဖြင့် ခရီးသွားရခြင်းသည် ကျွန်တော့်အား ပျော်ရွှင်မှုမပေးပါ။

(14) He denies stealing the money.
ငွေကို မခိုးဟု သူငြင်းဆိုသည်။

(15) Your doing such a thing surprises me.
ခင်ဗျား ထိုသို့ပြုမူခြင်းကို ကျွန်တော် အံ့သြသည်။

## လေ့ကျင့်ခန်း (၄၅)

အောက်ပါဝါကျများမှ Phrase များကို ရွေးချယ်၍ Adjective Phrase, Adverb Phrase သို့မဟုတ် Noun Phrase တို့မှ မည်သည့် Phrase ဖြစ်သည်ကို ဖော်ပြပါ။

(1) He speaks like a born orator.
စကားပြောကောင်းသူအဖြစ် မွေးဖွားလာသကဲ့သို့ သူ စကားပြောသည်။

(2) It grieved me to hear of your illness.
ခင်ဗျား နေထိုင်မကောင်းကြောင်းသိရ၍ ကျွန်တော် ဝမ်းနည်းသည်။

(3) Beyound a doubt this man is honest.
ဤသူ ရိုးသားကြောင်း ယုံမှားဖွယ်မရှိ။

(4) He failed in spite of his best efforts.
အကောင်းဆုံး သူကြိုးစားသော်လည်း ကျရှုံးသည်။

(5) He won the prize by means of trickery.
ဉာဏ်ကူ၍ သူဆုရသည်။

(6) Do not talk like that.
အဲဒီလိုမပြောနဲ့။

(7) I have forgotten how to play this game.
ဒီကစားနည်းကို ဘယ်လိုကစားရမယ်ဆိုတာ ကျွန်တော်မေ့သွားတယ်။

(8) He gained their affection in spite of many faults.
အပြစ်များစွာရှိသော်လည်း သူတို့၏ချစ်ခင်မှုကို သူရသည်။
(9) I do not expect such treatment at your hards.
ခင်ဗျား ဒီလိုလုပ်မယ်လို့ ကျွန်တော်မထင်။
(10) He speaks too fast to be understood.
သူပြောသည်မှာ မြန်လွန်း၍ နားလည်ရန် ခက်သည်။
(11) I do not know what to do.
ဘာလုပ်ရမယ်ဆိုတာ ကျွန်တော်မသိပါ။
(12) I do not understand how to slove this problem.
ဤပြဿနာကို ဘယ်လိုဖြေရှင်းရမယ်ဆိုတာ ကျွန်တော် နားမလည်ပါ။
(13) He persevered at many difficulties.
အခက်အခဲပေါင်းများစွာအလယ်၌ ဇွဲနှင့် သူကြိုးစားသည်။
(14) He succeed in the long run.
နောက်ဆုံး၌ သူအောင်မြင်သည်။
(15) Birds of a feather flock together.
အမျိုးတူချင်း ပေါင်းသင်းသည်။
(16) This is a matter of no importance.
ဤကိစ္စသည် အရေးမကြီး။
(17) The train is behind time.
ရထားနောက်ကျသည်။
(18) He is a man of means.
သူ ချမ်းသာသည်။
(19) It lies near his heart.
ထိုအရာသည် သူ့အသည်းစွဲ။
(20) He speaks the necklace under lock and key.
လည်ဆွဲကို သူသော့ခတ်၍ သိမ်းထားသည်။
(21) He is a person of no importance.
သူ အရေးပါသူတစ်ယောက်မဟုတ်။

(22) I want to go to the cinema today.
ယနေ့ ကျွန်တော် ရုပ်ရှင်သွားချင်သည်။

(23) I love to hear the watch-dog's honest bark.
ညစောင့်ခွေး၏ သစ္စာရှိသော ဟောင်သံ ကြားရသည်ကို ကျွန်တော် သဘောကျသည်။

(24) I did it of my own free will.
ကျွန်တော့်သဘောအရ အဲဒါကို လုပ်ခဲ့တယ်။

(25) Show me how to do it.
အဲဒါကို ဘယ်လိုလုပ်ရမယ်ဆိုတာ ပြပါ။

(26) His car ran over a dog.
သူ့ကား ခွေးတစ်ကောင်ကို ဖြတ်ကြိတ်သွားသည်။

(27) Things are in a bad way.
အခြေအနေမကောင်း။

(28) She is a woman of wonderful patience.
သူမသည် အံ့သြဖွယ်ကောင်းသည့် သည်းခံခြင်းတရားပြည့်သည့် အမျိုးသမီးဖြစ်သည်။

(29) I have found the key to his secret.
သူ၏ လျှို့ဝှက်ချက်ကို ကျွန်တော်တွေ့ပြီ။

(30) The plan has the virtue of committing us to nothing.
ဤအစီအစဉ်၌ ကျွန်တော်တို့အား ချုပ်နှောင်ချက်မရှိပေ။

(31) I don't see the point of the story.
ဤဝတ္ထု၏ ဦးတည်ချက်ကို ကျွန်တော်မတွေ့ပါ။

(32) How to find the way to the ruins is the question.
အပျက်အစီးများကို မည်ကဲ့သို့ ရှာဖွေရမည်ဆိုသည်မှာ ပြဿနာဖြစ်သည်။

(33) Aung Toe is a man of might.
အောင်တိုးသည် စွမ်းရည်ရှိသူတစ်ယောက်ဖြစ်သည်။

(34) He did it against his will.
သူ၏ ဆန္ဒမပါဘဲ သူလုပ်ရသည်။

(35) I have no time to waste on trifles.
အသေးအဖွဲ့များနှင့်ပတ်သက်၍ ဖြုန်းစရာအချိန် ကျွန်တော့်မှာမရှိ။

(36) Don't do things by halves.
တစ်ဝက်တစ်ပျက် မလုပ်နဲ့။

(37) I enjoy walking in the fields.
ကွင်းပြင်ထဲ၌ လမ်းလျှောက်ခြင်းကို ကျွန်တော် နှစ်သက်သည်။

❖

# အခန်း (၃၁)
# CLAUSES

## (1) Adverb Clauses .....
## ကြိယာဝိသေသန ကဏ္ဍများ

အောက်ပါဝါကျနှစ်ခုမှ စကားစုများကို လေ့လာပါ။

(1) They rested *at sunset*. (Rested when?)
သူတို့ နေဝင်ချိန်၌ နားသည်။ (ဘယ်အချိန်နားလဲ)

(2) They rested *when evening came*. (Rested when?)
ညနေရောက်သောအခါ သူတို့နားသည်။ (ဘယ်အချိန်နားလဲ)

အထက်ပါဝါကျမှ မျဉ်းသားထားသော စကားစုတို့သည် "rested" ဟူသော ကြိယာကို အထူးပြု၍ ကြိယာဝိသေသန (Adverb)၏ အလုပ်ကို လုပ်ကြောင်း တွေ့ရသည်။ ဝါကျ (1)၌ပါသော at sunsetသည် ကြိယာဝိသေသန စကားစု Adverb Phraseဖြစ်ကြောင်း သိရသည်။ သို့သော် ဝါကျ (2)၌ when evening cameသည် စကားစု (Phrase) တစ်ခု မဟုတ်ပေ။ ယင်းတွင် ကတ္တား (Subject) evening နှင့် ဝါစက (Predicate) 'came when' ပါဝင်သည်။ ထို့ကြောင့် ယင်းသည် ဝါကျတစ်ခုနှင့် တူသည်။ သို့သော်လည်း ယင်းသည် ဝါကျတစ်ခု၏ အစိတ်အပိုင်းဖြစ်သည်။

စကားစုတစ်ခုတွင် ကတ္တား (Subject)နှင့် ဝါစက (Predicate) ပါဝင်၍ ယင်းစကားစုသည် ဝါကျတစ်ခု၏ အစိတ်အပိုင်းဖြစ်သော် ယင်းကို

ဝါကျကဏ္ဍ 'Clause'ဟုခေါ်သည်။ 'when the evening came'သည် clause တစ်ခုဖြစ်၍ ကြိယာဝိသေသန၏ အလုပ်ကို လုပ်သောကြောင့် ကြိယာဝိသေသန ဝါကျကဏ္ဍ Adverb Clause ဟု ခေါ်သည်။

Definition . . . . . ကြိယာဝိသေသန ဝါကျကဏ္ဍ Adverb Clauseဆိုသည်မှာ သီးသန့်ကတ္တား (Subject)နှင့် ဝါစက (Predicate) ပါဝင်၍ ကြိယာဝိသေသန (Adverb)၏ အလုပ်ကို လုပ်သော ဝါကျကဏ္ဍ (Clause) ကို ခေါ်သည်။

## လေ့ကျင့်ခန်း (၄၆)

အောက်ပါဝါကျများမှ Adverb Clauses များကို ရွေးချယ်ပါ။

(1) You may sit wherever you like.
မင်းကြိုက်တဲ့နေရာမှာ ထိုင်။

(2) He fled where his pursuers could not follow.
လိုက်သူများ မလိုက်နိုင်သောနေရာသို့ သူထွက်ပြေးသည်။

(3) Because you have done this I shall punish you.
ဒါ မင်းလုပ်တဲ့အတွက် မင်းကို ငါအပြစ်ပေးရမယ်။

(4) As he was not ther I spoke to his brother.
သူမရှိလို့ သူ့ညီကို ပြောခဲ့သည်။

(5) Is you eat too much you will be ill.
မင်း အများကြီးစားရင် နေမကောင်းဖြစ်လိမ့်မယ်။

(6) He finished first though he began late.
သူ နောက်ကျမှ စခဲ့သော်လည်း ဦးဆုံးပြီးသည်။

(7) Will you wait till I return?
ကျွန်တော် ပြန်လာတဲ့အထိ ခင်ဗျားစောင့်မလား။

(8) Just as he entered the room the clock struck.
သူ အခန်းထဲဝင်လာသောအခါ နာရီထိုးသည်။

(9) They went where living was cheaper.
နေထိုင်မှု ချောင်ချိသောနေရာသို့ သူတို့သွားသည်။

(10) He does not always speak is he thinks.
သူထင်သည့်အတိုင်း သူ ဘယ်တော့မှ မပြော။

(11) Take a lamp because the night is dark.
ညမှောင်နေပြီဖြစ်၍ မီးအိမ်ယူခဲ့ပါ။
(12) I do it because I chosse it.
ကျွန်တော် ရွေးချယ်သောကြောင့် ကျွန်တော်လုပ်သည်။
(13) If I make a promise I keep it.
ကျွန်တော် ကတိပေးရင် ကတိတည်တယ်။
(14) You will pass if you work hard.
မင်းကြိုးစားရင် အောင်မယ်။
(15) He advanced as far as he dared.
သူ လုပ်ဝံ့သလောက် တိုးတက်သည်။
(16) I forgive you since your repent.
မင်း နောင်တရကတည်းက ငါ ခွင့်လွှတ်ပြီးသား။
(17) I shall remain where I am.
နေမြဲတိုင်းနေရာမှာ ကျွန်တော်နေမည်။
(18) We shall wait here until you come.
ခင်ဗျားလာတဲ့အထိ ကျွန်တော်တို့ စောင့်နေမယ်။
(19) When I was younger, I thought so.
ငယ်ငယ်တုန်းက ကျွန်တော် အဲဒီလိုထင်တာပဲ။
(20) I was so dark that you could not see your hand.
သိပ်မှောင်လွန်းလို့ ခင်ဗျားလက်တောင် ခင်ဗျား မြင်ရမှာမဟုတ်ဘူး။
(21) Whenever one goes, one hears the same story.
သွားတဲ့သူတိုင်း အဲဒီအကြောင်းပဲ ကြားနေရတယ်။
(22) If you do not hurry, you will miss the train.
ခင်ဗျား မြန်မြန်မလုပ်ရင် ရထားနောက်ကျမယ်။
(23) Since you have already decided, why do you ask opinion?
မင်းဆုံးဖြတ်ပြီးမှ ဘာလို့ ငါ့ရဲ့အမြင်ကို မေးရတာတုန်း။

## လေ့ကျင့်ခန်း (၄၇)

အောက်ပါကွက်လပ်များကို သင့်တော်သည့် Adverb Clauses များဖြင့် ဖြည့်ပါ။

(1) Do not go . . . . .
မသွားနဲ့ .....။
(2) He is not so clever . . . . .
သူ မတော်ပေမယ့် .....။
(3) I was so hurried . . . . .
ကျွန်တော် မြန်မြန် .....။
(4) He ran so fast . . . . .
သူ လျှင်မြန်စွာပြေး .....။
(5) He always does . . . . .
သူ အမြဲပြုလုပ်နေ .....။
(6) He spoke so low . . . . .
သူ တိုးတိုးလေးပြော .....။
(7) I shall do nothing . . . . .
ကျွန်တော် ဘာမှမလုပ် .....။
(8) Fools rush in . . . . .
လူမိုက်များ ပြေးဝင် .....။
(9) Nobody likes him . . . . .
ဘယ်သူမှ သူ့ကို သဘောမကျ .....။
(10) Open refute is better . . . . .
ပွင့်လင်းစွာ ဆူခြင်းသည် .....။
(11) He will succeed . . . . .
..... သူ အောင်မြင်လိမ့်မည်။
(12) Make hay . . . . .
..... ဖြတ်လှန်း။
(13) He is so busy . . . . .
သူ အလွန်အလုပ်များ .....။
(14) Do not come . . . . .
မလာနဲ့ .....။
(15) The boy went out to play . . . . .
..... ကစားရန် ကလေးများ ထွက်သွားသည်။

(16) He does . . . . .
. . . . . သူလုပ်သည်။
(17) He always comes . . . . .
. . . . . သူ အမြဲလာသည်။
(18) He did . . . . .
. . . . . သူ လုပ်သည်။
(19) She sings exactly . . . . .
. . . . . သူမ သီချင်းဆိုသည်။
(20) The earth is larger . . . . .
ကမ္ဘာမြေကြီးသည် . . . . .။
(21) His father died . . . . .
. . . . . သူ့အဖေ သေသည်။
(22) He cannot see . . . . .
. . . . သူ မမြင်။
(23) Do your work well . . . . .
. . . . . မင်းအလုပ်ကို ကောင်းမွန်စွာ လုပ်ပါ။
(24) I found my books . . . . .
ကျွန်တော် စာအုပ်များကို . . . . . တွေ့သည်။
(25) I will not go out . . . . .
. . . . . ကျွန်တော် အပြင်မထွက်ပါ။
(26) You will succeed or fail . . . . .
. . . . . သင် အောင်မြင်လိမ့်မည်၊ သို့မဟုတ် ရှုံးနိမ့်လိမ့်မည်။
(27) Arithmetic is less difficult . . . . .
. . . . . ဂဏန်းသင်္ချာသည် သိပ်မခက်ပေ။
(28) We shall miss the train . . . . .
. . . . . ကျွန်တော်တို့ ရထားနောက်ကျလိမ့်မည်။
(29) Do . . . . .
. . . . . လုပ်ပါ။

အောက်ပါဝါကျနှစ်ခုကို လေ့လာပါ။

(1) The stolen property was found in the dacoits' hiding place.
ခိုးယူထားသောပစ္စည်းများကို ဓားပြများ ဝှက်ထားသော နေရာ၌ တွေ့သည်။

(2) The stolen property was found where the dacoits were accustomed to hide.
ခိုးယူထားသောပစ္စည်းများကို ဓားပြများ ဝှက်လေ့ရှိသောနေရာ၌ တွေ့ရသည်။

ဝါကျ (1)၌ "in the dacoits' hiding place" သည် စကားစု Phrase ဖြစ်သည်။ ဝါကျ (2) ၌ "where the dacoits were accustomed to hide" သည် ဝါကျကဏ္ဍ Clause ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ယင်းတွင် ကတ္တား (Subject) the dacoits နှင့် ဝါစက (Predicate) were accustomed to hide where ပါဝင်သည်။ သို့ရာတွင် အထက်ပါစကားစု နှစ်ခုစလုံးသည် ကြိယာဝိသေသန (Adverb) ၏အလုပ်ကို လုပ်ကြောင်း တွေ့ရသည်။ ထို့ကြောင့် in the dacoits hiding place ဟူသော Adverb Phrase ၏နေရာတွင် "where the dacoits were accustomed to hide" ဟူသော Adverb-Clause ဖြင့် အစားထိုး၍ ရပေသည်။

## လေ့ကျင့်ခန်း (၄၈)

အောက်ပါဝါကျအသီးသီးမှ Adverb-phrases များ၏ နေရာတွင် Adverb-clauses များဖြင့် အစားထိုးပါ။

(1) On his return we asked him many questions.
သူပြန်လာသောအခါ ကျွန်တော်တို့ သူ့အား မေးခွန်းများစွာမေးသည်။

(2) Do it to the best of your ability.
ခင်ဗျားမှာ စွမ်းအားရှိသလောက် အကောင်းဆုံးဖြစ်အောင် လုပ်ပါ။

(3) The prince was met on his arrival by his secretary.
မင်းသားရောက်သောအခါ သူ၏ အတွင်းရေးမှူးနှင့် တွေ့သည်။

(4) In spite of poverty he became distinguish.
နွမ်းပါးသည့်ကြားမှ သူသည် ထင်ပေါ်လာသည်။
(5) Upon seeing the signal the troops set out.
အချက်ပေးသည်ကိုမြင်သဖြင့် စစ်တပ်များ ထွက်ခွာသွားသည်။
(6) Nobody must expet to become rich without hard work.
ကြိုးစားခြင်းမရှိဘဲ ချမ်းသာလာရန် မည်သူမျှ မမျှော်လင့်နိုင်။
(7) There were very grateful to him his kindness.
သူရဲ့ ကြင်နာမှုအတွက် ကျေးဇူးများစွာ တင်ရှိပါတယ်။
(8) In comparison with air water is heavy.
လေနှင့် နှိုင်းစာလျှင် ရေသည် လေးသည်။
(9) The weather is too bright to last.
ရာသီဥတု တောက်ပကြည်လင်လွန်းသည်၊ ကြာရှည်မတည်နိုင်။
(10) My heart is too full for words.
ကျွန်တော့်နှလုံးသားထဲမှာ စကားလုံးများနဲ့ ပြည့်နေပါတယ်။
(11) The work is too much for any man to do single-handed.
အလုပ်သည် တစ်ယောက်တည်းလုပ်ရန်အတွက် အလွန်များနေသည်။
(12) With a view to early retirement he saved his money.
စောစီးစွာ အငြိမ်းစားယူမည့်အတွက် သူ ငွေစုသည်။
(13) In the event of the presiden'ts death the vicepresident succeeds him.
သမ္မတ ကွယ်လွန်သွားသည့်အတွက် ဒုတိယ သမ္မတသည် သမ္မတ နေရာကို ရရှိသည်။
(14) He always carried out his duties according to instruction.
ညွှန်ကြားချက်များအတိုင်း သူသည် တာဝန်များကို ထမ်းဆောင်သည်။
(15) The price is high for an old car.
ကား၏တန်ဖိုးသည် ကားဟောင်းကြီးနှင့်စာလျှင် ဈေးကြီးလှ၏။
(16) He ran with all his might.
သူ စွမ်းအားရှိသလောက် ပြေးသည်။
(17) After such hard work, he requires a long rest.

ပင်ပင်ပန်းပန်း လုပ်ကိုင်ပြီးနောက် သူ များစွာနားရန် လိုအပ်သည်။

**လေ့ကျင့်ခန်း (၄၉)**

အောက်ပါဝါကျများမှ Adverb-clauses များ၏ နေရာတွင် Adverb(သို့မဟုတ်) Adverb-phrase များဖြင့် အစားထိုးပါ။

(1) I have not been well since I return from Lashio.
လားရှိုးက ပြန်လာပြီးကတည်းက ကျွန်တော် နေမကောင်း။

(2) When the sun set he return home.
နေညိုတော့ သူ အိမ်ပြန်လာသည်။

(3) They fought as heroes do.
သူရဲကောင်းများကဲ့သို့ သူတို့ တိုက်ခိုက်သည်။

(4) When the righteous rule, the people rejoice.
အမှန်တရား စိုးမိုးသောအခါ လူများ ပျော်ရွှင်သည်။

(5) Though I am poor, yet am I contented.
ဆင်းရဲသော်လည်း ကျွန်တော် ရောင့်ရဲတင်းတိမ်နိုင်သည်။

(6) We have come that we may help you.
မင်းကို ကူညီဖို့ တို့လာတယ်။

(7) When he entered the room he saw the vase broken.
သူ အခန်းထဲသို့ဝင်လာသောအခါ လင်ပန်းကွဲနေသည်ကို တွေ့ရသည်။

(8) The thief crept as a jackal does.
သူခိုးသည် တောခွေးကဲ့သို့ တွားချဝင်သည်။

(9) I am glad that he has recovered from his illness.
သူ ပြန်လည်ကျန်းမာလာပြီသိရလို့ ကျွန်တော် ဝမ်းသာသည်။

(10) He works hard that he may become rich.
သူ ကြိုးစား၍ အလုပ်လုပ်သောကြောင့် ချမ်းသာလာမည်။

(11) He worked so hard that he succeeded.
သူ ကြိုးစား၍ အလုပ်လုပ်သောကြောင့် သူ အောင်မြင်မည်။

(12) As soon as I saw the cobra I ran away.
မြွေဟောက်ကို မြင်မြင်ချင်း ကျွန်တော် ထွက်ပြေးသည်။

(13) We ran that we might arrive in time.
ကျွန်တော်တို့ ပြေးသောကြောင့် အချိန်မီရောက်မည်။

(14) He jested even as he lay dying.
သေဆုံးခါနီးထိ သူ ရယ်စရာပြောနေတုန်း။

(15) No man can became a great artist unless he applies himself continually to his art.
ပန်းချီ မှန်မှန်မရေးဆွဲလျှင် မည်သူမျှ ပန်းချီဆရာကြီးတစ်ယောက် ဖြစ်မည်မဟုတ်။

(16) There was nothing he would not do if only he might make profit.
အမြတ်အစွန်းရလျှင် သူ မလုပ်မှာမရှိ။

(17) He was not so rich that he could not buy a motor-car.
သူ မချမ်းသာသော်လည်း ကားတစ်စီးဝယ်လိမ့်မည်။

(18) When he had uttered these words he sat down.
စကားများ မိန့်ကြားပြီးသောအခါ သူ ထိုင်လိုက်သည်။

(19) This exercise is so difficult that I can not do it.
ဤလေ့ကျင့်ခန်းသည် ခက်လှသောကြောင့် ကျွန်တော် မလုပ်နိုင်။

(20) The news is so good that it cannot be true.
သတင်းက ကောင်းလွန်းနေတော့ မှန်မယ်မထင်ဘူး။

(21) I did not pay him, as I had no money with me.
ကျွန်တော့်မှာ ပိုက်ဆံမရှိလို့ သူ့ကို မပေးလိုက်ဘူး။

(22) He lived carefully that he might live long.
သူ့ကိုယ်သူ ဂရုစိုက်လို့ သူ အသက်ရှည်လိမ့်မယ်။

(23) The train will leave as soon as the mails arrive.
ချောစာထုပ်များ ရောက်လျှင်ရောက်ခြင်း ရထားထွက်မယ်။

(24) He may go home after his work is finished.
အလုပ်တွေပြီးရင် သူ အိမ်ပြန်လိမ့်မယ်။

(25) As he was sick, he remained at home.
ဖျားလို့ သူ အိမ်မှာနေခဲ့တယ်။

(26) He was punished as he deserved.
သူ ရသလောက် အပြစ်ဒဏ်ခံရသည်။

(27) I took him because you recommended him.
ခင်ဗျား ထောက်ခံလို့ ကျွန်တော် သူ့ကိုရွေးတယ်။

(28) My parents were poor though they were of noble birth.
ကျွန်တော်၏မိဘများသည် မျိုးရိုးကောင်းမှ ဆင်းသက်လာသော်လည်း ဆင်းရဲ၏။

(29) He refuses to work whatever I may say.
ကျွန်တော်ပြောသမျှကိုလုပ်ရန် သူ ငြင်းဆန်သည်။

(30) We will do the work as well as we can.
ကျွန်တော်တို့ လုပ်နိုင်သလောက် အလုပ်လုပ်မည်။

(31) Robinson Crusoe was puzzled when he discovered the point of a foot on the sand.
သဲပေါ်၌ ခြေရာတစ်ခုကို တွေ့လိုက်သောအခါ ရော်ဘင်ဆင်ကရူးဆိုးသည် အံ့အားသင့်သွား၏။

(32) Appolo was worshipped as long as the Roman Empire lasted.
ရောမအင်ပါယာကြီး တည်မြဲနေသရွေ့ အပိုလိုနတ်ဘုရားကို ကိုးကွယ်သည်။

(33) He was passing rich though his income was only 40000 kyats annually.
သူ့ဝင်ငွေသည် တစ်နှစ် ၄၀၀၀၀ ကျပ်မျှသာ ဖြစ်သော်လည်း ချမ်းသာလာ၏။

(34) We are kind to you because you are kind to us.
ခင်ဗျား ကျွန်တော်တို့အပေါ် ကြင်နာလို့ ကျွန်တော်တို့ ခင်ဗျားအပေါ် ကြင်နာပါတယ်။

(35) The passage is so difficult that I cannot comprehend it.
စာပိုဒ်သည် အလွန်ခက်သောကြောင့် ကျွန်တော် နားမလည်။

## (2) Adjective Clauses

အောက်ပါဝါကျနှစ်ခုမှ မျဉ်းသားထားသော စကားစုကို လေ့လာပါ။

(1) The umbrella *with a broken hand* is mine.
(Which umbrella?)
လက်ကိုင်ကျိုးထီးသည် ကျွန်တော့်ထီး။ (ဘယ်ထီးလဲ)

(2) The umbrella *which has a broken hand* is mine.
(Which umbrella?)
ကျိုးသောလက်ကိုင်နှင့်ထီးသည် ကျွန်တော့်ထီး။ (ဘယ်ထီးလဲ)

ဝါကျ (1) မှ "with a broken hand" ဟူသော စကားစုသည် "umbrella" ဟူသော နာမ်ကို အထူးပြု၍ နာမဝိသေသန အလုပ်ကို လုပ်သောကြောင့် နာမဝိသေသနစကားစု Adjective Phrase ဖြစ်သည်။

ဝါကျ (2)မှ "Which has a broken handle" ဟူသော စကားစုသည် umbrella ဟူသော နာမ်ကို အထူးပြု၍ နာမဝိသေသန အလုပ်ကို လုပ်သည်။ သို့သော် ယင်းတွင် ကတ္တား (Subject) နှင့် ဝါစက (Predicate) ပါဝင်သောကြောင့် နာမဝိသေသန ဝါကျကဏ္ဍ (Adjective Clause) ဟု ခေါ်သည်။

### ဖွင့်ဆိုချက်

နာမဝိသေသန ဝါကျကဏ္ဍ Adjective Clause ဆိုသည်မှာ ကတ္တား (Subject) နှင့် ဝါစက (Predicate) ပါသည့်အပြင် နာမဝိသေသန (Adjec-tive) ၏ အလုပ်ကိုလုပ်သော ဝါကျကဏ္ဍ Clause ကို ခေါ်သည်။

### လေ့ကျင့်ခန်း (၅၀)

အောက်ပါဝါကျများနှင့် Adjective-Clauses များ ရွေးထုတ်၍ မည်သည့်နာမ် (သို့မဟုတ်) မည်သည့်နာမ်စားကို အထူးပြုသည်ကို ဖော်ပြပါ။

(1) Kyu Kyu had a little lamb whose fleece was white as snow.

နှင်းကဲ့သို့ ဖြူသောအမွေးရှိသည့် သိုးတစ်ကောင် ကြုံကြုံထံ၌ ရှိသည်။

(2) The letter brought money which was badly needed.
အလွန်လိုအပ်နေသော ငွေများ စာနှင့်အတူ ရောက်လာသည်။

(3) The house that I live in belongs to my father.
ကျွန်တော်နေသောအိမ်ကို အဖေ ပိုင်သည်။

(4) I am monarch of all I survey.
ငါ့အတွက် ငါသာဘုရင်။

(5) I have a little shadow which goes in and out with me.
ကျွန်တော့်မှာ ကျွန်တော့်နောက် တကောက်ကောက်လိုက်နေသော အရိပ်ကလေးရှိသည်။

(6) The dog that bites does not bark.
ကိုက်သောခွေး မဟောင်။

(7) He tells a tale that sounds untrue.
မမှန်ကန်တဲ့ ပုံဝတ္ထုတစ်ခုကို သူပြောတယ်။

(8) It's an ill wind that blows nobody any good.
မကောင်းသောလေသည် မည်သူ့ကိုမျှ ကောင်းကျိုးမပေး။

(9) They never fail who die in a great cause.
အများအတွက် အသက်ဆုံးရှုံးရသူများသည် ဘယ်အခါမှ မေ့ပျောက်ခြင်း မခံရ။

(10) I remember the house where I was born.
ကျွန်တော် မွေးဖွားခဲ့သောအိမ်ကို သတိရနေသည်။

(11) He that climb too high is sure to fall.
အလွန်မြင့်သောနေရာသို့ တက်သောသူ ကျမှာ သေချာ၏။

(12) Here is the book you want.
ဒီမှာ မင်းလိုချင်တဲ့စာအုပ်။

(13) Heaven helps those whose help themselves.
မိမိကိုယ်မိမိ ကူညီသူကို ကောင်းကင်ဘုံက ကူညီသည်။

(14) He died in the village where he was born.
သူမွေးတဲ့ရွာမှာ သူသေတယ်။

(15) He never does anything that is silly.
ကောက်ကျစ်သောအပြုအမူ သူ ဘယ်တော့မှမလုပ်။
(16) People who live in glass houses should not throw stone.
မှန်အိမ်ထဲ၌ နေသူများ တစ်ပါးသူကို ခဲနှင့်မပေါက်သင့်။
(17) It is a long lane that has no turning.
ထိုလမ်းသည် ရှည်လျား၍ အကွေ့မရှိ။
(18) He laughs best who laughs last.
နောက်ဆုံးရယ် သူသည် အကောင်းဆုံး။

အောက်ပါဝါကျနှစ်ခုကို လေ့လာပါ။
(1) He met a girl *with blue eyes.*
အပြာရောင်မျက်လုံးနှင့် ကောင်မလေးကို သူ တွေ့ခဲ့သည်။
(2) He met a girl *whose eyes were blue.*
မျက်လုံးအပြာရောင်ရှိသော ကောင်မလေးကို သူ တွေ့ခဲ့သည်။

ဝါကျ (1) မှ "with blue eyes" သည် girl ဟူသော နာမ်ကို အထူး ပြုသည်။

ဝါကျ (2) မှ "whose eyes were blue" သည် girl ဟူသော နာမ် ကို အထူးပြုသည်။

ယင်းတို့နှစ်ခုသည် နာမဝိသေသန Adjective၏ အလုပ်ကို လုပ်သည်။ "with blue eyes" သည် စကားစု Phrase ဖြစ်၍ "whose eyes were blue" သည် ဝါကျကဏ္ဍ Clause ဖြစ်သည်။ ထို့ကြောင့် "with blue eyes" ဟူသော Adjective Phrase ၏ နေရာတွင် "whose eyes were blue" ဟူသော Adjective-Clause ဖြင့် အစားထိုးနိုင်ကြောင်း တွေ့ရသည်။

## လေ့ကျင့်ခန်း (၅၁)

အောက်ပါဝါကျများမှ Adjective-Phrases များ၏နေရာ Adjective- Clause များဖြင့် အစားထိုးပါ။
(1) A man of industrious habits is sure to succeed.
ကြိုးစားလိုသော အလေ့အထရှိသူသည် အောင်မြင်ရန် သေချာ၏။

(2) He told us his time arrival.
သူ ရောက်မည့်အချိန်ကို ကျွန်တော်တို့အား ပြော၏။

(3) The time for departing has now arrived.
ခွဲခွာရမည့်အချိန်ရောက်ပြီ။

(4) Do you know the road leading to the temple?
ဘုရားကျောင်းသို့ ဦးတည်သွားသောလမ်းကို မင်း သိသလားဟင်။

(5) I have a box, filled with almonds.
ဗာဒံသီးများ အပြည့်ရှိသော သေတ္တာတစ်လုံး ကျွန်တော့်မှာရှိသည်။

(6) We all admire a man of courage.
ရဲရင့်သူကို ကျွန်တော် ကြည်ညိုသည်။

(7) A city on a hill cannot be hid.
တောင်ကုန်းပေါ်မှ မြို့ကလေးကို ကွယ်ထားရန် မဖြစ်နိုင်။

(8) The people in the sitting-room could not hear.
ညှိခန်း၌နေသောလူများ မကြားနိုင်။

(9) You can have anything of your liking.
ခင်ဗျား ကြိုက်နှစ်သက်တာ ခင်ဗျားထံမှာ ရှိသင့်တယ်။

(10) The houses of the Myanmar people are generally built of bamboo.
မြန်မာပြည်မှ အိမ်များသည် အများအားဖြင့် ဝါးဖြင့် ဆောက်ကြသည်။

## လေ့ကျင့်ခန်း (၅၂)

အောက်ပါဝါကျများမှ Adjective-Clauses များ၏ နေရာတွင် Adjective (သို့မဟုတ်) Adjective Phrases များ ဖြည့်ပါ။

(1) The house in which Myanmar people live are generally built of bamboo.
မြန်မာလူမျိုးများ နေထိုင်သောအိမ်များသည် အများအားဖြင့် ဝါးဖြင့် ဆောက်ကြသည်။

(2) The boy who sit near me is my cousin.
ကျွန်တော်၏အနား၌ ထိုင်နေသော ကောင်ကလေးသည် ကျွန်တော့် ညီဝမ်းကွဲ ဖြစ်သည်။

(3) That was the reason why he came late.
သူ နောက်ကျတဲ့အကြောင်းက အဲဒါပေါ့။
(4) The reason, why he failed, is obvious.
သူ ကျရှုံးရသည့်အကြောင်းရင်း ထင်ရှားသည်။
(5) The workers, who were weary with their exertions, lay down to vest.
ကြိုးစားလုပ်ကိုင်ခြင်းဖြင့် မောပန်းနေသော အလုပ်သမားများသည် အနားယူရန် လဲလျောင်းနေသည်။
(6) The sun, which at mid-day was hot, made the traveller thristy.
နေ့လယ်ခင်း နေသည် ခရီးသွားကို ရေငတ်စေ၏။
(7) Which is the road that leads most quickly to the station?
ဘူတာရုံသို့ အမြန်ဆုံးရောက်မယ့်လမ်း ဘယ်လမ်းလဲဟင်။
(8) People who too much die early.
အစားကျူးသူ အသေစော၏။
(9) Many men who have been trained to write become journalists.
စာရေးသားခြင်း အလေ့အကျင့်ရှိသူများမှာ သတင်းစာဆရာ ဖြစ်လာသည်။
(10) This is the place where forefathers landed.
ဤနေရာသည် ကျွန်တော်တို့၏ ဘိုးဘေးများ အခြေစိုက်ရာဖြစ်သည်။
(11) The explanation he gave was not satisfactory.
သူပေးသော ဖြေရှင်းချက်သည် ကျေနပ်ဖွယ်မကောင်းပေ။
(12) Such man as you cannot be easily disheartened.
ခင်ဗျားလိုလူမျိုး လွယ်လွယ်ကူကူ စိတ်မပျက်တတ်။
(13) This boy, who has been industrious, he earned a prize which he has well deserved.
လုံ့လစိုက်သော ကောင်ကလေး ရရှိသောဆုသည် ထိုက်တန်၏။
(14) A belief which is generally held is not necessarily one which is true.

အများယုံကြည်ချက်သည် မှန်ကန်သော ယုံကြည်ချက်ဖြစ်ရမည် မဟုတ်။

(15) An author who was famous in the reign of Queen Anne lived in that cottage which overlooks the lake.
အင်း(န်)ဘုရင်မကြီး လက်ထက်မှ ထင်ရှားသော စာရေးဆရာတစ်ယောက် ကန်ကြီးအပေါ်ဘက် အိမ်ပုကလေးတွင် နေခဲ့သည်။

## (3) Noun Clauses နာမ်ဝါကျကဏ္ဍ

အောက်ပါဝါကျနှစ်ခုကို လေ့လာပါ။

(1) I expect *to get a prize*. (Expect what?)
ဆုတစ်ခုရရန် ကျွန်တော် မျှော်လင့်သည်။ (ဘာမျှော်လင့်သလဲ)

(2) I expect *that I shall get a prize*. (Expect what?)
ကျွန်တော် ဆုတစ်ခုရမည်ဟု မျှော်လင့်သည်။ (ဘာမျှော်လင့်သလဲ)

ဝါကျ (1) မှ "to get a prize" သည် subject နှင့် Predicate မပါ။ ထို့ကြောင့် Phrase ဖြစ်သည်။ ယင်း Phrase သည် expect ဟူသော Verb ၏ ကံ (Object) ဖြစ်၍ နာမ် Noun ၏အလုပ်ကို လုပ်သည်။ ထို့ကြောင့် ယင်းသည် Noun Phrase ဖြစ်သည်။

ဝါကျ (2) ၌ "that I shall get a prize" သည် သီးသန့် Subject နှင့် Predicate ပါဝင်သည်။ ထို့ကြောင့် ယင်းသည် Clause တစ်ခုဖြစ်သည်။ ယင်း Clause သည် expect ဟူသော Verb ၏ ကံ Object ဖြစ်၍ နာမ် Noun ၏အလုပ်ကို လုပ်သည်။ ထို့ကြောင့် ယင်းကို Noun Clause နာမ်ဝါကျကဏ္ဍဟု ခေါ်သည်။

အောက်ပါဝါကျကို လေ့လာပါ။

*That you have come* pleases me.

မင်းလာတာ ငါ ကျေနပ်တယ်။

အထက်ပါဝါကျ၌ "That you have come" သည် Pleases ဟူသော ကြိယာ Verb ၏ ကတ္တား (Subject) ဖြစ်သည်။ ထို့ကြောင့် ယင်းသည် နာမ်အလုပ်ကို လုပ်သောကြောင့် နာမ်ဝါကျကဏ္ဍ Noun Clause ဖြစ်သည်။

## ဖွင့်ဆိုချက်

နာမ်ဝါကျကဏ္ဍ Noun Clause ဟူသည်မှာ သီးသန့်ကတ္တား (Subject)နှင့် ဝါစက (Predicate)ပါဝင်သည့် နာမ် Noun၏အလုပ်ကို လုပ်သော စကားစုဖြစ်သည်။

## လေ့ကျင့်ခန်း (၅၃)

အောက်ပါဝါကျများမှ Noun Clauses များကို ရွေးပါ။

(1) I often wonder how you are getting on.
မင်း အခြေအနေ ဘယ်လိုလဲဆိုတာ ငါ သိချင်တယ်။

(2) I fear that I shall fail.
ငါ ကျရှုံးမှာ ကြောက်တယ်။

(3) He replied that he would come.
သူလာမယ်လို့ အကြောင်းပြန်တယ်။

(4) Do you deny that you stole the watch?
နာရီကို မင်း ခိုးယူတယ်ဆိုတာ ငြင်းမှာလား။

(5) I though that it would be a fine day.
သာယာတဲ့နေ့တစ်နေ့ပဲလို့ ငါထင်တယ်။

(6) That you should cheat me hurts me.
ခင်ဗျား ကျွန်တော့်ကို ညာရက်ခြင်းကို ကျွန်တော် နာကြည်းသည်။

(7) No one knows who he is.
သူ ဘယ်သူလဲဆိုတာ မည်သူမှမသိ။

(8) He saw that the clock had stopped.
နာရီရပ်နေသည်ကို သူမြင်သည်။

(9) That you should say this is very strange.
ခင်ဗျား ဤသို့ပြောဆိုခြင်းသည် ထူးဆန်း၏။

(10) I don't see how you can get out of this mess.
ဤအရှုပ်အထွေးများမှ ခင်ဗျား ဘယ်လို ရုန်းထွက်မလဲဆိုတာ ကျွန်တော် မသိပါ။

(11) I earn whatever I can.
ရနိုင်သမျှ ရအောင် ကျွန်တော် ရှာဖွေသည်။

(12) I do not know what he wants.
သူ ဘာလိုချင်တယ်ဆိုတာ ကျွန်တော် မသိပါ။
(13) There were no complaints except that the day was too hot.
နေ့အချိန်တွင် ပူပြင်းသည်မှာ ဆိုဖွယ်မရှိ။
(14) I went to see what had happened.
ဘာဖြစ်တယ်ဆိုတာ ကျွန်တော် သွားကြည့်တယ်။
(15) I do not understand how it all happened.
ဘယ်လိုဖြစ်ပျက်ခဲ့တယ်ဆိုတာ ကျွန်တော် နားမလည်။
(16) Pay carefully attention to what I am going to say.
ကျွန်တော် ဘာပြောမယ်ဆိုတာ ဂရုစိုက်ပါ။
(17) It grieved me to hear that she was ill.
သူမ မကျန်းမမာဖြစ်နေတာကြားရလို့ ကျွန်တော် ပူပန်တယ်။
(18) I want to know how far it is from here.
ထိုနေရာသည် ဤနေရာမှ မည်မျှဝေးသည်ကို ကျွန်တော် သိလိုသည်။
(19) Where we were to lodge that night was the problem.
ထိုတစ်ည ကျွန်တော်တို့ ဘယ်နေရာ၌ တည်းခိုရမည်ဆိုသည်မှာ ပြဿနာပင်။
(20) He begged that his life might be spared.
သူ့အသက်ကို ချမ်းသာပေးရန် သူတောင်းပန်သည်။
(21) I think you have made a mistake.
ခင်ဗျား အမှားတစ်ခုပြုခဲ့ပြီလို့ ကျွန်တော်ထင်တယ်။
(22) Can you guess what I want?
ကျွန်တော် ဘာလိုချင်တယ်ဆိုတာ ခင်ဗျား ခန့်မှန်းနိုင်လား။
(23) How the burglar got in is a mystery.
သူခိုး အထဲသို့ မည်သို့ရောက်လာသည်မှာ အံ့ဩဖွယ်ပင်။
(24) It is uncertain whether he will come.
သူ လာမလားဆိုတာ မသေချာပါ။
(25) I do not know what he will do.
သူ ဘာလုပ်လိမ့်မယ်ဆိုတာ ငါမသိပါ။

## လေ့ကျင့်ခန်း (၅၄)

အောက်ပါကွက်လပ်များတွင် သင့်တော်သည့် Noun Clauses များ ဖြည့်ပါ။

(1) I cannot understand . . . . .
. . . . . ကျွန်တော် နားမလည်။

(2) They all said . . . . .
. . . . . သူတို့ပြောသည်။

(3) I think . . . . .
. . . . . ကျွန်တော် ထင်သည်။

(4) This is just . . . . .
. . . . . မျှသာဖြစ်သည်။

(5) He told me . . . . .
. . . . . သူ ကျွန်တော့်ကို ပြောသည်။

(6) . . . . . is a well known fact.
. . . . . လူသိများသော အချက်ဖြစ်သည်။

(7) Do you know . . . . . ?
. . . . . မင်း သိရဲ့လား။

(8) I wonder . . . . .
. . . . . ငါ သိချင်တယ်။

(9) I do not know . . . . .
. . . . . ကျွန်တော် မသိပါ။

(10) Please show me . . . . .
ကျေးဇူးပြု၍ . . . . . ပြပါ။

(11) . . . . . is quite certain.
. . . . . အတော် သေချာသည်။

(12) I feel certain . . . . .
. . . . . ကျွန်တော် ခံစားနေရသည်။

(13) Tell him . . . . .
. . . . . သူ့ကို ပြောပါ။

(14) Will you tell me .....?
..... မင်း ငါ့ကို ပြောမလား။
(15) His father was anxious .....
..... သူ့အဖေသည် စိတ်လှုပ်ရှားနေသည်။
(16) You forget .....
..... ခင်ဗျား မေ့နေတယ်။
(17) It is certain .....
..... သေချာသည်။
(18) Have you heard .....?
..... မင်း ကြားဖူးသလား။
(19) ..... do with your might.
..... မင်းမှာရှိတဲ့ စွမ်းအားရှိသမျှလုပ်။
(20) He was pleased with .....
..... သူ ဝမ်းမြောက်သည်။

## လေ့ကျင့်ခန်း (၅၅)

အောက်ပါဝါကျများမှ စကားစုများ၏နေရာတွင် သင့်တော်သော Noun Clauses များဖြင့် အစားထိုးပါ။

(1) The time of his coming no one can guess.
သူလာမည့်အချိန်ကို မည်သူမှ မခန့်မှန်းနိုင်။
(2) I heard of his success.
သူ အောင်မြင်မှုကို ကျွန်တော် ကြားရသည်။
(3) The reason of his failure will never be known.
သူ၏ ကျရှုံးမှုကို ဘယ်အခါမှ သိရမည်မဟုတ်ပါ။
(4) I predict a change in the weather.
ရာသီဥတု အပြောင်းအလဲကို ကျွန်တော် ကြိုတင်၍ ပြောသည်။
(5) The jury believed the man guilty.
ထိုသူ အပြစ်ရှိကြောင်း ဂျူရီအဖွဲ့က ယုံကြည်သည်။
(6) We expect an improvement in business.
စီးပွားရေးလုပ်ငန်း တိုးတက်လာမည်ဟု ကျွန်တော်တို့ မျှော်လင့်သည်။

(7) Who can doubt the truth of his statement?
သူ၏ မှန်ကန်သော ဖော်ပြချက်ကို မည်သူ သံသယရှိမလဲ။
(8) I know him to be trustworthy.
တည်ကြည်ဖြောင့်မတ်တဲ့ လူတစ်ယောက်အဖြစ် သူ့ကို ကျွန်တော် သိသည်။
(9) I do not believe the account given by him.
သူပြောသောအကြောင်းကို ကျွန်တော် မယုံကြည်။
(10) He confessed his guilt.
သူ့အပြစ် သူဝန်ခံသည်။
(11) He described the attack on the camp.
စခန်းတိုက်ခိုက်မှုကို သူ ပုံဆွဲ၍ ပြသည်။
(12) The place of their meeting was known to the police.
ရဲသည် သူတို့၏ အစည်းအဝေးနေရာကို သိသည်။
(13) The sailor told us the direction of the wind.
လေဦးတည်ရာအရပ်ကို သင်္ဘောသားသည် ကျွန်တော်တို့အား ပြောပြသည်။
(14) His arrival was quite unexpected.
သူ မမျှော်လင့်ဘဲ ရောက်လာသည်။
(15) His friends hoped for his success.
သူ့အောင်မြင်မှုကို သူ့သူငယ်ချင်းများ မျှော်လင့်နေသည်။
(16) I know your great regard for him.
ခင်ဗျား သူ့ကို များစွာ ဂရုစိုက်ကြောင်း ကျွန်တော်သိသည်။

**လေ့ကျင့်ခန်း (၅၆)**

အောက်ပါဝါကျများမှ Noun Clauses များ၏ နေရာတွင် Noun သို့မဟုတ် Noun Pharse များဖြင့် အစားထိုးပါ။

(1) I hope that I shall be there in time.
ကျွန်တော် အဲဒီကို အချိန်မီရောက်မယ်လို့ မျှော်လင့်ပါတယ်။
(2) He is sure that we will win the match.
ကျွန်တော်တို့ ပြိုင်ပွဲကို နိုင်လိမ့်မယ်လို့ သူပြောတယ်။

(3) I remarked that it was a fine day.
သာယာတဲ့ နေ့တစ်နေ့လို့ ကျွန်တော် မှတ်ချက်ချတယ်။
(4) They do not know where he is hiding.
သူ မည်သည့်နေရာတွင် ပုန်းနေသည်ကို သူတို့မသိ။
(5) The police must know where he is living.
သူ ဘယ်မှာနေတယ်ဆိုတာ ရဲသားက သိသည်။
(6) I believe that the man is sincere.
ထိုသူ ရိုးသားတည်ကြည်သည်ကို ကျွန်တော် သိသည်။
(7) Tell me what you think about this.
ဒီကိစ္စအပေါ်မှာ ခင်ဗျား ဘယ်လိုထင်တယ်ဆိုတာ ပြောပြပါလား။
(8) The doctor is hopeful that she will soon recover.
သူမ မကြာမီ ပြန်လည်ကျန်းမာလာမည်ဟု ဆရာဝန် မျှော်လင့်သည်။
(9) It is to be regretted that he retired from the world so early in life.
သူ စောစီးစွာ လောကကြီးမှ ထွက်ခွာသွားခြင်းသည် ဝမ်းနည်းဖွယ်ပင်။
(10) I do not believe what he says.
သူပြောသည်ကို ကျွန်တော် မယုံကြည်။
(11) He showed how the problem was done.
ပြဿနာ မည်ကဲ့သို့ပြီးသွားသည်ကို သူပြသည်။
(12) It seems that he is a doctor.
သူ ဆရာဝန်တစ်ယောက် ဖြစ်ပုံရတယ်။
(13) He does not know where I live.
ကျွန်တော် ဘယ်မှာနေတယ်ဆိုတာ သူမသိပါ။
(14) Tell me why you did this.
ဘာလို့ ဒီဟာကို ခင်ဗျား လုပ်သလဲဆိုတာ ပြောပြပါလား။
(15) It is not known who has written this book.
ဒီစာအုပ် ဘယ်သူရေးတယ်ဆိုတာ မသိပါ။
(16) The law will punish whoever is guilty.
အပြစ်ရှိသူကို ဥပဒေက အပြစ်ပေးလိမ့်မယ်။

Clauses သုံးမျိုးရှိကြောင်း တွေ့ရပေသည်။
၎င်းတို့မှာ-

(1) Adverb ၏ အလုပ်ကိုလုပ်သော Adverb Clause
(2) Adjective ၏ အလုပ်ကိုလုပ်သော Adjective Clause
(3) Noun ၏ အလုပ်ကိုလုပ်သော Noun Clause

အောက်ပါဝါကျများမှ Clauses များကို လေ့လာပါ။

(1) I knew *where I could find him.*
သူ့ကို ဘယ်မှာရှာတွေ့မယ်ဆိုတာ ကျွန်တော်သိတယ်။
(2) I went to the place *where I could find him.*
သူ့ကို တွေ့နိုင်မယ့်နေရာ ကျွန်တော်သွားသည်။
(3) I went *where I could find him.*
သူ့ကို တွေ့နိုင်မယ့်နေရာ ကျွန်တော်သွားသည်။

ဝါကျ (1) မှ Clause သည် နာမ် (Noun) ၏ အလုပ်ကိုလုပ်၍ knew ဟူသော Verb ၏ ကံ object ဖြစ်သည်။

ဝါကျ (2) မှ Clause သည် နာမဝိသေသန (Adjective) ၏ အလုပ် ကို လုပ်၍ place ဟူသော နာမ်ကို အထူးပြုသည်။

ဝါကျ (3) မှ Clause သည် ကြိယာဝိသေသန (Adverb) ၏ အလုပ် ကို လုပ်၍ went ဟူသော ကြိယာ (Verb) ကို အထူးပြုသည်။

ထို့ကြောင့် Clause တစ်ခုသည် ဝါကျတစ်ခုတွင် Noun Clause တခြားဝါကျတွင် Adjective Clause ဖြစ်နိုင်၍ တခြားဝါကျတစ်ခုတွင် Adverb Clause ဖြစ်နိုင်သည်။ ထို့ကြောင့် Clause တစ်ခုသည် မည်ကဲ့သို့သော Clause ဖြစ်ကြောင်းကို သိရှိနိုင်ရန် ဝါကျကို သေချာစွာ စိစစ်လေ့လာရန် လိုအပ်ပေသည်။

**လေ့ကျင့်ခန်း (၅၇)**

အောက်ပါဝါကျများမှ Clauses များကို ရွေးချယ်၍ မည်သို့သော Clause ဖြစ်သည်ကို ဖော်ပြပြီး မည်သည့်ပုဒ်နှင့် ဆက်သွယ်နေသည်ကို ဖော်ပြပါ။

(1) Come when you like.
*ခင်ဗျား ကြိုက်တဲ့အချိန်လာ။*

(2) I know the man who is here.
ဒီလူက ဘယ်သူဆိုတာ ကျွန်တော်သိသည်။

(3) He says that he met your brother.
သူ ခင်ဗျားညီနဲ့ တွေ့ခဲ့တယ်လို့ ပြောတယ်။

(4) The hand that rocks cradle rules the world.
ပုခက်လွှဲသောလက် ကမ္ဘာကို အုပ်စိုးနိုင်သည်။

(5) Before I die I intend to see Venice.
ကျွန်တော် မသေခင် ဗင်းနစ်မြို့ကြီးကို တွေ့ချင်တယ်။

(6) Let us rejoice as we go forward.
တို့ ရှေ့ကိုရောက်သဖြင့် ပျော်ရွှင်ကြစို့။

(7) I was reading a book which I had read before.
ဖတ်ပြီးသား စာအုပ်တစ်အုပ် ကျွန်တော် ပြန်ဖတ်နေတယ်။

(8) Perhaps he think that I am a fool.
ကျွန်တော့်ကို အရူးတစ်ယောက်လို သူထင်ကောင်းထင်တယ်။

(9) As I drew near I saw a very curious sight.
ကျွန်တော် ပို၍ နီးသွားသောအခါ အလွန် သိချင်စရာကောင်းသော မြင်ကွင်းကို တွေ့သည်။

(10) Where are the friends whom I knew?
ငါသိတဲ့ အပေါင်းအသင်းတွေ ဘယ်မှာလဲကွယ်။

(11) Can a man live whose soul is dead?
ဝိညာဉ်မဲ့နေတဲ့ လူတစ်ယောက် အသက်ရှင်နိုင်မလား။

(12) I think that he will die.
သူ သေတော့မယ်လို့ ကျွန်တော် ထင်တယ်။

(13) I want to find the man who did this.
ဒါလုပ်တဲ့လူကို ကျွန်တော် ရှာချင်တယ်။

(14) He made a vow that he would fast for a week.
ဥပုသ် တစ်ပတ်စောင့်မည်ဟု သူ ကတိပြုသည်။

(15) Have you heard that Aung Zin won the prize.
အောင်ဇင် ဆုရတယ်ဆိုတာ မင်း ကြားလား။

(16) It was not the vizier whom the king suspected.
ဘုရင်ကြီး သံသယရှိနေတဲ့ မြို့စားကြီးဟာ သူပေါ့။

(17) He admitted that he wrote the letter.
စာရေးတာ သူပါလို့ သူ ဝန်ခံတယ်။

(18) That he will do it, I have no doubt.
သူ အဲဒါကို လုပ်လိမ့်မယ်ဆိုတာ ကျွန်တော် သံသယမရှိပါ။

(19) I know the place which you mention.
မင်း ဘယ်နေရာကို ရည်ညွှန်းတယ်ဆိုတာ ငါသိပါတယ်။

(20) That such a thing could happen, I do not believe.
ထိုကဲ့သို့ ကိစ္စဖြစ်လာနိုင်သည်ဟု ကျွန်တော် မယုံကြည်ပေ။

(21) When he heard this he returned very pale.
ဒီသတင်းကို ကြားလိုက်တော့ သူ ဖြူရော်ရော်ဖြစ်သွားတယ်။

(22) Have you seen the horse that he has bought?
သူ ဝယ်လာတဲ့မြင်း မင်း တွေ့ပြီးပလား။

(23) My father hopes that you will visit us.
ခင်ဗျား ကျွန်တော်တို့ထံသို့ လာလည်မယ်လို့ ဖေဖေ မျှော်လင့်တယ်။

(24) He behaved as a brave man should do.
သူရဲကောင်းတစ်ယောက်လို သူ ပြုကျင့်ခဲ့တယ်။

(25) I will wait until the next train comes.
နောက်ရထားလာမယ့်အထိ ကျွန်တော် စောင့်မယ်။

(26) The general feared that he would be surrounded.
သူ အဝိုင်းခံရမှာ ဗိုလ်ချုပ် ကြောက်ရွံ့နေတယ်။

(27) He ate when he was hungry.
သူဆာရင် သူစားတယ်။

(28) Since he has been in hospital he has greatly improved.
သူ ဆေးရုံတက်ကတည်းကစပြီး အတော်နေကောင်းလာတယ်။

(29) As I was going in my father came out.
ကျွန်တော်လည်း အထဲဝင်ရော အဖေထွက်လာတယ်။

(30) He spoke of a time when wars would cease.
စစ်ပွဲများ ပြီးဆုံးမယ့်အချိန်ကို သူပြောသည်၊
(31) They live where the climate is good.
ရာသီဥတု ကောင်းမွန်သောနေရာ၌ သူတို့နေသည်။
(32) I know a place where roses grow.
နှင်းဆီပန်းများ ပွင့်တဲ့နေရာ တစ်နေရာကို ကျွန်တော်သိသည်။
(33) They have gone to a land whither few travellers go.
ခရီးသွားများ ရောက်ခဲသောနေရာသို့ သူတို့သွားခဲ့သည်။
(34) The wind bloweth whither it listeth.
လေသည် တိုက်လိုရာတိုက်သည်။
(35) They return whence they had come.
သူတို့လာသောအရပ်သို့ သူတို့ ပြန်လှည့်သည်။
(36) The swallows will return to the country whence such brids migrate.
အချို့ငှက်များ ပြောင်းရွှေ့သွား၍ ပျံလွှားငှက်များ သူတို့နေရပ်သို့ ပြန်လိမ့်မည်။
(37) I refer to the year when the monsoon failed.
မုတ်သုံရာသီ မကျသောနှစ်ကို ကျွန်တော် ရည်ညွှန်းသည်။
(38) This is not the sort of place where you'll get rich in a hurry.
ခင်ဗျား မြန်မြန်နဲ့ ချမ်းသာမယ့်နေရာဟာ ဒီနေရာမဟုတ်ဘူး။
(39) You will always regret the day when you did this.
ဒီဟာကို လုပ်တဲ့နေ့ရက်ကို မင်း အမြဲသတိရနေမယ်။
(40) Another occupies the seat where once I sat.
ဟိုတုန်းက ငါထိုင်ခဲ့တဲ့နေရာကို တစ်ပါးသူ ထိုင်နေပါပကော။

**လေ့ကျင့်ခန်း (၅၈)**

အောက်ပါဝါကျများတွင် သင့်လျော်သော Clauseများဖြင့် အစားထိုး၍ မည်သည့် Clause ဖြစ်ကြောင်း ဖော်ပြပါ။

(1) He cannot find a place to sleep in.
အိပ်ရမည့်နေရာ တစ်နေရာ သူ ရှာ၍မတွေ့။

(2) The girl with long hair is my cousin.
ဆံပင်ရှည်နဲ့ ကောင်မလေးဟာ ကျွန်တော့်ညီမဝမ်းကွဲ။

(3) Have you heard the news.
သတင်းကြားပြီးပြီလား။

(4) In spite of his efforts he failed.
သူ ကြိုးစားခဲ့သော်လည်း ကျရှုံးခဲ့သည်။

(5) He walked slowly to avoid slipping.
ခြေမချော်စေရန် သူ ဖြည်းညင်းစွာ လျှောက်သည်။

(6) This is my home.
ဒါ ကျွန်တော့် အိမ်။

(7) He cried aloud for joy.
ပျော်လို့ သူ တအားငိုတယ်။

(8) He works hard for a living.
အသက်ရှင်ဖို့အတွက် သူ ပင်ပန်းကြီးစွာ အလုပ်လုပ်တယ်။

(9) I am surprised at your question.
ခင်ဗျားမေးခွန်းကို ကျွန်တော် များစွာ အံ့အားသင့်သည်။

(10) Being lame he has to use crutches.
မသန်စွမ်းသောကြောင့် ချိုင်းထောက်ကို သူ အသုံးပြုရသည်။

(11) The sun having set, the arony stopped to rest.
နေဝင်သောအခါ နားရန်အတွက် စစ်တပ်သည် ရပ်တန့်လိုက်သည်။

(12) I heard of his arrival.
သူရောက်ရှိကြောင်း ကျွန်တော် ကြားသိသည်။

(13) The duration of the war is uncertain.
စစ်အတွင်းကာလသည် စိတ်မချရသော ကာလများပင်။

(14) His remarks were not received with approval.
သူ၏ မှတ်ချက်သည် ခိုင်လုံမှုမရှိ။

(15) He declared his innocence.
သူ၏ ရိုးသားခြင်းကို သူဖော်ပြသည်။

(16) I am hopeful of his speedy recovery.
သူ လျင်မြန်စွာ ပြန်လည်ကျန်းမာလာစေရန် ကျွန်တော်မျှော်လင့်သည်။

(17) Did he explain the purpose of his coming?
သူ လာမယ့်ရည်ရွယ်ချက်ကို သူ ရှင်းပြလား။

(18) He ordered the traitor to be executed.
သစ္စာဖောက်အား ကွပ်မျက်ရန် သူ အမိန့်ပေးသည်။

(19) He remarked on the boy's impudence.
ကောင်လေး၏ ရိုင်းစိုင်းမှုကို သူ မှတ်ထားသည်။

(20) His silence proves his guilt.
သူ၏ ဆိတ်ဆိတ်နေခြင်းသည် သူ အပြစ်ရှိကြောင်း သက်သေခံနေသည်။

(21) I cannot tell you the date of my return.
ကျွန်တော် ပြန်လာမည့်ရက်ကို ကျွန်တော် ခင်ဗျားကို ပြောလိမ့်မည် မဟုတ်။

(22) His share in the plot was suspected.
သူ၏ အကြံအစည်သည် သံသယဖြစ်ဖွယ်။

(23) He speaks like a born-orator.
မွေးဖွားလာကတည်းက စကားပြောကောင်းသူကဲ့သို့ စကားပြောသည်။

(24) Under existing conditions railway travelling is expensive.
လက်ရှိအခြေအနေတွင် ရထားဖြင့် ခရီးသွားခြင်းသည် ဈေးကြီးလှ၏။

(25) He is not so foolish as to accept your offer.
ခင်ဗျားရဲ့ ကမ်းလှမ်းချက်ကို လက်ခံရအောင် သူ အရူးမှ မဟုတ်ဘဲ။

(26) In my old home we had many fruit trees.
ကျွန်တော်၏ အိမ်ဟောင်း၌ သစ်သီးပင် များစွာရှိသည်။

(27) I promise you a holiday on condition of your good behaviour.
ခင်ဗျား၏ ကောင်းမွန်သော အမူအကျင့်အပေါ် မူတည်၍ အားလပ်ရက်ပေးမည်ဟု ကျွန်တော် ကတိပြုသည်။

❖

# အခန်း (၃၂)
# SENTENCES: SIMPLE, COMPOUND, AND COMPLEX

အောက်ပါဝါကျများကို လေ့လာပါ။

(1) His courage won him honour.
သူ၏ ရဲစွမ်းသတ္တိသည် သူ့အား ဂုဏ်တက်စေ၏။

(2) The moon was bright and we could see our way.
လရောင်သည် တောက်ပနေသောကြောင့် ကျွန်တော်တို့ လမ်းတွေ့ရသည်။

(3) Night came on and rain fell heavily and we all got very wet.
ညနေပိုင်းရောက်သောအခါ မိုးသည်းထန်စွာ ရွာသောကြောင့် ကျွန်တော်တို့အားလုံး စိုကုန်သည်။

(4) They rested when evening came.
နေညိုချိန်ရောက်သောအခါ သူတို့ နားကြသည်။

(5) As the boxers advanced into the ring, the people said they would not allow them to fight.
လက်ဝှေ့ထိုးသူများ ကြိုးဝိုင်းအတွင်းသို့ ရောက်ရှိသောအခါ သူတို့ကို ထိုးသတ်ခွင့်ပြုမည် မဟုတ်ဟု လူအများက ပြောကြသည်။

ဝါကျ (1)တွင် ကတ္တား Subjectတစ်ခုနှင့် ဝါစက Predicate တစ်ခုသာ ပါဝင်သည်။ ထိုသို့သော ဝါကျကို ရိုးရိုးဝါကျ "Simple Sentence"ဟု ခေါ်သည်။

ရိုးရိုးဝါကျ "Simple Sentence"ဟူသည်မှာ ကတ္တား Subject တစ်ခုနှင့် ဝါစက Predicateတစ်ခုသာ ပါရှိသော ဝါကျဖြစ်သည်။

ဝါကျ (2)၌ The moon was brightနှင့် We could see our way ဟူသော ဝါကျနှစ်ပိုင်း ပါဝင်သည်။ အထက်ပါ ဝါကျနှစ်ပိုင်းကို "and"ဟူသော စကားဆက် Conjunctionနှင့် ဆက်ထားသည်။ ဝါကျ အစိတ်အပိုင်း ဝါကျကလေးဖြစ်သည်။ အစိတ်အပိုင်းတစ်ခုစီသည် ဝါကျ ကဏ္ဍ Clauseများ ဖြစ်သည်။

Clauseအသီးသီးသည် သီးသန့် အဓိပ္ပာယ်ရှိ၍ ပြည့်စုံသော ဝါကျ တစ်ခုအဖြစ် ရပ်တည်နေသည်။ Clauseအသီးသီးသည် တစ်ခုနှင့်တစ်ခု မမှီခိုဘဲ အဆင့်တူ လွတ်လပ်စွာ တည်ရှိနိုင်သောကြောင့် ယင်းတို့ကို Principal (or) Main Clauseဟု ခေါ်သည်။

Main Clauseများဖြင့် ဖွဲ့စည်းထားသော ဝါကျ (2) ကဲ့သို့သော ဝါကျမျိုးကို ပေါင်းစပ်ဝါကျ "Compound Sentence"ဟု ခေါ်သည်။

ဝါကျ (3)တွင် အဆင့်တူ Main Clauseသုံးခု ပါဝင်ဖွဲ့စည်းထားသည်။

(i) Night came on

(ii) Rain fell heavily

(iii) We all got very wet

**Compound Sentence - ဖွင့်ဆိုချက်**

Compound Sentence ဆိုသည်မှာ Main Clause နှစ်ခု သို့မဟုတ် ထို့ထက်ပါဝင်သော Main Clauseများ ပါဝင်ပေါင်းစပ်ထားသော ဝါကျကို ခေါ်သည်။

ဝါကျ (4)တွင်

(i) They rested

(ii) When evening came.

ဟူသော အစိတ်အပိုင်းနှစ်ခု ပါဝင်သည်။

အစိတ်အပိုင်းတစ်ခုစီ၌ ကတ္တား Subject နှင့် ဝါစက Predicate ပါဝင်၍ ဝါကျကြီးတစ်ခု၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။ အစိတ်အပိုင်းတစ်ခုစီသည် Clause ဖြစ်သည်။

'They rested' ဟူသော Clause သည် လွတ်လပ်စွာ တည်ရှိနိုင်၍ ယင်းသည် Main Clause ဖြစ်၏။ "When evening came" ဟူသော Clause သည် လွတ်လပ်စွာ မတည်ရှိနိုင်ဘဲ They rested ဟူသော Clause ကို အမှီပြု၍ တည်ရှိရသောကြောင့် ယင်းကို မှီခိုဝါကျ Dependent (or) Subordinate Clause ဟု ခေါ်သည်။ ဝါကျ (4) ကဲ့သို့သော ဝါကျမျိုးကို ရှုပ်ထွေးဝါကျ Complex Sentence ဟု ခေါ်သည်။

ဝါကျ (5) တွင် Clause သုံးခု ပါဝင်သည်။

(i) The people said. (Main Clause)

(ii) As the boxers advanced into the ring.
(Subordinate Adverb Clause)

(iii) They would not allow them to fight.
(Subordinate Noun Clause)

ဝါကျ (5) သည်လည်း Complex Sentence ဖြစ်သည်။

**ဖွင့်ဆိုချက်**

Complex Sentence ဆိုသည်မှာ Main Clause တစ်ခုနှင့်တစ်ခု (သို့မဟုတ်) တစ်ခုထက်ပိုသော Subordinate Clause များဖြင့် ဖွဲ့စည်းထားသော ဝါကျကို ခေါ်သည်။

အောက်ပါ Compound Sentences များကို လေ့လာ၍ လွတ်လပ်စွာ တည်ရှိနိုင်သော Main Clause အသီးသီးကို စကားဆက် Conjunction များဖြင့် ဆက်ထားပုံကို လေ့လာပါ။

(1) I shall do it now *or* I shall not do at all.
ကျွန်တော် အခုလုပ်မယ်၊ (ဒါမှမဟုတ်) ကျွန်တော် ခု မလုပ်ဘူး။

(2) He gave them no money *nor* did he help them in anyway.
သူသည် သူတို့ကို ပိုက်ဆံလည်းမပေး၊ ဘာအကူအညီမှလည်း မပေးပေ။

(3) He threw the stone *but* missed the train.
သူ ခဲလုံးနှင့် ရထားကိုပေါက်သော်လည်း မထိ။

(4) He *neither* obtains success *nor* deserves it.
သူသည် ကြိုးစားရယူမှုလည်း မပြု၊ ထိုက်လည်း မထိုက်တန်။

(5) He is *either* mad *or* he has become a criminal.
သူသည် အရူး (သို့မဟုတ်) ရာဇဝတ်မှုကျူးလွန်သူ ဖြစ်လာရမည်။

(6) I *both* thanked him *and* rewarded him.
ကျွန်တော် သူ့ကို ကျေးဇူးတင်ရုံမက ဆုပါချီးမြှင့်သည်။

**လေ့ကျင့်ခန်း (၅၉)**

အောက်ပါဝါကျများကို Compound Sentence သို့မဟုတ် Complex Sentenceဖြစ်သည်ကို ခွဲခြားပြပါ။ Compound Sentence ဖြစ်လျှင် Main Clauseနှစ်ခုကို ဖော်ပြ၍ ယင်းတို့နှစ်ခုကို ဆက်သွယ်သော စကား ဆက် Conjunction ကို ဖော်ပြပါ။ Complex Sentence ဖြစ်လျှင် Main Clauseနှင့် Subordinate Clausesများကို ဖော်ပြပါ။

(1) The horse reared and the rider was thrown.
မြင်းပတ်တပ်ရပ်သဖြင့် မြင်းစီးသူ လွင့်စင်သွားသည်။

(2) Walk quickly, else you will not over take him.
မြန်မြန်လျှောက်မှ ဒါမှမဟုတ်လျှင် မင်း သူ့ကို မီမှာမဟုတ်ဘူး။

(3) The town in which I live is very large.
ကျွန်တော် နေတဲ့မြို့ အလွန်ကြီးသည်။

(4) I called him, but he gave me no answer.
သူ့ကိုခေါ်သော်လည်း သူ တစ်ခွန်းမှ ပြန်မထူး။

(5) I agree your proposals, for I think them reasonable.
ခင်ဗျားရဲ့ အကြံပေးချက်အားလုံးဟာ ခိုင်လုံမှုရှိတဲ့အတွက် ကျွန်တော် လက်ခံတယ်။

(6) I went because I was invited.
ဖိတ်ကြားခြင်းခံရလို့ ကျွန်တော် သွားခဲ့တယ်။

(7) Either he is drowned or some passing ship has saved him.
သူ ရေနစ်လျှင် ရေနစ်မယ်၊ ဒါမှမဟုတ်လျှင် ဖြတ်သွားတဲ့ သင်္ဘော

တစ်စင်းက ကယ်မယ်။

(8) I returned home because I was tired.
မောလို့ ကျွန်တော် အိမ်ပြန်လာတယ်။

(9) They always talks who never think.
အစဉ်းအစားမရှိသူတွေဟာ အမြဲတမ်း စကားပြောနေတယ်။

(10) He came oftener than we expected.
ကျွန်တော်တို့ မျှော်လင့်တာထက် သူ မကြာခဏလာတယ်။

(11) He blushes: therefore he is guilty.
သူ မျက်နှာနီလာသည်။ ဒါကြောင့် သူ အပြစ်ရှိသည်။

(12) A guest in unwelcome when he stays too long.
ကြာရှည်စွာနေသော ဧည့်သည်ကို မည်သူမျှ မကြည်ဖြူ။

(13) Whatever you do, do well.
ဘာပဲလုပ်လုပ် ကောင်းအောင်လုပ်။

(14) We must have done his duty, for he is a conscientious man.
သူသည် ဖြောင့်မှန်သောသူ ဖြစ်သည့်အတွက် သူ့အလုပ်ကို ကျွန်တော်တို့ လုပ်ရမည်။

(15) He rushed into the field, and foremost fighting fell.
သူသည် ကွင်းထဲသို့ ပြေးဝင်သွားပြီး တိုက်ခိုက်ရင်း ကျဆုံးသွားသည်။

(16) Man proposes, but God disposes.
လူကြံသော်လည်း ဘုရားစီမံရာ။

(17) Where ignorance is bliss, it's folly to be wise.
မသိနားမလည်ခြင်းကို ဂုဏ်တင်နေသောနေရာတွင် ပညာရှိခြင်းသည် လူမိုက်လို ဖြစ်ရ၏။

(18) Listen carefully and take notes.
သေချာစွာ နားထောင်ပြီးမှ မှတ်စုရေးပါ။

(19) The heavens declare the glory of God, and the firmament showeth his handiwork.

ကောင်းကင်ဘုံသည် ဘုရား၏ တန်ခိုးတော်ကို ကြေညာလိုက်ပြီး ကောင်းကင်သည် ဘုရား၏ လက်စွမ်းကို ပြခြင်းပင်။

(20) He tried hard, but he did not succeed.
သူ ကြိုးစားသော်လည်း မအောင်မြင်။

(21) She must weep or she will die.
သူမ ငိုကြွေးရမည်၊ သို့မဟုတ် သေရမည်။

(22) They serve God well who serve his creature.
သတ္တဝါတို့ အကျိုးဆောင်သူသည် ဘုရားအကျိုးဆောင်သူပင် ဖြစ်သည်။

(23) Man is guided by reason, and beasts by instinct.
လူသားသည် အကြောင်းတရားဖြင့် လမ်းညွှန်ခြင်းခံရ၍ တိရစ္ဆာန်သည် ပကတိဉာဏ်ဖြင့် လမ်းညွှန်ခြင်းခံရသည်။

(24) Quarrels would not last long if the fault were only on one side.
အမှားသည် တစ်ဖက်တည်းတွင် ရှိနေလျှင် ခိုက်ရန်ဖြစ်ပွားမှုသည် မကြာရှည်။

(25) God made the country and man made the town.
ဘုရားသခင်သည် နိုင်ငံကို ဖန်ဆင်း၍ လူသားသည် မြို့ရွာကို တည်ထောင်သည်။

(26) He trudged on, though he was very tired.
သူ အလွန်မောပန်းသော်လည်း လေးထန်စွာ ဆက်လျှောက်ဆဲပင်။

(27) There was one philosopher who chose to live in a tub.
စည်ပိုင်းပြွတ်တွင် နေထိုင်ရန် ရွေးချယ်ခဲ့သော အတွေးအခေါ်ရှင် တစ်ယောက် ရှိခဲ့ဖူးသည်။

(28) The Commons passed the bill, but the Lords threw it out.
အောက်လွှတ်တော်က ဥပဒေကြမ်းကို ဆုံးဖြတ်သော်လည်း အထက်လွှတ်တော်က ပယ်ချသည်။

(29) Tell me the news as you have heard.
မင်း ကြားခဲ့တဲ့သတင်း ငါ့ကိုပြောစမ်းပါ။

(30) He that has most time has none to lose.
အချိန်အများဆုံးရသူမှာ အချိန်ဖြုန်းစရာမရှိ။

(31) Your arguments are weighty; still they do not convince me.
သင်၏ အကြောင်းပြချက်တို့သည် လေးနက်သော်လည်း ယင်းတို့သည် ကျွန်တော့်အား သဘောမကျစေပါ။

(32) Everything comes, if a man will only work and wait.
အလုပ်လုပ်၍သာ စောင့်နေလျှင် အရာရာတိုင်း ရောက်လာလိမ့်မည်။

❖

# အခန်း (၃၃)

## ကြိယာ "-ING" ၏ အခြားအသုံးအနှုန်းများ

(1) FOR . . . . . ING

This axe is for chopping wood.

ဤပုဆိန်သည် ထင်းခွဲရန်အတွက် ဖြစ်သည်။

A typewriter is for typing letters.

လက်နှိပ်စက်သည် စာများ ရိုက်နှိပ်ရန်အတွက် ဖြစ်သည်။

A ruler is for ruling straight lines and for measuring.

ပေတံသည် မျဉ်းဖြောင့်များ ဆွဲရန်နှင့် တိုင်းတာရန်အတွက် ဖြစ်သည်။

(2) Excuse me FOR . . . . . ING

Excuse me for interrupting.

ကြားက စကားဖြတ်ပြီး ပြောရတာကို ခွင့်လွှတ်ပါ။

Excuse me for asking, but would you mind telling me the way to the station?

မေးရတဲ့အတွက် ခွင့်လွှတ်စေချင်ပါတယ်။ ကျွန်တော့်ကို ဘူတာရုံသွားတဲ့ လမ်းလေး တစ်ဆိတ် ပြောပြပါလား။

Pardon me for bothering you.

ခင်ဗျားကို ဒုက္ခပေးသလိုဖြစ်ရတာကို ခွင့်လွှတ်စေချင်ပါတယ်။

(3) How much do they charge FOR . . . . . ING?

How much do they charge for repairing a clock?

နာရီပြင်ခ သူတို့ ဘယ်လောက်ယူသလဲ။

How much does she charge for making a dress?

အင်္ကျီချုပ်ခ သူ ဘယ်လောက်ယူသလဲ။

(4) WITHOUT . . . . . ING

Don't use it without sharpening the pencil.

ခဲတံကို မချွန်ဘဲနဲ့ မသုံးပါနဲ့။

It's raining. Don't go out without taking your umbrella.

မိုးရွာနေတယ်။ ထီးမယူဘဲ အပြင်မသွားနဲ့။

(5) INSTEAD OF . . . . . ING

They stayed at home instead of going to the cinema.

ရုပ်ရှင်ရုံသွားမယ့်အစား သူတို့ အိမ်မှာပဲ နေကြတယ်။

Instead of learning the lessons they read comics.

စာကျက်ရမယ့်အစား သူတို့ ကာတွန်းစာအုပ်တွေ ဖတ်နေကြတယ်။

(6) BEFORE / AFTER . . . . . ING

Shake this medicine before taking it.

ဒီဆေးရည်ကို မသောက်ခင် လှုပ်ပါ။

He washed his hands before eating.

မစားမီ သူ လက်ဆေးသည်။

After having their dinner, they went for a walk.

ညစာ စားပြီးနောက် သူတို့ လမ်းလျှောက်ထွက်ကြသည်။

(7) ON . . . . . ING

On entering the room, he took his hat off.

အခန်းထဲ ဝင်လာတဲ့အခါ သူ ဦးထုပ်ကို ချွတ်လိုက်တယ်။

On passing his examinations he received a promotion.

သူ စာမေးပွဲအောင်တာကြောင့် ရာထူးတိုးသွားတယ်။

(8) FROM . . . . . ING
They stopped him from opening the door.
သူ တံခါးဖွင့်နေတာကို သူတို့က တားဆီးလိုက်ကြတယ်။
The rain prevented them from finishing the game.
ကစားပွဲ ပြီးမလို့လုပ်တုန်း မိုးရွာချလိုက်တယ်။

(9) BESIDES / IN ADDITION TO / AS WELL AS . . . . . ING
Besides mending the radio, he mended the televison set.
In additon to mending the radio, he mended the television set.
As well as mending the radio, he mended the television set.
သူ ရေဒီယိုပြင်တဲ့အပြင် ရုပ်မြင်သံကြားကိုပါ ပြင်လိုက်သေးတယ်။
(အထက်ဖော်ပြပါ စာကြောင်းအားလုံး အဓိပ္ပာယ်အတူတူ)

(10) IN FAVOUR OF / AGAINST . . . . . ING
I'm in favour of going for a swim.
ကျွန်တော်တော့ ရေကူးသွားရတာကို ကြိုက်တယ်။
I'm against going for a swim.
ကျွန်တော်တော့ ရေကူးသွားရတာကို မကြိုက်ဘူး။

(11) FOND OF / INTERESTED IN . . . . . ING
I'm fond of listening the pop music.
ကျွန်တော်က ခေတ်ပေါ်ဂီတ နားထောင်ရတာကို နှစ်သက်တယ်။
I'm interested in cooking.
ကျွန်မက ချက်ရပြုတ်ရတာကို စိတ်ဝင်စားတယ်။

(12) HOW ABOUT / WHAT ABOUT . . . . . ING
အကြံပေးလိုသည့်အခါ၊ တောင်းခံ ပန်ကြားသည့်အခါများတွင် ဤပုံစံကို အသုံးများသည်။
How about going swimming this afternoon?
ဒီနေ့လယ် ရေကူးသွားကြရင် ကောင်းမလားမသိဘူး။

What about lending me this book?
ဒီစာအုပ်လေး ကျွန်တော့်ကို ငှားနိုင်မလား။
How about coming to the cinema with me?
ကျွန်တော်နဲ့အတူ ရုပ်ရှင်ရုံ လိုက်ခဲ့ပါလား။

(13) WHILE / WHEN . . . . . ING

While looking out the window, I saw him.
ပြတင်းပေါက်က မျှော်ကြည့်တုန်း သူ့ကို ကျွန်တော်တွေ့တယ်။
When talking to him, you must talk loudly.
သူနဲ့ စကားပြောတဲ့အခါ ကျယ်ကျယ်ပြောရမယ်။
While buying books, she met Ko Ko.
စာအုပ်ဝယ်နေတုန်းမှာ သူ ကိုကိုနဲ့ တွေ့တယ်။

## လေ့ကျင့်ခန်း (၆၀)

အောက်ပါဝါကျများကို ဆီလျော်အောင် ဖြည့်စွက်ပါ။

